www.burmeseclassic.com

စေတနာစာပေ

# မယ်မင်းဘုံ



အကြီးတွေလုဖြိရိုရင်

www.burmeseclassic.com

www.burmeseclassic.com



## မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ


၁။ အချစ်ဇရီယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (အောင်သီရိဗီဒီယို)
၂။ ချစ်ရင် ... နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယို)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယို)
၄။ ချစ်သူလိမ်းဖို့ဒေးကရင်မ် (အောင်သီရိဗီဒီယို)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဗီဒီယို)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ (အောင်သီရိဗီဒီယို)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗီဒီယို)
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် (အောင်သီရိဗီဒီယို)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗီဒီယို)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယို)
၁၁။ အနှမ်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယို)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ (အောင်သီရိဗီဒီယို)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း(အောင်သီရိဗီဒီယို)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေပဲစိမ်းတိုက်လေသည် (အောင်သီရိဗီဒီယို)
၁၆။ ဘာညာသာရကာ (အောင်သီရိဗီဒီယို)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယို)
၁၈။ အနှမ်း Equation (အောင်သီရိဗီဒီယို)
၁၉။ တဆိတ်လောက်ခင်ဗျာ ချစ်သူကို ... ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဗီဒီယို)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗီဒီယို)
၂၁။ ဖိုးလေးရည်းစားမြို့ကြီးသား (အောင်သီရိဗီဒီယို)
၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိဗီဒီယို)
၂၃။ နှလုံးသား Hacker (အောင်သီရိဗီဒီယို)
၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဗီဒီယို)
၂၅။ သူ့စိတ်နာတဲ့ကြားဖြတ်အစီအစဉ် (အောင်သီရိဗီဒီယို)
၂၆။ 4 In 1 (အောင်သီရိဗီဒီယို)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗီဒီယို)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဗီဒီယို)
၂၉။ နေမထိအလွမ်း (အောင်သီရိဗီဒီယို)
၃၀။ မိုးလုံလေလုံအိမ်ထောင်ပြုသည် (အောင်သီရိဗီဒီယို)
၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဗီဒီယို)
၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗီဒီယို)
၃၃။ သံယောဇဉ်မျက်နှာစောင်းထိုး (အောင်သီရိဗီဒီယို)
၃၄။ မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည် (အောင်သီရိဗီဒီယို)
၃၅။ ဆေးကျောင်းသားနှင့်အိကိုကွင်း (အောင်သီရိဗီဒီယို)
၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိဗီဒီယို)
၃၇။ ချေလို့နေလို့ ချစ်လေသည် (အောင်သီရိဗီဒီယို)
၃၈။ သဝန်တို မင်္ဂလာကကြိုး (အောင်သီရိဗီဒီယို)
၃၉။ သကြားဖျန်းတဲ့သကြိန် (အောင်သီရိဗီဒီယို)
၄၀။ လုံးကြီးတင်ဆန်ခတ် အမျိုးသား(အောင်သီရိဗီဒီယို)
၄၁။ တောက်ပစ္စာမုန်းမည် (အောင်သီရိဗီဒီယို)
၄၂။ ကျွန်တော်မုန်းနေသောအမျိုးသမီး(စိန်ငွေဗီဒီယို)

**အခုလ**

၄၃။ အကြီးတော လပြီဆိုရင်

www.burmeseclassic.com

မယ်မင်းဘုံ
အကြီးတွေလုပ်ပြီဆိုရင်
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

မယ်မင်းဘုံ ၈၉၅.၈၃
အကြီးတွေလုပ်ပြီဆိုရင် မယ်မင်းဘုံ၊ (ရန်ကုန်)
စေတနာစာပေ။ ၂၀၁၆
၂၈၈–စာ၊ ၅ x ၇ လက်မ။
(၁) အကြီးတွေ လုပ်ပြီဆိုရင်





အချစ်ဆိုတဲ့
စကားလုံးအတွက်
ယောကျ်ားနဲ့မိန်းမ
ပတ်သက်ရတယ်ဆိုရင်
ယောကျ်ားလေးကလည်း
ဘုရင် မဖြစ်ရသလို
မိန်းကလေးကလည်း
ဘုရင်မ မဖြစ်ချင်နဲ့။
အချစ်နန်းစံသက်
တာရှည်လိမ့်မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်–၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"



## အပွင့်

မိန်းမတစ်ယောက်ရဲ့ ပျော်ရွှင်မှုဆိုတာ သူ့မိသားစု ပါဝင်နေတဲ့ အိမ်တွင်းရေးအခြေအနေနဲ့ အများကြီး သက်ဆိုင် တယ်ဆိုတဲ့ စကားက သိပ်ကိုမှန်ကန်ပါတယ်။ အထူးသဖြင့် အိမ်ထောင်တစ်ခုရဲ့ ပုံကိုင်ရှင် အိမ်ရှင့်တွေ အတွက်ပေါ့။

ကျွန်မဘဝရဲ့ ပျော်ရွှင်မှုဆိုတာ ကျွန်မ သိပ်ချစ် တဲ့ ကိုကိုရယ်၊ သိပ်ချစ်ရတဲ့ သမီးရယ်၊ သူကို့နှစ်ယောက်မျက်နှာ ကြည်သာနေခြင်းပါပဲ။ ဘာမဆို သူတို့ဆန္ဒက အရင်ဆုံး ဖြစ် ရမယ်။ ကျွန်မကတော့ ဖြည့်ဆည်းပေးသူ။ ဒီလောက်ဆိုရင် ဲ ဘဝဆိုတာ သာယာနေပြီ။

တကယ်တော့လေ………



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဆိုတာ ပါရမီဖြည့်သူ
မိခင်ဆိုတာ ဖြည့်ဆည်းသူ။
အချုပ်ဆိုလိုက်တော့
မိန်းမဆိုတာ ပေးဆပ်တတ်သူ။

✤ ✤ ✤





(၁)

မနက်ခင်းချိန်ခါ တေးသံသာတွေ လာနေတဲ့ FM လိုင်းတွေနှင့် အပြိုင် "တင်တင်ခန့်"တို့ရဲ့ လုပ်ငန်းဆောင်တာတွေ ဆိုသည်မှာလည်း FM စချိန်မှစ၍ FM အစီအစဉ်တွေ အားလုံး ပြီးဆုံးသွားချိန်ထိ (တစ်ခါတလေ ကိုယ်ကတောင် သူတို့ထက် နောက်ကျသေး) တာဝန်ဝတ္တရားတစ်ခုလို duty is duty ထမ်းဆောင်နေတာပဲ ဖြစ်သည်။

တင်တင်ခန့်က အေပရွန်တစ်ခု ပတ်ကာ မီးဖိုခန်းထဲ ကြော်လှော်ချက်ပြုတ်ရင်း ကောင်မလေး တွေကိုလည်း လှမ်းငေါက်ရသေးသည်။

"ဟဲ့… နုနုရေ… ကော်ဖီအိုးက နင့်မမလေး လာမှ ချပေးနော်၊ သူက ချေးကများပါဘိနဲ့၊ ပေါင်မုန့်ကင်ထားပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



လား၊ မရှောနီးစ်ဘူးပါ အဆင်သင့် ထုတ်ထားပေါ့၊ နင်တို့ ဆရာကြီးက…”

“မောနင်း မိန်းမရေ…”

“မာမီ… မောနင်း”

မီးဖိုခန်းထဲ ပြောရဆိုရတာတောင် မဆုံးသေးခင် ခင်ပွန်းသည်နှင့် သမီးဖြစ်သူက သွက်လက်စွာသော နှုတ်ဆက်သံတွေဖြင့် ဆင်းလာကြကာ စားပွဲဝိုင်းတွင် နေရာယူပြီး ဖြစ်ကြသည်။

“မာမီ… မိုက်ဆာပြီဗျို့”

“လာပါပြီရှင်… လာပါပြီ၊ ဒီမှာ ဒီနေ့အတွက် Today Spcial ကြက်ပေါင်းဆီချက်၊ စားကြ”

တင်တင်ခန့်က ဆီချက်ထည့်ထားတဲ့ ဇန်းကိုယူလာရင်း စားပွဲပေါ် တင်ပေးလိုက်လျှင် သမီးလေးက ပျော်ရွှင်စွာဖြင့် သူမ ခါးကိုဖက်၍ လက်မောင်းကို ခေါင်းမှီကာ ပျော်ရွှင်စွာ ဆိုလေ၏။

“Thank you mom… You'r so sweet”

“တို့အမေကြီး လက်ရာကတော့ ရှယ်ပဲဟေ့”





ခင်ပွန်းဖြစ်သူ ဦးမဟာကျော်က ဆီချက်ကို နှစ်သက်စွာစားရင်း ချီးကျူးလေ၏။ သမီးနှင့် ခင်ပွန်းဖြစ်သူက ပျော်ရွှင်နှစ်ခြိုက်စွာ ဆီချက်စားနေကြရင်ပဲ တင်တင်ခန့်က ကိုယ့် breakfast ကို မစားနိုင်သေးစွာ ချီးကျူးလေသော ပီတိတို့ဖြင့် မိုတ်ဝချင်သေးတာကြောင့် သမီးနှင့် ခင်ပွန်းကို အပြုံးဖြင့် ငေးကြည့်နေမိသည်။

ဟင့်… ဖီးလ်ငုတ်လိုက်တာ။

ကောင်းလိုက်တာ တစ်ခွန်းပြောပြီးသော ကြက်ပေါင်းဆီချက်ဟာ ဆိုရင်ဖြင့် နှစ်လုတ်လောက်သာ ပါးစပ်ထဲထည့်၍ သမီးဖြစ်သူက သူ့ရဲ့ကင်မရာတစ်လုံးနှင့် Zoom In Zoom Out ချိန်နေရင်း ဆီချက်ဆီသို့ အာရုံက ရောက်မနေ။ ပြီးကျ ချစ်လှစွာသော ခင်ပွန်းကလည်း သူ့ရဲ့အသစ်စက်စက် ဝယ်ထားတဲ့ IPad Pro ပေါ်က စတော့ဈေးကွက် အသစ်တွေကို အာရုံရောက်နေကာ ပွတ်နေရင်း သူ့ကြက်ပေါင်းဆီချက် ပန်းကန်ပေါ်က တူကို ကိုင်ဖို့ မေ့လျော့နေလေသည်။

အလုပ်ကသာ အရေးကြီးလေသော နံပါတ်တစ်ဦးစားပေး ဖြစ်သွားကြပြီလား။ ကြားဖူးခဲ့တာ တစ်ခုက ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ အစာအိမ်ကို ထိန်းချုပ်ထားနိုင်သရွေ့ အချစ်ဆိုတာလျော့မသွားဘူးတဲ့။ ဒါတွေဟာ အခုများတော့လည်း စကားလုံးတွေပဲ ဖြစ်သွားပြီလား။ တင်တင်က ကြည့်နေတယ် မပြောသေးဘူး အနေအထားကနေ ပြောမှဖြစ်တော့မှာမို့ စားပွဲခုံကို လက်နှင့်ထုလိုက်ရင်း မေးခွန်းထုတ်ရတော့သည်။

"ဒီမှာ... ဒီမှာ... ဘရိတ်ဖတ်စ် စားချိန်လေးမှာတောင် အဲဒီအလုပ်တွေက သိပ်ပြီး အရေးပါနေကြတာလား... ဟင်း"

"မဟုတ်ပါဘူး တင်တင်ရယ်၊ အစည်းအဝေးအတွက် ပြောဖို့ စတော့ဈေးတွေ ဖတ်တဲ့ဆီ အာရုံရောက်သွားလို့ပါကွာ"

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ မိသားစု စုံစုံလင်လင်ရှိတဲ့ အချိန်လေးမှာတော့ လေထဲက ကိစ္စတွေ ဖျောက်ထားသင့်တာပေါ့၊ မနက်စာကို အာရုံမစိုက်ဘဲ ပွတ်နေတာ တစ်ဖက်လူကို စိတ်ခံစားချက် ဖြစ်စေတယ်လေ"

"ဆောရီးပါ မာမီရယ်၊ ဒီနေ့က ရိုက်ကူးရေး ရှိနေလို့ အလုပ်ဘက်ကို အာရုံရောက်သွားတာပါ"





"ဟင်း... အဖေကော သမီးကော ထွက်လာတဲ့ reason ကတော့ တစ်လေသံတည်းပဲ၊ အလုပ်... အလုပ်... အလုပ်... တစ်နေ့ တစ်နေ့ ပြင်ပက အလုပ်ကပဲ အရေးကြီးတယ်၊ အိမ်ထဲမှာနေပြီး အိမ်အလုပ်တွေ ဖယ်ဆက် အလုပ်လုပ်နေတဲ့ မာမီက အရေးမကြီးတော့ဘူးပေါ့၊ ဟုတ်သလား"

"အထင်မမှားပါနဲ့ ချစ်မာမီရယ်၊ မာမီ အရေးပါမှုကိုသိပြီးသား၊ အင်း... ကြည့်ပါဦး၊ ဆီချက်လေးက အရသာကိုရှိပြီး ကောင်းလိုက်တာ၊ ဒယ်ဒီ... carry on"

သမီးက သူ့ဆီချက်ကို အားပါးတရ စားပြရင်း သူ့ဒယ်ဒီဘက် စစ်ကူထပ်တောင်းလေသည်။

"စိတ်မဆိုးပါနဲ့ မိန်းမရယ်၊ မင်းရဲ့အရေးပါမှုကို သိတာပေါ့၊ တင်တင် ရှိလို့ ကိုယ်တို့ဘဝမှာ အဆင်မပြေဘူးဆိုတာ ဘာမှမရှိခဲ့တာ၊ တလွဲမတွေးစမ်းပါနဲ့ကွာ"

တင်တင်က အဲဒီစကားအတွက် ပြန်လည် ပြေလည်သွားရကာ ကျေနပ်သွားရလေသည်။ မိသားစုစုံညီ စားသောက်ဝိုင်းလေးကတော့ တင်တင့်အတွက် ပင်ပန်းရသမျှ အမောပြေစရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာလေးပဲ ဖြစ်လေသည်။ အခုလိုမျိုး ဖွယ်ဖွယ်ရာရာ စားကြသောက်ကြဖြင့် Home Sweet Home ဆိုတဲ့ ကြည်နူးစရာ ပျော်ရွှင်မှုလေးတွေကို အချိန်တိုင်း ပိုင်ဆိုင်လုတာပဲ ဖြစ်သည်။

"အင်း... စားလို့ ကောင်းလိုက်တာ၊ မာမီ နောက်နေ့လည်း ကြက်ပေါင်းဆီချက်ပဲ လုပ်ပေးနော်၊ မာမီလည်း စားလေ"

"အေး... ဟုတ်သားပဲ၊ တင်တင်လည်း စားဦးလေ၊ သမီး... မာမ့ီကို ဂရုစိုက်စမ်း၊ အရေးကြီးတယ်နော်"

"ဟု... ဟု... ဒယ်ဒီ"

သမီးက နောက်ရွှတ်ရွှတ် ပြန်ဖြေလေလျှင် ရယ်စရာတစ်ခုလို ဖြစ်ရကာ အားလုံးသဘောတကျ ရယ်မိလေတော့သည်။ အဲဒီအပြောတွေနဲ့ပဲ ကြွေခဲ့ရလေတဲ့ ခင်ပွန်းသည် ဦးမဟာကျော်ကို တင်တင်က မျက်စောင်းတစ်ချက်ချိုရင်းက မကျေနပ်တာမှန်သမျှ ကြေပျက်ရတော့တာပဲ ဖြစ်သည်။ ခုနတုန်းကဖြင့် အလုပ်ကိုယ်စီဖြင့် အာရုံတစ်နေရာဆီ ရောက်နေကြသော သမီးနှင့် ခင်ပွန်းဟာ ခုကျတော့လည်း ခပ်သုတ်သုတ်နှင့် အားပါးတရကို စားကြလေသည်။ ပြီးရင်တော့ အလုပ်ကိုယ်ဆီသွားဖို့ရာအတွက် ဘရိတ်ဖတ်စ်ဝိုင်းမှ ထကြတော့တာ ဖြစ်သည်။





"မာမီ... သမီး သွားတော့မယ်၊ ဒီနေ့က ရိုက်ကူးရေးရှိလို့ နောက်ကျလို့ မဖြစ်ဘူး၊ ညနေမှ ဆုံမယ်၊ ဒယ်ဒီရေ... တာ့တာ"

"Ok... Baby ၊ ကားကို ဖြည်းဖြည်းမောင်းနော်"

ဦးမဟာကျော်က သမီးဖြစ်သူကို နှုတ်ဆက်ကာ သမီးထွက်သွားပြီး မရှေးမနှောင်းမှာပဲ အိတ်ဆွဲ၍ အလုပ်သွားဖို့ပြင်လေတော့သည်။

"ကဲ... မိန်းမရေ၊ ကိုယ်လည်း သွားတော့မယ်၊ ဒီနေ့တော့ ဒင်နာတစ်ပွဲ မျက်နှာလောက်တော့ သွားပြမှ ကောင်းမှာမလို့ နည်းနည်းတော့ ကိုယ်အိမ်ပြန်နောက်ကျမယ်နော်"

"အင်းပါ... သောက်တော့ မသောက်လာနဲ့နော်၊ စောနိုင်သမျှ စောပြန်လာ"

"အိုခေ... စောပြန်ခဲ့မယ်၊ သွားပြီဟေ့"

အရှေ့ကနေ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားလေသော ခင်ပွန်းသည်ဖြစ်သူကို စိတ်ထဲမှ တကယ်တော့ ကြိတ်နိုင် ခဲမရ ဖြစ်ရလေသည်။

"ကိုကို... မေ့နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဘာလဲ"

ကားပေါ်တက်ခါနီးမှ တင်တင့်ဆီမှ ထွက်လာတဲ့ စကားသံကြောင့် ဦးမဟာကျော်က မေးဆတ်ကာ ဘာလဲ မေးလျှင် အသည်းက ပိုပေါက်ရလေသည်။ အဲဒါပြောတာပေါ့။ ယောက်ျား တွေဟာ ကြာလေ မေ့လွယ်တဲ့နေရာမှာ နှစ်ယောက်မရှိလေလား မပြောတတ်ပေ။ အချိန်ကာလ နှစ်ပေါင်းများစွာတိုင်အောင် အပြင် အလုပ်သွားလေတိုင်း နှုတ်ဆက်အနမ်း ပေးနေကြ။ ဒါဟာ ရိုးရာ တစ်ခုလို ဖြစ်နေခဲ့ပြီ။ အခုများတော့ဖြင့် ရိုးရာတွေလည်း ပျောက် လို့ အဘိုးကြီးဟာ အရာရာ အကုန်မေ့ပျောက်လို့ နေခဲ့ပြီ။

"ဟော့… ဘာလဲ တင်တင်"

နောက်တစ်ကြိမ် မေးသံဟာ သူကပဲ တစ်ပြန်စီး၍ စိတ်မရှည်သံဟာ တင်တင့်ကို ပို၍တနုံ့နုံ့ ဖြစ်စေတာမို့ စိတ် ပေါက်ပေါက်နဲ့ပဲ အော်ပစ်လိုက်တော့သည်။

"ဘာမှ မဟုတ်ဘူး၊ ဘာများ ကျန်နေလဲ မေးမလို့"

"အမယ်လေး… ကျန်စရာလားကွာ၊ ငါက အရာရာကို စည်းနဲ့ စနစ်နဲ့အတိအကျ စီစဉ်တတ်တဲ့သူပါ။ ဘာမှမမေ့ ဘူး။ ကဲ… ကဲ… သွားပြီဟေ့"





လက်ပြကာ ကားပေါ်တက်၍ မောင်းထွက်သွား သော ယောက်ျားဖြစ်သူကို အိမ်တံခါးကနေ လက်ပိုက်ပြီးတော့ သာ ခြံထဲကနေ ကားထွက်သွားသည်အထိ လိုက်ငေးကြည့်မိလေ သည်။ အံ့ပါ့… ယောက်ျားရယ်။

လောကမှာ အိမ်ရှင်မတွေ ဆိုတာ အသက်ကြီးလာ သလေ အိမ်ရဲ့ညှော်နံ့က အလုချိတ်ခတ်ပုံတွေမှာပဲ အလှကျန် ခဲ့ပြီး တကယ့် လူအကောင်လိုက် စစ်စစ်ကြီးကတော့ ချောင်ထဲ ရောက်နေပြီဖြစ်သော ခေတ်ကာလထဲများ ရောက်နေပြီလား မပြောတတ်တော့ပေ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၂)

ဟိုးထာလောကမှ ဂျပန်က သူငယ်ချင်း ပို့ပေးလိုက်တဲ့ SPA Shower ဘူးကို အခုမှ ဖွင့်သုံးဖြစ်ကာ အနံ့ကလည်း ချယ်ရီပန်းအနံ့မို့ စိတ်ဟာ လန်းဆန်းတက်ကြွမှု ပိုရှိလာစေသလို ခံစားရလေသည်။ လေးဆယ့်ငါး စွန်းလာပြီဖြစ်လေသော ခန္ဓာကိုယ်ဟာ မျက်နှာပြင်ပိုင်းဆိုင်ရာ၊ ဘော်ဒီပိုင်းဆိုင်ရာမှာ ထိန်းထားပါတယ် ပြောလည်း အသက်က စကားပြောတတ်ချိန်ရောက်ပြီဖြစ်ရာ ဇရာက စပြလာပြီဖြစ်သည်။ တစ်ချိန်က သိပ်လှပါတယ်ဆိုသော ပါးချိုင့်တွေ တောက်ပမှုအတွက် လင်းနေအောင် ပြုံးခဲ့သော အပြုံးတွေဟာ အခုဆို အပြုံးတွေရယ် သိပ်ပြီး မ တင်းချင်တော့။ ပြုံးလိုက်တိုင်း မျက်လုံးထောင့်နားက တွန့်ရှုံ့လာတဲ့ အရေးအကြောင်းလေးတွေက သိသာလာပြီမို့ အပြုံးတွေဟာလည်း မှိန်တိမှိန်ချင် ဖြစ်လာပြီလေ။





တင်တင်က ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြန်ကြည့်ကာ ပြုံးလိုက်ပြီးမှ အိမ်ကကောင်မလေး သွေးထားပေးတဲ့ သနပ်ခါးကို နှစ်ခြိုက်မြတ်နိုးစွာ လိမ်းလိုက်သည်။ ရှင်မတောင်အလှက Estee lauder အလှလောက်ကတော့ သာသာယာယာလေးကို ယှဉ်နိုင်တယ်လေ။

တင်တင်ခန့် စိတ်တိုင်းကျ ပြင်ဆင်မှု လုပ်ပြီးတဲ့အခါမှာတော့ အောက်မှာ ညနေစာအတွက် စီစဉ်ဖို့ ဆင်းမယ် အလုပ်မှာ ပြက္ခဒိန်ကို မျက်လုံးက အကြည့်ရောက်သွားသည်။ အင် ... ဒီလ နှစ်ဆယ့်ငါးရက်နေ့မှာ ကိုကိုနဲ့ တင်တင်ရဲ့ မင်္ဂလာ သက်တမ်း နှစ်ဆယ့်ငါးနှစ် ပြည့်ပြီပဲ။

ကြည့်စမ်းပါဦး။ မမေ့ပျောက်ပျောက် ရှိလွယ်တတ်လိုက်တာ။

တင်တင်က နှစ်ဆယ့်ငါးနှစ်တိုင်အောင် ခိုင်မြဲနေခဲ့ပြီဖြစ်သော အိမ်ထောင်သက်အတွက် Anniversary တော့ တစ်ခုခုလုပ်သင့်တယ်လို့ တွေးမိသည်။

"ဒီကိစ္စကို ကိုကို့ကိုမေးပြီး ပွဲတစ်ခုခုလုပ်ဖို့ တိုင်ပင်တာ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



တင်တင်က ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးမှုများစွာဖြင့် ခပ်မြန်မြန်လေးပဲ ဖုန်းခေါ်လိုက်တော့သည်။ ဖုန်းဝင်သွားသော တူ... တူ... ဆိုသော အသံဟာ ဟိုးလွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ခိုးပြေးကြဖို့ ချိန်းဆိုသော အကြောင်းကိုပြောဖို့ ဖုန်းခေါ်သံနှင့် သွားတောင်တူနေသလို ခံစားရကာ စိတ်တွေထဲမယ် ကြည်နူးမိလာသည်။ နှစ်ဆယ့်ငါးနှစ်ဆိုသော ချစ်ခြင်းမေတ္တာ တရားတွေထဲမှာ အေးအတူ ပူအမျှ ဆိုသော စကားလုံးက ထိပ်ဆုံးပိုင်းက ပါဝင်ခဲ့ကာ အတူတူ ဖြတ်ကျော်ခဲ့တာတွေက နှလုံးသားကို ငယ်စိတ် ပြန်ဖြစ်ပေါ်စေပါသည်။

"ဟယ်လို... အေး... တင်တင် ပြော"

တစ်ဖက်က ဖုန်းဖြေသံဟာ စိတ်မရှည်သံနှင့် ပြန်ထူးလိုက်တာကြီးမှန်း သိသာနေသော်လည်း အဲဒါကို သတိမမူနိုင်စွာဖြင့် တင်တင်က ခပ်မြန်မြန်လေး ပြောလိုက်သည်။

"ကိုကိုရေ... ၂၅ ရက်နေ့ကျရင် တင်တင်တို့ နှစ်ဆယ့်ငါးနှစ်ပြည့် မင်္ဂလာနေ့နော်၊ ခြံထဲမှာ anniversary အတွက် ပါတီတစ်ခုလောက် လုပ်ရင်ကောင်းမယ် ထင်တယ်၊ စိမ်းတို့အမေရိက,က ပြန်ရောက်မှာက ၂၁ ဆိုတော့





အချိန်လည်း ကွက်တိပဲ၊ တင်တင်တို့ ပွဲလေးလုပ်လိုက်မယ်နော် ကိုကို"

"တင်တင်... တင်တင်..."

"ဪ... နောက် သမီးကိုလည်း အဲဒီရက်အားတယ်ဆိုရင် picnic ခရီးတစ်ခုခု စီစဉ်လိုက်ကြမယ်လေ။ မကောင်းဘူးလား"

"တင်တင်..."

တစ်ဖက်ကနေ ဆောင့်အော်လိုက်တဲ့ အသံကြောင့် တင်တင်က အမယ်လေးတောင် တ,ယူရကာ လန့်သွားရလေသည်။ ဘာလဲ... ဘာဖြစ်တာတုံး။

"တင်တင်... မင်းကွာ၊ ငါ့မှာ ဒီလောက် အလုပ်တွေ ရှုပ်ယှက်ခတ်ပြီး အလုပ်တွေ များနေတာ။ ဒီကိစ္စလောက်ကတော့ မင်းဘာသာ မင်းသဘောနဲ့ စီစဉ်ပေါ့ကွာ။ ငါ့ကို ဒီကိစ္စတွေ အိမ်ရောက်မှပြောပေါ့၊ မင်းကတော့ ပြဿနာပဲ၊ အလိုက်ကန်းဆိုးကို နားမလည်ဘူး၊ ဒီမှာ ငါ အလုပ်တွေ သိပ်ရှုပ်နေတယ်၊ ဒါပဲ"

အမယ်လေး...။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ...။

ဟောက်လိုက်တာ... ဟောက်လိုက်တာ...။

လေသံတွေဟာ အရင်နဲ့မတူ ခြားလို့နားစွာ တင်တင်ကပ် အရေးအရာ မရှိတဲ့ အကြောင်းအရာတွေကိုပဲ တကူးတက သွားပြောနေသလိုလိုဖြင့် တင်တင့်ကို ဟိန်းလိုက် ဟောက်လိုက်တာဟာ ကြောက်စရာများတောင် ကောင်းလှပေသည်။

ဒေါသတွေ ထက်လိုက်တာနော်။

နှစ်ဆယ့်ငါးနှစ်ပြည့် မင်္ဂလာသက်တမ်းဟာ ဒီလောက်လေး ဖုန်းစကားပြောချိန်လေး ချို့မြဖို့ရာတောင် အချိုမကျန်တော့ဘူးတဲ့လား။

ဪ.... ...။

✤ ✤ ✤





လေတတ်တစ်ချက် နှိပ်လိုက်တာနဲ့ လေးငါးချက်လောက် ဆက်တိုက်ဆွဲမိသွားအောင် mood တွေက ရနေကာ ပြောစရာ မလိုလေသော နာမည်ကြီး မော်လ်ဒယ်ရဲ့ပိုစ်တွေကို ဝတ်ဆံက တစ်ခုတောင် အလွတ်မခံနိုင်ကာ အမိအရ လိုက်ဖမ်းနိုင်ပေသည်။

"Nice Shot... OK ပုံတွေတော့ တော်တော်လေး ရနေပါပြီ၊ ထပ်ဆွဲချင်သေးလား"

"တော်ပါပြီ... ဒီတစ်စုံလဲပြီးရင် brake လုပ်လိုက်တော့မယ်လေ။ ဝတ်ဆံနဲ့ရိုက်ရတာ တကယ်စိတ်ချမ်းသာတယ်သိလား။ ဝတ်ဆံက စိတ်လည်းရှည်တယ်။ သူငယ်ချင်းတွေထဲမှာလည်း ရိုက်ဖို့ရှိကြတယ်။ ဝတ်ဆံနဲ့ပဲ ချိတ်ပေးဆိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … ကျေးဇူးပါပဲ။ ဝတ်ဆံကလည်း အခုမှ ကြိုးစား နေတုန်းလေ။ ဝင့်တို့လို နာမည်ကြီး ရှုပါမော်လ်ဒယ်က အခုလို comment ကောင်းကောင်းလေး ပေးတယ်ဆိုတော့ အများကြီး အားရှိသွားပြီ"

"အမယ်လေး … ပြောစရာ လူတွေလား၊ တကယ်ကောင်း လို့ ကောင်းတယ် ပြောတာပါ၊ ကဲ … ဝင့် နောက်တစ်စုံ သွားလဲလိုက်ဦးမယ်"

"အိုခေ"

မော်လ်ဒယ် ဝင့်ဝါက နောက်တစ်စုံလဲဖို့ရာအတွက် အဝတ်လဲခန်းထဲသို့ ဝင်သွားလေသည်။ ဝတ်ဆံက ကိုယ့်ဝါသနာ ပါရာ တစ်ခုလေးကို ဖောက်ချလုပ်နေတဲ့အတွက် စိတ်ထဲမှာ ပင် ပန်းတယ်ရယ် မောဝန်းနေတယ်လို့ မရှိဘဲ ပျော်ရွှင်တက်ကြွနေ တာ ဖြစ်သည်။

ဘဝမှာ ဘာမဆို ပြည့်စုံတယ်ဆိုသော ဘဝတွင် ဝတ်ဆံအတွက် လိုနေသေးတာဟာ အောင်မြင်မှုပဲ ဖြစ်သည်။ ကင်မရာတစ်လုံးလွယ်ကာ ဘောင်ခတ်ပြီး အလှအပတွေ မြင်နေ ရခြင်း ဖန်တီးနေရခြင်းကသာ ဘဝအတွက် ပြီးပြည့်စုံခြင်းမို့ professional ကင်မရာသမားအဖြစ် ခံယူနေထိုင်လေသည်။





"အမရေ … ရော့ သောက်တော်မူဟေ့"

ကြည်နူးနေတဲ့စိတ်မှာ မွှေးပျံ့နေတဲ့ mochonna ကော်ဖီရနံ့လေး ဝင်လာလေလျှင် ပျော်ရွှင်မှုက တဆုံးဖြစ်သွား တာ ကော်ဖီဖျော်လာပေးတဲ့ ချစ်ဆုံးကြီးဆီက ကော်ဖီခွက်ယူလိုက် ပြီး …

"Thank You… အဲဒီလိုတွေ အလိုက်သိနေလို့ သဲလေးကို ချစ်ရတာ"

"ဟင်း … ခိုင်းကောင်းအောင်။ ဪ … နင့်မားသားကြီး ဖုန်းခေါ်ထားတယ်၊ ရိုက်နေလို့ပြီးမှ ပြန်ဆက်ခိုင်းလိုက် မယ် ပြောထားတယ်"

"ဟုတ်လား … အေး … အေး၊ ပြီးမှပဲ ပြန်ဆက်လိုက် တော့မယ်၊ ဒီမှာက ရိုက်လက်စ တန်းလန်းကြီး ဖြစ်နေလို့"

"အေး … အေး …၊ ပြန်တော့ ဆက်လိုက်ဦးနော်၊ အန်တီ ကြည့်ရတာ ဒေါကန်နေပုံပဲ"

"ဟင် … ဟုတ်လား၊ အေး … အေး … ဟင်း … မားသား တော့ ဘာတွေအသည်းပေါက်နေပြန်ပြီလဲ မသိဘူး။ ပြီး တော့မှပဲ ဖုန်းဆက်တော့မယ်ဟေ့၊ မီးအဆင်သင့် on ထားမယ်။ ပြီးရင် ရိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မာမီတစ်ယောက်တော့ ဘာတွေ ဒေါသူပုန်ထပြန်ပြီလဲ မသိ။ ပြီးတော့မှပဲ ဖုန်းဆက်ပါတော့မယ်လေ။ ဝတ်ဆံကကိုယ်ဝါသနာပါရာ အာရုံထဲ နစ်နေတာမို့ အာရုံတစ်ခု ဝင်စားနေရင် တစ်ဖက်ကို မေ့လျော့တတ်တဲ့ ထုံးစံအတိုင်း အင်မတန်ပို့စ်ပေးကောင်းသော မင်းသမီးလေးရဲ့ အိုက်တင်တွေကို ဝေစ်ချက်မှ လွတ်မသွားအောင် လိုက်ဖမ်းရင်း တစ်ပုံပြီးတစ်ပုံ ဆက်ဆွဲနေမိကာ မာမီကိုလည်းမေ့၊ ကမ္ဘာလောကကြီးကိုလည်း မေ့နေကာ တစ်လောကလုံးက ဝရော်ဆံခန့် ခတ်ထားသော ဘောင်ထဲမှာသာ ရောက်နေလျက် လိုချင်သလောက် အလှတွေကို စိတ်ကြိုက် ပုံဖော်နေမိတော့လေသည်။

✤ ✤ ✤





(၃)

တစ်နေ့တာရဲ့ အဖွင့်ဟာ နံနက်ခင်း ဆိုရင် အိမ်ရှင်မတစ်ယောက်ရဲ့ အဖွင့်ဟာလည်း နံနက်ခင်း ဘရိတ်ဖတ်စ်ဝိုင်းကို ဖွယ်ရာစွာ ပြင်ဆင်ခြင်းဟာလည်း အိမ်ရှင်မတစ်ယောက်ရဲ့ စွမ်းဆောင်ရည်ပဲ ဖြစ်လေသည်။ တင်တင်က မုန့်ဟင်းခါးကို အခွမ်းကုန် လက်စွမ်းပြ ချက်ထားကာ နိုးလာရင် ခင်ပွန်းဖြစ်သူနှင့် သမီးဖြစ်သူ စားဖို့အတွက် ကိုယ်တိုင်ကို ပြင်ဆင်နေတာဖြစ်၏။

"မောနင်း မိန်းမရေ"

"မောနင်း ကိုကို၊ လာ… ဒီမှာ… တင်တင် ရှယ်မုန့်ဟင်းခါး ချက်ထားတယ်၊ စားကြည့်လိုက်တာနဲ့ လျှာကျွမ်းပြန်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်တင်က အဆင်သင့် ပြင်ဆင်ထားသော မုန့်ဖတ်တွေကို ဟင်းရည်ပူပူလေး ထည့်ပေးကာ အကြော်၊ အိုးဘဲဥ စုံစုံလင်လင် ပြင်ဆင်ပေးရင်း နှုတ်ဆက်လိုက်လျှင် ကိုကိုတစ်ယောက်ဟာ စားပွဲဝိုင်းကိုတောင် မထိုင်နိုင်ဘဲ အသည်းအသန် ခဲမှန်ပုံစံဖြင့် စာရွက်စာတမ်းတွေ ဖိုင်တစ်ထပ်ဖြင့် သူ့ဘာသာသူ ရှုပ်ထွေးနေရင်း...

"အာ... ဒီနေ့တော့ မစားတော့ဘူး မိန်းမရာ။ ဒီမှာကွာ... မနေ့က ငါ လုပ်ခိုင်းထားတဲ့ ကိစ္စတွေ အားလုံး ကုမ္ပဏီမှာ မထားခဲ့ဘဲ ဖိုင်တွေအားလုံး ငါ့ဆီ ပြန်ပါလာလို့ဟော့။ အဲဒါ ငါ အခုသွားမှ ဖြစ်တော့မယ်"

"ဟယ်... သွားတော့မလို့လား၊ ဘာမှလဲ မစားရသေးဘဲနဲ့၊ မနက်စာလေးတော့ စားသွားပါဦး ကိုကိုရယ်"

"စားလို့ မဖြစ်တော့ဘူး တင်တင်ရေ၊ အချိန်နည်းနည်းလေး နောက်ကျတာနဲ့ သိန်းကို ထောင်ချီဆုံးရှုံးသွားမှာ။ သွားပြီ... သွားပြီဟော့"

"ဟယ်... ကိုကို..."





ဦးမဟာကျော်ဆိုတဲ့ လူကြီးဟာ ဒီအချိန်ကာလမှာ သူ့အတွက် အလုပ်မှ အလုပ်ကသာ အာရုံထားရာ နံပါတ်ဝမ်းတစ် ဂဏန်းတစ် ဖြစ်နေတဲ့ ပြဿနာဟာ တော်တော်ဆိုးရွားပါသည်။ မိသားစုနှင့်အတူ အချိန်ပေးချိန်တွေဟာ နည်းသထက် နည်းပါးလာကာ အခုတော့ မနက်စာတောင် အိမ်က စားမသွားတော့အောင် အရေးကြီးနေလေသည်။

"ဩော်... ဒုက္ခ... အကြည့်ချင်းဆုံလည်း အလကားဖြစ်တဲ့ အရွယ်တွေ ရောက်ပြီဆိုတော့လည်း ဘရိတ်ဖတ်စ်တောင် မစားနိုင်တော့ဘဲ သွားရှာပြီပေါ့။ ကောင်းတယ်... သွား... သွား..."

တင်တင်က ကိုယ် ပင်ပင်ပန်းပန်း ချက်ထားတဲ့ မုန့်ဟင်းခါးကို တစ်စက်ကလေးတောင် မြည်းဖို့နေနေသာသာ အကျူးတာက ချက်ကျွေးတာ ကျေးဇူးတင်ကြောင်း အပင်ပန်းခံလို့ ကွာ စသဖြင့် တုံ့ပြန်သံတစ်ခုခုကိုတောင် ပြောမသွား။ တင်တင်က စိတ်ထဲမယ် ကြိတ်မနိုင် ခဲမရ ဖြစ်ရစွာ ဒေါသတွေ ထွက်နေချိန်း သမီးဖြစ်သူ ဝတ်ဆံခန့်ကလည်း သူ့ကင်မရာပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သယ်လာကာ အော်ကက်ကို ဆင်းလာတာမို့ တင်တင့်မှာ တအံ့တသြကြီးဖြစ်ကာ…

"ဟယ်… ဝတ်ဆံ၊ ဒါတွေ အောက်ချပြီး တယ်သွားဦး မလို့လဲ"

"မာမီရေ… မောနင်း။ ဒီနေ့ ရိုက်ကူးရေး ရှိတယ်၊ စောစောသွားမှ ဖြစ်မှာ"

"ဟဲ့ယ်… အဲဒါဆို ဘရိတ်ဖတ်စ် စားသွားလေ၊ မာမီ မုန့်ဟင်းခါးတွေ ချက်ထားတယ်"

"အို… so sorry mom… ဒီနေ့တော့ ဘရိတ်ဖတ်စ်စားလို့ မရတော့ဘူး၊ သမီး အိပ်ရာထကာ နောက်ကျနေတာ။ မနက်စာပါ ထိုင်စားလိုက်ရင် သမီး ဟိုဘက်သွားတာ မမီပဲ ဖြစ်လိမ့်မယ်။ သမီး ကားထဲက ပေါင်မုန့်ပဲ စားပြီး သွားလိုက်တော့မယ်၊ ညနေမှ စောပြန်လာမယ် မာမီ တာ့တာ"

"ဟဲ့… ဟဲ့… ဝတ်ဆံ"

"သွားပြီ… မာမီရေ… သွားပြီ"





ဝတ်ဆံက ခပ်သွက်သွက်လေး သူ့အထုပ်အပိုးတွေ ကားထဲထည့်ရင်း မောင်းထွက်သွားလျှင် သူမမှာ စိတ်မောလူမော ဖြင့်သာ ကျန်နေခဲ့ရပြန်လေသည်။ အခုတော့လည်း ဒီအိမ်ကြီးထဲ မယ် တင်တင်ရယ်၊ အိမ်က ကောင်မလေးတွေရယ်သာ ကျန်နေခဲ့လေသည်။ ချက်ထားခဲ့တဲ့ မုန့်ဟင်းခါးတွေဟာ ကောင်းကြောင်း အရသာရှိကြောင်း ပြောမယ့်သူ ကင်းမဲ့စွာ ဖြစ်နေတာကြောင့် တစ်ယောက်တည်းတော့ အထီးကျန်စွာ ဟီးထနေတဲ့ ခမ်းနားသော မနက်စာဝိုင်းမှာ ထိုင်မစားချင်တော့။ အထီးကျန် မနက်စာဝိုင်းက တော်တော်ကို ချောက်တီးချောက်ကပ် နိုင်လှပေသည်။

အရင်တစ်ချိန်တုန်းကတော့ ခင်ပွန်းဖြစ်သူကလည်း အချိန်ပေးနိုင်သလို ချစ်လှစွာသော တစ်ဦးတည်းသော သမီးလေး ဝတ်ဆံဟာလည်း ကျောင်းသူအရွယ် ကလေးငယ်မို့ အမေနားကပ်ချိန်ရတာ အင်မတန်မှကို ပျော်ရွှင်စရာကောင်းခဲ့သော life တစ်ခု ဖြစ်ခဲ့၏။ အခုကျတော့လည်း အလုပ်တွေ ပိုမိုများလာတော့ ခင်ပွန်းကိုလည်း နားလည်ပေးရသလို သူ့ဝါသနာပါရာကို အောင်မြင်အောင် ကြိုးစားနေရှာတဲ့ သမီးတစ်ယောက် အမေနားမကပ်နိုင်တော့တာလည်း ခွင့်လွှတ်ပေးရလေသည်။ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



တွေရ၊ အလုပ်အကိုင်တွေ ကောင်းလာလေလေ ချစ်ခြင်းမေတ္တာရဲ့ဖော်ပြမှု အတိမ်အနက်အားဟာ လျော့ပါးလာလေလေ ဆိုတာ နားလည်လာပြီလေ။

အရင်လို နွေးထွေးမှုတွေရအောင် ဘာလုပ်ရပါ့။

✤ ✤ ✤

ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်–၃၉(မြေညီ)၊ မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"





နွေးထွေးမှုဆိုသော ဝေါဟာရအတွက် အဓိပ္ပာယ်ဖွင့်ဆိုကြည့်မယ်ဆိုရင်တော့ အေးစက်နေပြီဖြစ်သော အရာအတွက် အနွေးဓာတ်တစ်ခု ရရှိသွားတယ်ဆို နေလို့ ထိုင်လို့ အဆင်ပြေသွားသော အနေအထား လွယ်လွယ်ပြောရရင် ပြန်ကောင်းမွန်သွားခြင်းဆိုသော Positive သဘောဆန်သည့် မိသားစုဆန်သော ဝေါဟာရမို့ တင်တင်က ကြိုးစားကြည့်ချင်မိတာဖြစ်သည်။ အဲဒီအတွက် တင်တင်က နေ့လယ်စာအတွက် စပါယ်ရှယ်ဟင်းတွေ ပြင်ဆင်ချက်ပြုတ်ကာ ထမင်းချိုင့်ထည့်ရင်း ကိုကို့ကုမ္ပဏီကို ကိုယ်တိုင် ထမင်းချိုင့်သွားပို့ဖြစ်သည်။

အရင်တုန်းကလိုမျိုး ထမင်းချိုင့် လာပို့တဲ့အဖြစ်မျိုး ဒီနေ့ ပြန်တွေ့လိုက်ရရင် ကိုကို တစ်ယောက်တော့ surprise ဖြစ်သွားမှာ သေချာပေသည်။ အဲဒါဆို ဘယ်လိုပဲဖြစ်ဖြစ် အေးစက်



www.burmeseclassic.com

www.burmeseclassic.com



စပြုနေတဲ့ ဆက်သွယ်မှုမှာ နွေးထွေးမှုတော့ ပြန်လည်ရကောင်းပါရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့အတူ တင်တင်က ရောက်လာခဲ့ပြီဖြစ်သည်။

"ဆရာကတော်... မင်္ဂလာပါခင်ဗျ၊ မလာတာတောင်ကြာပြီနော်"

"ဟုတ်တယ်၊ အိမ်မှာပဲ အနေများပြီး အပြင်မထွက် ဖြစ်ဖြစ်နေတာလေ၊ မင်းတို့နဲ့တောင် မတွေ့တာ ကြာပြီ"

"ဟုတ်ကဲ့ ဆရာကတော်၊ ကျွန်တော်တို့တွေကလည်း ဆရာကတော်ကို သတိရနေကြတာပါ"

"မင်းတို့ဆရာ အထဲမှာ ရှိတယ်မလား"

"ဟုတ်ကဲ့ပါ ခင်ဗျ... ရှိပါတယ်၊ ဩော်... ဆရာကတော်ထမင်းချိုင့် လာပို့တာလား၊ ဟော့ကောင်... ဆရာကတော်ဆီက ချိုင့်တွေ သယ်ပေးဦးလေ"

"နေ... နေ... ရတယ်၊ စင်သွားလိုက်တော့မယ်"

တင်တင်က ဒီကုမ္ပဏီကြီးရဲ့ CEO ဥက္ကဋ္ဌကြီးရဲ့ ဇနီးအဖြစ် အရှိန်အဝါ ထည်ဝါလွန်းလေတဲ့ ကိုယ့်ကိုပေးသော respect တွေကို စိတ်ထဲကျေနပ်မိကာ ECO ရုံးခန်းထဲသို့ ခြေကြွားစွာပင် တန်းတန်းမတ်မတ် ဝင်လိုက်လေသည်။





"ဟင်......"

အဲဒီ ဟင်...ဆိုတဲ့ အာမေဍိတ်ရဲ့နောက်မှာ အံ့အားသင့်စရာ ပါးစပ်အဟောင်းသား အရင်ဖြစ်သွားစေသော မြင်ကွင်းက ရှိလေသည်။ တစ်နေ့နဲ့မှ တစ်နေ့ အလုပ်တွေများ မအားလပ်လှတာ ယုတ်စွအဆုံး မနက်စာတောင် မစားနိုင်သော တင်တင်ခန့်ရဲ့ အိမ်ဦးနတ်ကြီးဟာ ဆိုရင်ဖြင့် လည်သာဆိုဖာ Comfort Chair မှာ မိမ်ကျစွာ မှီထိုင်နေ၍ အဲဒီမှီထားတဲ့ ပခုံးတွေရဲ့အပေါ်မှာ တောက်ပနေတဲ့ အနီရောင်ရဲရဲ လက်သည်းနီ ဆိုးထားသော အောင်းကြွနေတဲ့ လက်ကလေးတွေ ရှိနေကာ ထိုလက်ကလေးတွေဟာ စန္ဒရားတီးနေသလို နူးညံ့စွာ လှုပ်ရှား၍ ဦးမဟာကျော်ရဲ့ ခေါင်းထက်မှာ နှိပ်နယ်ပေးနေတာ ဖြစ်သည်။

မြင်ရတဲ့ မြင်ကွင်းအစုံဟာ တကယ်ပဲ ရင်တုန်စရာ ဖြစ်ရကာ သွေးတက်သွားသလို ခံစားရပြီး အကြောင်သားကြည့်နေမိ၏။

"အား... ကျေးဇူးတင်လိုက်တာ အေမီရာ။ အခုမှပဲ အကြောတွေ အချဉ်တွေ လျော့သွားတော့တယ်။ အေမီက ရွှက်သိပ်ပေါက်တာပဲ၊ အရမ်းတော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ တပည့်ပဲ၊ ဒီလောက်ကတော့ တော်ရမှာပေါ့၊ ဟုတ်ဖူးလား"

"ဟုတ်ပါတယ်ဗျာ၊ ဟား ဟား… ဒီဘက်လေး နည်းနည်း နှိပ်ပေးဦး"

"ဟုတ်ကဲ့ပါ၊ ဟင်… ဆရာကတော်"

တင်တင်က အဲဒီမြင်ကွင်းကို တအံ့တသြကြီးကို ကြောင်ငေးနေမိချိန်မှာ အေမီဆီက တုန်လှုပ်သွားသော ဆရာကတော်ဆိုတဲ့ ခေါ်သံဟာ တင်တင်ရဲ့ဒေါသသွေးကို ဖျဉ်းခနဲဖြစ်သွားစေသည်။ အင်မတိ အင်မတန်မှ လက်ပေါက်ပါတယ်ဆိုသော ဘော့စ်ရဲ့စက္ကူထရီ အေမီက အကြောင်သား၊ ရပ်ငေးကြည့်နေသော တင်တင့်ကို အရစ်လှမ်းမြင်ကာ ခေါ်တာကြောင့် တင်တင်က ရှုန်းဒိုင်းကြဲချင်တဲ့ ဒေါသကို ထိန်းချုပ်နိုင်လိုက်တဲ့ အပြုံးတစ်ခုဖြင့် အခန်းထဲ ဝင်လာလိုက်သည်။

"မတွေ့တာတောင် ကြာပြီ အေမီ"

"ဟုတ်ကဲ့… ဆရာကတော်၊ ပိုတောင် လှလာသေးတယ်၊ ဘော့စ်က ဇက်ကြောတက်နေလို့ နှိပ်ပေးနေရတာ"





"မင်းတို့ဘော့စ်က အကြောသိပ်တက်တတ်တာ၊ ဒါကြောင့်မို့ ငါးသလောက်တောင် မကျွေးရဲဘူး"

"အေမီ… သမီး လုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့… ဘော့စ်၊ ဆရာကတော်… ခွင့်ပြုပါဦး"

အေမီက အလိုက်တသိဖြင့် ထွက်သွားလျှင်တော့ တင်တင်က အပင်ပန်းခံ ချက်လာတဲ့ ထမင်းချိုင့်ခြင်းကို စားပွဲပေါ် ဝုန်းခနဲ ဆောင့်တင်လိုက်ကာ…

"ရှင့်အတွက် နေ့လယ်စာ ထမင်းချိုင့် လာပို့ပေးတာ"

"တင်တင်… ကိုယ်က ဇက်ကြောတွေ…"

"သိတယ်… ဘာမှ ဆက်မပြောနဲ့တော့၊ ရှင်ကြိုက်တဲ့ ဆိတ်သားနှပ်ဟင်း ချက်လာတယ်၊ အကြောမတက်ပါဘူး ဒီဟင်းကတော့။ လျှာရင်းမြက်မြက်လေး စားလို့ကောင်းအောင် ချက်လာတယ်။ ကျွန်မ သွားမယ်"

စိတ်ထဲ အလိပ်လိုက် အလိပ်လိုက် တက်လာသော ဒေါသတွေဟာ ပွက်ပွက်ဆူလာကာ စကားက ဆက်ပြောနေရင် ရန်ဖြစ်မိတော့မှာမို့ တောက်တစ်ချက် ခပ်တိုးတိုး ခတ်မိကာ လှည့်ထွက်လာမိတော့သည်။ ဒါတောင် အနောက်က လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လေသံဟာ တင်တင်ကပဲ အမှားလုပ်မိလို့ လှမ်းအော်ခေါ်တဲ့ လေသံဖြင့်…

"ဟော့… ဟော့… တင်တင်"

အမယ်လေး… လေကြောရယ်။ မာန့ထန်နေတာဆိုတာ။ ခုနကတုန်းကတော့ သူ့စက္ကူထရီကို ပြောတဲ့လေဟာ သမီးရေ… လက်ပေါက်လိုက်တာကွာ ဘာညာ စသဖြင့် အသံ tone ဟာ ချိုမြနေကာ အခုလေသံကျတော့ တင်တင့်ကို ဖြေရှင်းမယ့်လေသံမဟုတ် ပြန်ဖိုက်မယ့် လေသံဖြင့် လှမ်းခေါ်တာဖြစ်သည်။ တင်တင်က ရင်ထဲမှာ ခံစားရလွန်းအားကြီးစွာ လုံးဝကိုလှည့်မကြည့်တော့ဘဲ ထွက်လာခဲ့တော့တာ ဖြစ်သည်။

ရက်စက်လိုက်ကြတာ။

ယောက်ျားတွေဆိုတာ ကြာလေလေ အိမ်ကမိန်းမတွေကို ချောင်ထဲထိုးပြီး အိမ်နောက်ဖေး မီးဖိုချောင်ထဲဘဲ ထည့်ထားချင်စရာကောင်းသော ဟင်းချက် ထမင်းချက်တွေများ ထင်နေကြတာလား။ ကိုကို့ရဲ့မျက်နှာမှာ အပြုံးအရယ်တွေ ချိုချိုသာသာလေသံတွေဟာ အိမ်မှာဆို မတွေ့မမြင်ရတာ ကြာပြီဖြစ်သေမယ့် သူ့ရုံးခန်းထဲက စက္ကူထရီမနဲ့များကျတော့ အဆင်တွေကို





ပြလိုက်တာမှ ဟိုးဘက်ကိုတောင် အစွန်းထွက်နေကာ ချိုတဲ့မျက်နှာဟာ သကာရည်အိုး မှောက်ကျသလားတောင် ထင်မှတ်ရသည်။ ဒီလိုလေသံဖျော့ ဒီလိုမျက်နှာချိုတွေဟာ အိမ်မှာဆိုသုံးခွင့်ပါမစ် မရသလို တင်းထန်နေသောကြောင့် တင်တင့်မှာအရမ်းကို စိတ်ထဲမှာ နာကျင်ခံစားရတာပဲ ဖြစ်သည်။

ကိုယ်ကတော့ ကိုယ့်ယောက်ျား အံလုပ်တွေ ပင်ပန်းနေရှာတယ်လေဆိုပြီး တစ်နေ့တစ်မျိုး မရိုးရအောင် သူကြိုက်တတ်တဲ့ အစားအသောက်လေးတွေ တစ်နေ့တစ်မျိုး မရိုးရအောင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ရတာ ကိုယ့်ကိုယ်ကိုယ်တောင် ပင်ပန်းသည် မထင်မိ။ ဒါကို သူက…။

တွေးရင်း ရင်ထဲဆို့လာကာ အမိက,က အိမ်ကိုမြန်မြန်ရောက်ကာ ငိုချပစ်ချင်တဲ့စိတ်က ကြီးစိုးနေတာကြောင့် အားကို ခပ်သွက်သွက် မောင်းလာခဲ့သည်။ တကယ့်ကို ရင်ထဲမယ် နင့်နေအောင် ခံစားရတာပါ။ မျက်လုံးထဲ ဇက်ကြောဆွဲပေးနေတာကို ဇိမ်ကျစွာ ခံစားနေတဲ့ ကိုကို့မျက်နှာဟာ အမြင်အာရုံထဲဘယ်လိုမှ ဖျောက်မရနိုင်စွာ တဝဲလည်လည် ထင်ဟပ်နေတော့သည်။ ပါးပြင်မှာလည်း မျက်ရည်တို့က စိုစွတ်နေကာ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ပြန်ရောက်ချင်စိတ်က ကြီးစိုးနေ၍ လမ်းချိုးတဲသို့ ကားကို ကွေ့ချလိုက်လျှင် ဒုန်းခနဲ မြည်သံနှင့်အတူ အရှိန်က လျော့သွားတာမို့ မျက်လုံးတွေဟာ ပြူးကျယ်သွားကာ လန့်ဖျပ်သွားရသည်။

သွားပြီ… တစ်စုံတစ်ရာကို တိုက်မိသွားပြီ။ ကြောက်လန့်စိတ် ထိတ်လန့်စိတ်တို့နှင့်အတူ တင်တင်က ကားပေါ်က တုန်လှုပ်စွာ ဆင်းလာခဲ့သည်။ ဘုရား… ဘုရား။ သေပြီလား။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ တင်တင်က ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင်ထိန်းလာကာ ဆင်းလာရင်း မရဲတရဲ ကြည့်လိုက်လျှင် စက်ဘီးတစ်စီးဟာ မြေပြင်ပေါ်သို့ လဲကျနေ၍ အဲဒီစက်ဘီးရဲ့ နံဘေးမှာတော့ ကောင်လေးတစ်ယောက်။

ရင်ထဲမှာ တထိတ်ထိတ် ပူနေသော အပူဟာ သွေးကို ဆောင့်တက်စေ၍ မျက်ရည်တွေ ကျလာကာ လူဟာထူပူလျက် ကောင်လေးကို တောင်းပန်ရတော့သည်။

"ဘာ… ဘာဖြစ်သွားသေးလဲ။ အန်တီ… တောင်းပန်ပါတယ်။ တကယ်ကို မမြင်မိလိုက်လို့ပါ။ အမှု… အမှုတော့ မလုပ်ပါနဲ့နော်။ တောင်းပန်ပါတယ်ကွယ်။ တောင်းပန်ပါတယ်"





"အန်တီ… အန်တီ… စိတ်ကို အေးအေးထားပါ။ ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး"

"အန်တီ တောင်းပန်ပါတယ်၊ အမှု မလုပ်ပါနဲ့နော်"

"မလုပ်ရပါဘူးဗျာ၊ အန်တီ လုပ်တာနဲ့ပဲ ကျွန်တော့် ခြေထောက်နာတောင် ဘယ်နားရောက်သွားမှန်း မသိတော့ဘူး၊ မငိုပါနဲ့၊ ဘာမှ မဖြစ်ဘူး၊ ကျွန်တော့် ဘာမှမဖြစ်ဘူး"

ကောင်လေးက စိုးရိမ်တကြီး ပြန်နှစ်သိမ့်ပေးတာကြောင့် တင်တင်မှာ ဘာကြောင့်မှန်းမသိ စိတ်ထဲ အေးချမ်းသွားသော်လည်း ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်ရကာ မျက်ရည်တွေက ပိုကျလာ၍…

"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ အခုလို အမှုမဖွင့်တာကို ကျေးဇူးပါပဲ"

"ဟ… ဒုက္ခပါပဲ။ အန်တီ မငိုပါနဲ့။ ကြည့်ရတာ စိတ်ထိခိုက်စရာ တစ်ခုခု ရှိလာတယ် ထင်တယ်၊ မငိုပါနဲ့၊ မငိုပါနဲ့"

သိပ်ပြီး အကဲခတ်စွမ်းရည် မြင့်မားလွန်းတဲ့ သူ့ကို တွေ့လိုက်ရတာကြောင့် ရင်ထဲ လှိုက်ခနဲ ဖြစ်သွားကာ အဲဒီကောင်လေးကို အကဲခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်းက ဘယ်လိုသိနေတာလဲ"

"အန်တီ့ကို ကြည့်ရတာ အရမ်းဝမ်းနည်းနေတဲ့ပုံ ပေါက်နေလို့ပါ၊ ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး၊ ဘာအမှုမှလဲ မလုပ်ပါဘူး"

ချာတိတ်လေးက ဖုတ်ဖက်ခါ ထရပ်လိုက်ကာ သူ့စက်ဘီးလေးကို ထောင်လိုက်သည်။ ဒါပေမဲ့ ခြေထောက်တော့ အနည်းငယ် နာသွားတယ်ဆိုတာ ရိပ်မိတာကြောင့် တင်တင်က ကိုယ့်ကို အမှုမလုပ်တာဘဲ ကျေးဇူးတင်ရတာမို့ အိမ်ပြန်လိုက်ပေးဖို့ တာဝန်ယူရမှာဘဲ ဖြစ်သည်။

"ကျေး... ကျေးဇူးတင်ပါတယ်၊ ခြေထောက်က နာနေတာမှုလား၊ အန်တီ အိမ်ပြန်လိုက်ပို့ပေးပါ့မယ်"

"ကျွန်တော်က အိမ်က အခုမှ ထွက်လာတာ။ ကျွန်တော် တစ်ခုခု သွားစားမလို့"

"ဟို... အဲဒါဆိုလည်း အန်တီလိုက်ပို့ပေးပါ့မယ်"

"အိုခေ... ကောင်းပါပြီ"

ကောင်လေးက လက်သင့်ခံလိုက်လျှင် တင်တင်က မျက်ရည်သုတ်ရင်း ကားပေါ်တက်လိုက်သည်။ ရင်ထဲကမကောင်း





တော့ စိတ်ဖိစီးမှုများကာ အစာအိမ်ကို ပိုပြီးဆာလောင်နေသလို ခံစားရလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၄)

စားပွဲထက်မှာ ပန်းသင့်စွာ ရှိနေသော အစားအသောက်တွေကို သူဟာ တစ်ခုချင်း လှမ်းကြည့်မိကာ အံ့တောင် အံ့သြရလေသည်။

ပုလဲကွန်ဒိုထဲက lotteria ကြက်ကြော်ဆိုင်ထဲမှာ သူက နေ့လယ်စာစားဖို့အတွက် ဘာဂါတစ်လုံးနှင့် pepsi တစ်ဘူးဟာ လုံလောက်တဲ့ lunch food ဖြစ်တာကြောင့် သူ့ကိုကားနှင့် ဝင်တိုက်မိမလိုဖြစ်တဲ့ အန်တီကပါ ဆိုင်အတူ လိုက်ထိုင်တာမို့ အဲဒီအန်တီတစ်ယောက်တည်း မှာထားတာတွေဟာ ကြက်ကြော် တစ် set ၊ အာလူးချောင်းကြော်ကတစ်ပွဲ၊ ချိစ်စတစ်က နှစ်ပွဲ၊ အအေးတစ်ဘူးဖြင့် တကယ့်ကိုပဲ အများအပြား ဖြစ်နေတာမို့ သူ့မှာ အံ့သြရလေသည်။





ဒါပေမဲ့ နောက်ထပ် ထပ်မံ၍ အံ့သြရသည်က အဲဒီလောက် အစားအသောက်တွေ အများကြီးကို စားချင်စိတ်ကြောင့် မှာလိုက်တာထက် မှိုင်တွေနေတဲ့ အဲဒီအန်တီ့ပုံစံက တစ်မျိုးဖြစ်နေတာကြောင့် သူက အဲဒီလိုကြီး ဘာသိဘာသာ မနေတတ်တဲ့ ဝသီအတိုင်း မေးမိသွားလေသည်။

"အန်တီ... စိတ်ညစ်စရာ တစ်ခုခုများ ရှိနေလို့လား၊ ဘာအခက်အခဲများ ရှိလို့လဲ"

"အင်... ဘာလဲ"

"သြော်... ဆောရီး၊ ကျွန်တော် စပ်စုတာ မဟုတ်ဘူးနော်၊ ကျွန်တော့်နာမည် ကိုကိုမောင်လို့ ခေါ်ပါတယ်။ အန်တီ့ကို ကြည့်ရတာ တစ်စုံတစ်ရာ စိတ်ထိခိုက်စရာများ ရှိနေလားလို့။ ဟို... ကျွန်တော် ကူညီပေးနိုင်တာရှိရင် ကူညီပေးနိုင်အောင်ပါ"

သူ့စကားကြောင့် အဲဒီအန်တီက သူ့ကို တွေတွေကြီး စိုက်ကြည့်နေလေသည်။

ပြီးတော့ အင်မတန်မှ စိတ်ပင်ပန်းနေလေသော သက်ပြင်းမောကြီး တစ်ခုကိုချကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အမှန်တိုင်း ပြောရမယ် ဆိုရင်တော့ အန်တီ တကယ့်ကို စိတ်ဆင်းရဲနေရတာပါ။ အန်တီ့အမျိုးသားရဲ့ စက္ကူထရီက အရွယ်လေးကလည်း မင်းတို့လောက်၊ ချောတာကလည်း ချော၊ တော်ကလည်း တော်ဆိုတော့ ကြာတော့ ယှဉ်စရာ ဖြစ်လာသလား မပြောတတ်ပါဘူး၊ အန်တီ့ယောက်ျားကို သင်းကပဲ စနိုက်ကြော်သလား၊ အန်တီ့ယောက်ျားကပဲ အန်တီ့ကို စိတ်ကုန်သွားတာလား မပြောတတ်ပါဘူးဟယ်…

အခု အန်တီကတော့ ကိုယ့်ယောက်ျား နေ့ခင်းစာလေး ဖွယ်ဖွယ်ရာရာလေး စားရပါစေတော့ဆိုပြီး အပင်ပန်းခံ ချက်ပြုတ်ပြီး ကားကျပ်တာတောင်မမှုဘဲ ထမင်းချိုင့် သွားပို့ပေးတယ်၊ ဟိုရောက်တော့ အဲဒီ စက္ကူထရီမကအန်တီ့ယောက်ျားကို ဇက်ကြောတောင် ဆွဲပေးနေလိုက်သေးတယ်။ ဒီအဖြစ်လောက် ရင်နာစရာ ကောင်းတာ မရှိတော့ဘူး၊ အန်တီ့ဘဝကိုက ဆိုးတာပါကွယ်"

ပြောရင်းနဲ့မှ အသံတွေ တိမ်ဝင်လာကာ မျက်ရည်တွေ ကျလာလျှင် သူ့စိတ်ထဲမှာ တကယ်ပဲ မကောင်းဖြစ်သွားရ





လေသည်။ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်ထိခိုက် ကြေကွဲခြင်းဟာ သူချစ်တဲ့အမျိုးသား နောက်တစ်ယောက်ထား ဖောက်ပြန်တာပဲဖြစ်သည်။

ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံး စိတ်ကြေကွဲမှု တစ်ခုဖြစ်၏။ ထိုအချင်းအရာကို သူ့ရှေ့မှာ ထိုင်နေတဲ့ သူ့အမေအရွယ် သူ့အဒေါ်အရွယ် အမျိုးသမီးကြီး တစ်ယောက်က ထိခိုက်ခံစားနေရတာဖြစ်သည်။

"ဒါဆို အန်တီက အခု အန်တီ့အမျိုးသားနဲ့ သူ့စက္ကူထရီကို တွေ့လာခဲ့တာပေါ့။ အန်တီ အဲဒီစက္ကူထရီကို ဘာမှ မလုပ်ခဲ့ဘူးလား"

သူ့မေးခွန်းကြောင့် အန်တီက ငြိမ်ချက်သားကောင်းသွားသည်။ မျက်နှာဟာ စိတ်ထိခိုက်ကြေကွဲလွန်းနေမှန်း ကြည့်လိုက်တာနှင့် သိသာလေသည်။

"အဲဒီမိန်းကလေးကို စိတ်ရှိတိုင်းသာဆို တစ်စစီ ကုတ်ဖဲ့ဆွဲမိလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို လုပ်လိုက်ရင် အန်တီ့ယောက်ျား သိက္ခာကျသွားမှာပေါ့။ အသေလုပ်ပစ်ချင်ပေမယ့်လည်း အန်တီကမှ ပြဿနာအတက်မခံနိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေမှန်း သိသာလွန်းနေစွာ ခံစားပြောနေသလို ခြင်းထဲက ကြက်တော်တစ်တုံးကိုလည်း ဖွဲ့ကာ အားရပါးရ စားလိုက်သည်။ အဲဒီအန်တီဟာ ပုံစံကြည့်တာနှင့်တင် အဆင့်အတန်းမြင့်ပြီး အသိုင်းအဝိုင်းကြီးကြီးက ဆင်းသက်လာတဲ့ ရုပ်ရည် အဆင့်အတန်းမျိုးပဲဖြစ်သည်။ ဝတ်ထားတဲ့ ရွှေငွေစိန်တွေဟာ သီးနေလျက် အဝတ်အစား ပြင်ဆင်မှုတွေကျတော့ လွဲနေတာပဲဖြစ်သည်။

"ကျွန်တော် အကြံပေးရမယ် ဆိုရင်တော့ ဘယ်လိုကိစ္စမျိုးမဆို ဆေးမီရင် ကယ်လို့ရပါတယ်၊ အဓိက,ကတော့ သူများစိတ်ကို လိုချင်ရင် ကိုယ့်စိတ်နဲ့ပုံစံကို သူများကြိုက်အောင် အရင်ဆုံး ပြောင်းလဲပြုပြင်ဖို့ လိုတယ်"

သူ့ရဲ့အကြံပြုချက်ကြောင့် အဲဒီအန်တီက ဘာလား ဆိုတဲ့ ပုံစံဖြင့် သူ့ကို အကဲခတ်၏။ ဟုတ်သားပဲ။ အစမှ မြင်ဖူးတွေ့ဖူးကြတဲ့ကိစ္စ။

"ဩော်... ဆောရီးပါ ခင်ဗျ၊ ကျွန်တော်က ပြုပြင်ပြောင်းလဲတာကို ဝါသနာပါတယ်၊ ကျွန်တော် GYM Trainer တစ်ယောက်ပါ။ ရံဖန်ရံခါ မော်လ်ဒယ်လည်း လုပ်ပါတယ်။





ကျွန်တော့်အမြင် ပြောရရင် ဒီဘက်ခေတ် အိမ်ထောင်ရှင် အမျိုးသားတွေက အိမ်မှုကိစ္စ နိုင်နင်းပြီး မိုင်းကောင်း ကျောက်ဖိဖြစ်တဲ့ အမျိုးသမီးထက် သူတို့နဲ့ ရင်ဘောင်တန်းနိုင်သလို ခေတ်ကိုလည်း အမီလိုက်နိုင်တဲ့ စွယ်စုံ perfect ဖြစ်တဲ့ အမျိုးသမီးမျိုးကို ပိုကြိုက်ကြတယ်။ ယေဘုယျပေါ့နော်"

"ဒါဆို အန်တီက ဘာတွေကို ပြုပြင်ပြောင်းလဲရမှာလဲ"

သူ့ကို အားကိုးတကြီး မေးလာသော မေးခွန်းကို သူက အရင်ဆုံး ပြန်ဖြေဖို့အတွက် ပြုံးမိသွားလေသည်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ကပ်ထဲက visiting card လေးကို ထုတ်ပေးလိုက်သည်။

"ကျွန်တော့်အမြင်ကတော့ အန်တီ့ရဲ့ physically Figure ကို အရင်ပြောင်းသင့်တယ် ထင်ပါတယ်၊ ကျွန်တော့် visiting card ပါ။ အန်တီ အကူညီ လိုတယ်ဆို ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်က အန်တီ့ကို ကိုယ်ချင်းစာစိတ်နဲ့ ပြောတာနော်၊ တစ်မျိုးမထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခန့်တီက သူ့ကတ်ကို ဖတ်ဖို့အတွက် မျက်မှန်အရင်ထုတ်တပ်ရသေးသည်။ ပြီးတော့ သူ့ကို ယုံကြည်စွာဖြင့် ပြုံးပြလေသည်။

✣ ✣ ✣





(၅)

စတူဒီယိုထဲကို မကြည်မလင်မျက်နှာဖြင့် ဒယီးဒယိုင်ဝင်လာသော ဝတ်ဆံခန့်ကို ကြည့်လိုက်တာနဲ့ တော်တော်လေး Charging Down လာပုံရမှန်း သိသာလေသည်။ ကင်မရာသာ ဘတ်ထဲကိုင်ထားရရင် အမြဲတစေ တက်ကြွနေသော ဝတ်ဆံတစ်ယောက် မရွှင်မပျ မျက်နှာနဲ့ ဝင်လာတာကြောင့် အထူးအဆန်း ဖြစ်ရတာ မေးရတော့သည်။

"ဟိုင်း... မျက်နှာက ဘာဖြစ်နေတာလဲ မကြည်မလင်နဲ့"

"အိမ်တွင်းစစ် ဖြစ်လာတာ။ ဒီနေ့အတွက် mood ကတော့ လုံးဝဒေါင်းနေတယ်"

"ဟွင်... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ ငါ့ရဲ့ ချစ်လှစွာသော ဖားသားနဲ့ မားသားရဲ့ တိုက်ပွဲပေါ့"

"ငင့်... အန်ကယ်နဲ့ အန်တီက ဒီလောက် အဆင်ပြေကြတဲ့ဟာ၊ ဘယ်လို ဖြစ်တာလဲ"

"စက်ကတ်ကြေးကိစ္စပေါ့ဟယ်၊ ပြောပြန်ရင်လည်း ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်ဦးမယ်၊ ဒီခေတ် ဒီအခါမှာလည်း မိန်းမတွေ စန္ဒီက်ကြော်ချင်တဲ့ ပြဿနာတွေ ရှိလာတာ အတော်ခက်တယ်"

"ဟယ်... အဲဒါဆို အန်ကယ်က စမောလ်ဆွဲနေတာပေါ့"

"အဲဒီလိုမျိုးတော့လည်း မဟုတ်လောက်သေးပါဘူး။ ဘယ်လိုပြောမလဲ၊ သော့စ်နဲ့ စက္ကူထရီဆိုတော့လည်း မဟုတ်သော် ထင်ရာရှိပေါ့ဟယ်"

"ဟင်... ဖြစ်ရမယ်။ အသည်းရယ်... အလုပ်ထဲသာ အာရုံစိုက်ပါ။ စိတ်ညစ်တာ ဘာညာ ပျောက်သွားလိမ့်မယ်"

အကြင်နာက ထုံးစံအတိုင်း အားပေးဖော်ရတာကြောင့် ဝတ်ဆံက အနည်းငယ်တော့ စိတ်ပြေရသည်။ ဒယ်ဒီနဲ့ မာမီက အဲဒီလိုပဲ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဆိုတော့ မာမီနဲ့





ရန်ဖြစ်ကြချိန်ဆို စိတ်က ရှုပ်ရ၍ သူတို့တွေ အဆင်ပြေချိန်ကျတော့လည်း ပျော်ရလေသည်။

"အေးပါ... ကျေးဇူးပါပဲ။ ဒီနေ့အတွက်တော့ အာရုံက နောက်ရတယ်ဟေ့"

ဝတ်ဆံက ကော်ဖီသောက်ချင်စိတ်တောင် ပေါက်သာကာ သောက်ချင်လာတာနှင့် ကော်ဖီသွားဖျော်နေတုန်းမှာ ဝတ်ဆံဖုန်းက မြည်လာတာကြောင့် ကြင်နာက လှမ်းအော်လေသည်။

"ဝတ်ဆံရေ... ဝတ်ဆံ၊ ဖုန်းလာတယ်ဟေ့"

"ပေး... ပေး... ကြင်နာ"

အကြင်နာ့ဆီက လှမ်းယူလိုက်ကာ ဖုန်းနံပါတ်ကြည့်လိုက်လျှင် မော်လ်ဒယ် ဝင့်ဝါဆီကဖုန်းမို့ ရိုက်ကူးရေးကိစ္စဆိုတာ သဘောပေါက်ရကာ ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို..."

"ဝတ်ဆံရေ... အလုပ်များနေလား"

"ရတယ်... ဝင့် ပြောလို့ရတယ်"

"ဟိုဟာ... တို့ သူငယ်ချင်းတစ်ယောက် မော်လ်ဒယ်သင်ပြီး မဂ္ဂဇင်းအတွက် man hunt ပွဲမှာ သုံးချင်လို့လေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဝတ်ဆံနဲ့ ရိုက်ချင်လို့။ ဝတ်ဆံ အဆင်ပြေမလား။ ဘယ်တော့လောက် ရက်ရမလဲလို့"

"ရတယ်လေ ဝင့်၊ ဒီတလော ကြီးကြီးမားမား လက်ခံထားတာ မရှိသေးပါဘူး"

"အိုခေ... ဒါဆို သန်ဘက်ခါလောက် အဆင်ပြေမလား ဆယ်ခွဲလောက် သူ့ကို လွှတ်ပေးလိုက်မယ်လေ"

"ရတယ်... ရတယ်၊ အဲဒါဆို confirm နော်။ အဲဒီရက်လေး အအားထားလိုက်မယ်။ စိတ်ချ... သေချာလေး စိမ်ရိုက်ပေးလိုက်မယ်"

"ယုံတယ်... ဝတ်ဆံကို ယုံပြီးသား၊ အိုခေ... ဒါဆို သန်ဘက်ခါ ဆယ်ခွဲလွှတ်ပေးလိုက်မယ်နော်"

Yes......... ။

Confirm ဖြစ်တဲ့ အလုပ်တစ်ခု ထပ်ရပြန်ပြီ။ ဝတ်ဆံက တက်ကြွနေမိသည်။ ဒီတိုင်းဆိုရင်တော့ မကြာခင်မှာ ဝတ်ဆံနဲ့တို့တော့ နာမည်ကြီး ဓာတ်ပုံဆရာမကြီး ဖြစ်ရချည် သေးရဲ့။

"ဟော့... ဟော့... ဘာတဲ့လဲ၊ ဘာတဲ့လဲ"





"ရိုက်လိုက်စမ်း... Give me Five... Giveme Five"

ဝတ်ဆံက ပျော်ရွှင်တက်ကြွစွာဖြင့် လက်ဝါးဖြန့်ပေးလိုက်လျှင် ကြင်နာက ဝမ်းသာအားရဖြင့် ပြန်ရိုက်လိုက်ရင်း အသည်းအသန် မေးလေသည်။

"ဘာလဲ... ဘာတဲ့လဲ၊ ပြောပါဦး"

"မော်လ်ဒယ်ဝင့်ဝါက သူ့သူငယ်ချင်း မော်လ်ဒယ်တစ်ယောက်ကို ငါနဲ့ ဓာတ်ပုံရိုက်ဖို့ ချိတ်ပေးလိုက်တယ်"

"wow... ငါ့သယ်ရင်းလေး အလုပ်တစ်ခု ထပ်ရပြီ၊ ဒီတိုင်းဆိုရင်တော့ ငါတို့တွေ မကြာခင် အောင်မြင်တော့မှာ အသေအချာပဲ"

ဝတ်ဆံက အဲဒီစကားအတွက် အရမ်းကိုပဲ ကြည်နူးပျော်ရွှင်ရကာ တကယ်ပဲ အဲဒီလိုဖြစ်ဖို့ မျှော်လင့်ရလေသည်။ ဘဝမှာ အဖြစ်ချင်ဆုံး ဆန္ဒကတော့ တစ်နေ့မှာ ဒိတ်ဒိတ်ကြဲကြီးကို အောင်မြင်တဲ့ ဓာတ်ပုံပညာရှင်တစ်ယောက် ဖြစ်လာဖို့ပဲ ဖြစ်သည်။

ကိုယ်ဝါသနာပါတဲ့ဘဝနဲ့ အောင်မြင်မှုသာ ရ,ရမယ်ဆို ဘဝဆိုတာကြီးက ပျော်ရွှင်ဖွယ်ရာ အတိပြီး၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



စတင် တွေ့ဆုံတဲ့ အချိန်မှာ
ဓားတာလား တစ်သက်တာလား
ခွဲခြားနိုင်ဖို့အတွက်
ကြိုတင် သိမြင်နိုင်တဲ့
ဆဋ္ဌမအာရုံတစ်ခု ရထားချင်တယ်။
လိမ်တတ်တဲ့သူတွေကို အနားမှာ
အစကတည်းက မထားတော့ဘဲ
တစ်သက်လုံး ကောင်းမယ့်သူတွေကိုသာ
ကိုယ် ပုံပြီး ကောင်းပြလိုက်ချင်လို့ပါ။



✤ ✤ ✤





ခတ်ပုံရိုက်ဖို့အတွက် သူဟာ တက်ကြွစွာဖြင့် စတူဒီယိုရှိရာကို ရောက်လာခဲ့တော့သည်။ စတူဒီယိုက အပေါ် ထပ်မှာ ဖြစ်တာကြောင့် သူက ကားပေါ်က မဆင်းသေးခင်မှာ ကားထဲကနေ စတူဒီယိုကို တစ်ချက်တော့ လှမ်းကြည့်လိုက်သည်။ ထပ်မထပ်မှာ ရှိနေသော စတူဒီယိုဟာ သူတို့လောကထဲတော့ သိပ်ပြီး နာမည်ကြီးလှသည့် ခတ်ပုံစတူဒီယိုတော့ မဟုတ်ချေ။ ဒါပေမဲ့ သူ့သူငယ်ချင်း ဝင့်ဝါ ကိုယ်တိုင်ကိုက recommend ပေးတာကြောင့် သူက ဒီမှာ လာရိုက်တာပဲ ဖြစ်သည်။

"အာစရိ... ကျွန်တော် ပစ္စည်းတွေ အပေါ်တင်လိုက်တော့ မယ်နော်"

သူ့တပည့်ကျော် အာနိုးက ကားထဲက lagguage တွေကို အပေါ်တင်ဖို့ ပြောလေလျှင် သူက ခေါင်းညိတ်လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူပါ စတူဒီယိုပေါ် တက်လာလေ၏။ ဝင်ဝင်ချင်းမှာပင် တွေ့လိုက်ရတဲ့ တစ်ယောက်က သူ့ကို အပြုံးဖြင့် ကြိုဆိုကာ...

"မင်္ဂလာပါရှင်၊ ဘာများ ကူညီပေးရပါမလဲ"

"ဩော်... ဒီနေ့ ဓာတ်ပုံရိုက်ဖို့အတွက် ချိန်းထားလို့ပါ။ မော်လ်ဒယ် ဝင့်ဝါ date လုပ်ပေးထားတယ်လေ"

"ဩော်... ဟုတ်တယ်ရှင့်။ ဟုတ်တယ်။ ကြွပါ... ကြွပါ... ဝတ်ဆံရေ..."

"ဟော... လာပြီ"

အတွင်းခန်းထဲမှ ထွက်လာသော မိန်းကလေးတစ်ယောက်ကို သူက ဘာရယ်မဟုတ် တစ်ချက်တော့ စိုက်ကြည့်မိသွားသည်။ ဒီတစ်ယောက်က သူ့ကို ဓာတ်ပုံရိုက်ပေးမည့် တစ်ယောက် ဖြစ်မယ်ထင်တယ်။

ရှပ်အင်္ကျီ ပန်းရောင်ကွက်ကို ဂျင်းဘောင်းဘီတို့ဖြင့် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားကာ မျက်နှာလေးကတော့ ဘာမိတ်ကပ်မှ ပြင်ဆင်ခြယ်သထားခြင်း မရှိဘဲ ရှင်းလင်းနေတာကတော့ အဆန်းတကြယ် ဖြစ်ရလေသည်။ သူကလည်း ကောင်မလေးကို ကြည့်မိနေတုန်းမှာ အဲဒီတစ်ယောက်ကလည်း သူ့ကို ကြည့်တာမှ





အထူးအဆန်း ဖြစ်သလို ငေးနေတာဖြစ်၏။ သူက ဘာလဲဟုဆိုပြီး နည်းနည်းတော့ အမ်းတမ်းတမ်း ဖြစ်သွားရလေသည်။ ခုနက သူ့ကို နှုတ်ဆက်တဲ့ တစ်ယောက်က ထိုကောင်မလေးနား ရောက်လာကာ လက်အသာတို့မှ သတိဝင်လာဟန်ဖြင့် သူ့ကို အခုမှ ပြုံးပြကာ...

"ဟို... ဓာတ်ပုံရိုက်ဖို့အတွက် မဝင့်ဝါ ချိန်းပေးထားတယ်၊ အစ်ကို ရိုက်မှာလား"

"ဟုတ်တယ်ဗျ။ ကျွန်တော် ရိုက်မှာ။ ညီမက photographer လား"

"ဟုတ်တယ်"

"ဩော်... အိုခေ၊ ကိုယ်ရိုက်ချင်တာက man hunt အတွက်လေ၊ ဝင့်ဝါကလည်း ညီမနဲ့ရိုက်တာက ပိုပြီးအဆင်ပြေတယ်လို့ recommend ပေးလာလို့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ့်နာမည် ကိုကိုမောင်ပါ"

"ဟုတ်ကဲ့... ဝတ်ဆံခန့်ပါ"

"အိုခေ... ဒါဆိုရင် ရိုက်လိုက်မလား၊ အခုက ဒီတစ်စုံပဲ အရင်ရိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ရပါတယ်၊ Ready ပါပဲ၊ အထဲကြွပါ"

သူက ခေါင်းညိတ်ပြကာ အထဲက စတူဒီယိုထဲ လိုက်လာခဲ့တော့သည်။ စတူဒီယိုထဲ ဝင်လိုက်တာနှင့်ကို ဓာတ်ပုံကို ဒီမိန်းကလေး ဘယ်လောက် ဝါသနာပါလေသလဲဆိုတာ သိသာစေသော အပြင်အဆင်များနှင့် သူမဖန်တီးထားသော သဘာဝပုံများဟာ သူ့ကို ငြိမ်းချမ်းမှုပေးလေ၏။ ကိုကိုမောင်က သဘာဝရှုခင်းတွေချည်း ရိုက်ထားကာ Green Area လို့ အမည်တပ်ထားသော Album တစ်ခုကို သဘောတကျဖြင့် ငေးကြည့်နေမိကာ ပါးစပ်ကကို အသံထွက် ချီးကျူးမိသွားသည်။

"ဒီပုံတွေက တော်တော်လေးကို ကောင်းတာပဲ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အဲဒါ ဝတ်ဆံ ပဲခူးဘက်က တောတစ်ခုမှာ ရိုက်ထားတာလေ၊ ဝတ်ဆံက သဘာဝရှုခင်းတွေ ရိုက်ဖြစ်တာ ပိုများတယ်။ အခု နောက်ပိုင်းတော့ စတူဒီယိုပါ ဖွင့်ထားတယ် ဆိုတော့မှ မော်ဒယ်တွေ ရိုက်ဖြစ်တာ"

"တော်တော်ဝါသနာပါတာပဲ၊ ကောင်းတယ်... ကောင်းတယ်"





"ဟုတ်ကဲ့၊ အစ်ကို ရိုက်လို့ရပြီနော်"

"အိုခေ..."

ကိုကိုမောင်က ဓာတ်ပုံရိုက်ဖို့အတွက် အိမ်ကတည်းက ကြိုလုပ်လာသော သူ့စတိုင်အတွက် မှန်ကို တစ်ချက်ကြည့်လိုက်သည်။ ယောကျ်ားလေးတစ်ယောက်အတွက်က အထူးအထွေ ပြင်ဆင်မှု မရှိတာကြောင့် သူက အဆီစုပ်စက္ကူဖြင့် မျက်နှာကို အနည်းငယ် ဖိပြီးနောက်မှာ Work Area တွင်း ဝင်လာလိုက်တော့သည်။

"ပြိုင်ပွဲအတွက် ရိုက်မှာနော် အစ်ကို"

"လောလောဆယ်တော့ အဲဒီအတိုင်းပဲပေါ့၊ ရိုက်ထားတာပါ၊ စိတ်ပါတယ် ဆိုရင်လည်း ဝင်ပြိုင်မလို့လေ ကြိုလုပ်ထားတာ"

"ဪ... ဟုတ်... ဒါဆို စရိုက်လိုက်မယ်လေ"

"ကိုယ့်ကို music လေး တစ်ချက်လောက်"

သူက ဓာတ်ပုံရိုက်ပြီဆို သူ့အာရုံဝင်စားမှုနှင့် mood ကာ သီချင်းသံဖြင့် လှုပ်ရှားတတ်သူမို့ သူက သီချင်းဖွင့်ခိုင်းလျှင် အလိုက်သိစွာ Justin biever ရဲ့ What Do You Mean ကို Remix



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတဲ့ DJ သံအတိုင်း သူဟာ စီးမြောရင်း အစပိုင်းကတော့ သူဝတ်ထားတဲ့ Alter ရှပ်အင်္ကျီအကျပ်နဲ့ လိုက်ဖက်တဲ့ Gent ဆန်ဆန် ရင့်ကျက်အထာလေးတွေ Pose ပေးပြီးသကာလ ဖွင့်ထားတဲ့ music ရဲ့ DJ သံက skill ကြမ်းလာလေလေ သူ့ mood ကလည်း 9 ရောက်လာတာကြောင့် သူက Gentleman ဘက်ကနေ Sexy ဘက် ချိန်းဖို့အတွက် ဘေးကနေ ဆိုဖာခုံကို Plus Acting ယူကာ သူ့ရှပ် ကြယ်သီးတွေ တစ်လုံးချင်းဖြုတ်လိုက်ရင်း သူ့ရဲ့အားသာချက်ဖြစ်သော မျက်လုံးတွေကို ညို့အားတစ်ခုရအောင် ကင်မရာကို စိုက်ကြည့်လိုက်ရင်း မျက်လုံးမှာ အားထည့်ကာ pose တွေပေးနေလျှင် photographer ကလည်း အင်မတန်မှကို လက်မြန်ကာ သူ့ လှုပ်ရှားမှုတိုင်းအတွက်ကို nonstop ခလုတ်ဆွဲနိုင်တာပဲဖြစ်၏။ ကိုကိုမောင်က သီချင်းရဲ့သံစဉ်အတိုင်း တစ်ထည်တည်းနဲ့ပင် တော်တော်လေး လုပ်နိုင်ခဲ့ပြီမို့ သူက man hunt ရဲ့ main theme ဖြစ်တဲ့ ပို့စ်အတွက် သူ့အင်္ကျီ ကြယ်သီးတွေအားလုံး ဖြုတ်လိုက်ကာ body အသားပေး ပို့စ်အတွက် နှုတ်ခမ်းကိုပါ ကိုက်ကာ sexy လုပ်လိုက်လျှင် သူ့ရဲ့ဓာတ်ပုံဆရာက အနည်းငယ် တုန်ယင်သွားတာ သတိထားမိသည်။ ဆောရီး... အနည်းငယ် မဟုတ်ပါဘူး။





သူမပုံစံက ကင်မရာကိုင်ထားတဲ့ လက်တွေကလည်း တုန်ယင်နေတာ သူ သတိထားမိသွားသည်။ ဘာဖြစ်တာလဲဟ။ ကိုကိုမောင်က သူ့ရဲ့ mood တွေကို ခဏ out ထားလိုက်ကာ အသာကြည့်လိုက်ရင်း သူက လှမ်းခေါ်ရ၏။

"Hello... အိုခေရဲ့လား"

သူ့အမေးကြောင့် ဝတ်ဆံခန့်က ကတုန်ကယင် လေသံဖြင့် ခေါင်းအသာညိတ်ပြလေသည်။ ပုံစံကို လေ့လာကြည့်ရသလောက်တော့ အဆင်မပြေဘူးဆိုတာ သူ သဘောပေါက်လေသည်။ ဓာတ်ပုံဆရာက သူ့နဲ့မှ အသက်က မတိမ်းမယိမ်းဖြစ်ကာ မိန်းကလေးလည်း ဖြစ်နေတာကြောင့် သူ့ရဲ့ sexy pose တွေကို ရိုက်ဖို့ရာ အဆင်ပြေပုံ သိပ်မပေါက်ပေ။ ကြည့်ရတာ ဒါမျိုးလည်း ရိုက်ဖူးပုံ မပေါ်ပေ။ ဒီအတွက် စိတ်ကို ထားတတ်သေးပုံမရ။ ပြီးတော့ သူ့ body ကလည်း Gym trainer တစ်ယောက်ပီသစွာ 6 packs မို့ မိန်းကလေးအနေနဲ့ ရိုက်ဖို့ရာ ရှက်နေပုံရ၏။ အဲဒီအတွက် သူက ရိုက်ဖို့ အဆင်မပြေတော့ဘူးဆိုတာ သဘောပေါက်ရလေသည်။

"ညီမ... ဝတ်ဆံခန့်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ... ကိုယ်က man hunt အတွက် ရိုက်တာလေ။ အဓိက,က Body ပိုင်းကို theme ထားချင်တာ၊ ရိုက်ရတာ ညီမ ဆင်ပြေရဲ့လား မသိဘူး၊ ကိုယ်က အားနာလို့ပါ။ အဓိက,က ပုံကောင်း ထွက်ဖို့ပဲလေ၊ အားမနာပါနဲ့"

"အိုခေ... အိုခေ... ကျေးဇူးပါပဲ၊ အခုလိုမျိုး ပြောထားတဲ့အတွက် နှစ်ယောက်လုံးအတွက် ရိုက်ရတာလည်း mood ပိုရတာပေါ့"

"ဟုတ်တယ်... အစ်ကို နောက်တစ်စုံ change ရင် change လိုက်ပါလား၊ body ဘက် သွားမယ်ဆိုတော့ lighting လည်း နည်းနည်း ကစားချင်လို့။ ဒီတစ်စုံနဲ့ ပုံကောင်းတွေ တော်တော်ရနေပြီဆိုတော့ ဒီတစ်စုံကတော့ တော်လောက်ပါပြီ"

"အိုခေ... ဒါဆို နောက်တစ်စုံ လဲလိုက်မယ်"

သူက နောက်တစ်စုံ လဲဖို့အတွက် သူ့တပည့်နဲ့ အတူ အဝတ်လဲခန်းထဲ ဝင်သွားလိုက်၏။ အာနီးက သူ့ကို ရှင်းအကျီကွျချတ်ပေးရင်း ခပ်တိုးတိုး အသံဖြင့် ပြောလေသည်။

"အာစရိ body ကို ရင်ခုန်သွားပြီ ထင်တယ်၊ ဓာတ်ပုံရိုက်ရင်းနဲ့ ကတုန်ကယင်တွေ ဖြစ်သွားတယ်"





"ဟောကောင်... ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ကြားသွားရင် မကောင်းဘူး၊ အလုပ်လုပ်နေတာကွ၊ အဲဒါတွေ လျှောက်မပြောနေနဲ့"

"အာစီကလည်း မကြားပါဘူး၊ ကျွန်တော်က ကိုယ့်အာစိကိုမို့ ပြောပြတာ၊ ဓာတ်ပုံရိုက်ပေးတဲ့ အစ်မလေးက မိုက်တယ်နော်၊ Descendants of the sun က စစ်ဆရာဝန်မ ယွန်မြောင်ဂျူနဲ့တောင် ဆင်တယ်နော်၊ မျက်နှာကြောကတော့ ဘယ်လိုနေနေ ခပ်တင်းတင်းပဲ"

သူကော အာနီးကော ဒီတခုလောမှာ ရေလည် ကြွေရတဲ့ ကိုရီးယားကား Descendants of the sun ထဲက မင်းသမီးမှန်တော့ထက် စစ်ဆရာဝန်မ ယွန်မြောင်ဂျူကို သဘောတွေ ကျနေရှုတာကြောင့် အာနီးက ယွန်မြောင်ဂျူနဲ့ တူတယ်ဆိုလို့ သူက အဝတ်လဲနေရင်းကနေ လိုက်ကာစလေး အသာဟကာ ယွန်မြောင်ဂျူနဲ့ တူပါတယ်ဆိုသော ဓာတ်ပုံဆရာမလေးကို သူက ခဏတော့ နိုးကြည့်မိသွားသည်။ အင်း... ဘယ်လိုပြောရကောင်းမလဲ။ အာနီးပြောမှပဲ စိတ်ထဲ တူသလားလို့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဟာ တကယ့်ကို မျက်နှာကြော တင်းတင်းဖြင့် ကင်မရာပိုင်းဆိုင်ရာကို အတော်လေး စိတ်ဝင်စားပုံရလေသည်။ Lighting ကစားဖို့အတွက် သူကိုယ်တိုင်ပဲ Lighting တွေ ချိန်နေကာ သူ့အလုပ်သူ အာရုံတစိုက် ရှိနေပုံက စိတ်ဝင်စားချင်စရာလေးပဲ ဖြစ်သည်။

"တို့အာစီ စိတ်ဝင်စားနေပြီမှလား၊ မိုက်တယ်နော်"

အာနီး အသံကြားမှ သူက သတိပြန်ဝင်လာကာ လိုက်ကာကို အသာပြန်ချကာ Vest စွပ်ကျယ် အဖြူရောင်ကို ကောက်စွပ်လိုက်ရင် အာနီးက ပခုံးရိုက်ကာ အဝတ်လဲခန်းထဲက ထွက်လာခဲ့၏။

"ရပြီနော် ညီမ။ Ready ပဲ"

"ခဏလေး... ခဏလေး အာစီ၊ မရယ်ဒီသေးဘူး"

အနောက်က အာနီးက အထုပ်တွေ သယ်လာကာ ပျာပျာသလဲ လှမ်းအော်တာကြောင့် သူကော ဝတ်ဆံခန်းကပါ လှည့်ကြည့်မိသည်။ သူက ဘာလဲ... မေးဆတ်လိုက်လျှင် အာနီးက အိတ်ထဲက baby Oil လေးထုတ်ကာ...

"body lighting လေ အာစီ"





"သြော်... ဟုတ်တယ် အစ်ကို၊ ဆီနည်းနည်းသုံးပေးရင် ပိုမိုက်မယ်၊ half ယူတဲ့အခါကျရင် ပိုပေါ်သွားတာပေါ့"

ဒီတစ်ခုတော့ ဝတ်ဆံခန့် ကြည့်ရတာ အတော်လေး အိုခေသွားဟန်ရှိသည်။ သူ့ကို ရှိန်နေဟန်လည်း သိပ်မရှိတော့။ professional တစ်ယောက် ပီသတာမို့ သူက သဘောကျမိသွားသည်။ သူမ အကြံပေးတဲ့အတိုင်း body အတွက် baby Oil လိမ်းဖို့ရာ သူ့စွပ်ကျယ်ကို အသာလှန်လိုက်သည်။ ပြီးတော့မှ သူက အားနာသွားစွာ ဝတ်ဆံခန့်ကို အသာကြည့်မိလျှင် ဝတ်ဆံခန့်က မျက်လုံးအသာလွှဲကာ...

"အားဆေးလုပ်လေ... ပြီးသွားရင် ခေါ်လိုက်နော်"

"အိုခေ... အိုခေ"

ဘယ်လိုပဲ pro pro ကောင်မလေးကတော့ ကောင်မလေးမှန်း သူက သဘောပေါက်စွာ အသာပြုံးမိသွားသည်။ အာနီးက သူ့ကို ဆီလိမ်းပေးနေရင်းက သဘောတကျဖြင့် ပြောသည်။

"တကယ်ကို ဆွဲဆောင်မှု ရှိတာနော်၊ အာစီ... သူလေးကတော့ အာစီနဲ့ အရမ်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ... လိမ်းမှာသာ လိမ်းစမ်းပါ၊ မင်း သိပ်စကား များတာပဲ"

အာနီးက အလိုက်တသိပင် ဘာမှ ဆက်မပြောတော့ သူ့စိတ်ထဲတော့ တစ်ခုခု လှုပ်ရှားမှု ဖြစ်နေပြီဆိုတာ သတိတော့ ထားမိ၏။ ဒါဟာ သူ့အတွက်တော့ ဆန်းကြယ်မှုတစ်ခုပဲ ဖြစ်သည်။ တော်တန်ရုံ စိတ်ဝင်စားမှုနည်းသော သူက ဒီကောင်မလေးကိုတော့ တစ်မျိုးသော စိတ်ခံစားမှု ပေးသလို ခံစားရလေ၏။

အဲဒီလိုနှင့်ပဲ သူက ခံစားချက်တွေကို လျစ်လျူရှုကာ အလုပ်ကောင်းဖို့ အတွက်ပဲ သူ့ mood တွေကို အာရုံစိုက်လိုက်ကာ man hunt အတွက် အကောင်းဆုံး ပုံကောင်းတွေကို pose ထုတ်နိုင်သလို ရိုက်တဲ့သူကလည်း အမိအရကို ရိုက်နိုင်တာမို့ ပုံထွက်ကောင်းဖို့ အတွက်ကတော့ လုံးဝပူစရာမလိုရဘူးဆိုတာ သဘောပေါက်ရလေသည်။ သူက အဲဒီအတွက် ကျေးဇူးတင်စွာဖြင့် ရိုက်ကူးရေး ပြီးသွားပြီဆိုသော အခါတွင်တော့ ဝတ်ဆံနှင့်နှင့်လည်း အတော်အသင့်တော့ ရင်းနှီးမှု ရခဲ့ပြီဖြစ်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် ကိုယ့်ကို အခုလိုမျိုး စိတ်ရှည်လက်ရှည် အချိန်ပေးပြီး ရိုက်ပေးတာ တကယ် မိုက်တယ်"





"ကျေးဇူးတင်ဖို့ မလိုပါဘူး၊ အစ်ကိုကလည်း တကယ် pose မိုက်လို့ပါ။ ပုံတွေက Retouching တောင် မလုပ်ရသေးဘူး။ အကြမ်းထည်နဲ့တင် တော်တော်လေး ကောင်းနေပြီဟာ"

"ဟား... ဒါဆိုရင်တော့ ပိုပြီး ကျေးဇူးတင်သွားပြီ။ မဖြစ်မနေ ပြိုင်ပွဲဝင်ရတော့မှာပေါ့"

"ပြိုင်ပွဲဝင်ရင်လည်း အစ်ကိုက သေချာပေါက် winner ဖြစ်မှာပါ။ ဩော်... မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဝတ်ဆံ သူငယ်ချင်း အကြင်နာတဲ့။ သူက ပုံတွေကို Retouching ပြန်လုပ်မယ့်သူလေ"

"တွေ့ရတာ အများကြီး ဝမ်းသာပါတယ်ဗျာ၊ ဝတ်ဆံနဲ့ကော ဟောဒီက အကြင်နာနဲ့ပါ ခင်မင်ခွင့်ရတာ ကျွန်တော်တော့ ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ ကိုကိုကိုမောင်ရဲ့"

"ဩော... ပုံကောင်းလေးတွေ အများကြီး ရတော့မယ်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခင်ရာမင်ရာ စကားတွေပြောရင်း အတော်အတန် ရင်းနှီးမှု ယူလိုက်သည်။ ဝတ်ဆံခန့်ကော အကြင်နာပေါ်ဘော်ဒါစိတ် အပြည့်ရှိသော ခင်မင်မှု ရှိသူတွေမို့ သူက တော်တော့်လွှေး သဘောတကျ ဖြစ်မိတာဖြစ်သည်။ ထို့အတူ ဝတ်ဆံကလည်း သူ့ကို ပြန်လည်နှစ်လိုဖွယ်ရှိကြောင်း မြွေမြွေချင်းတော့ ခြေမြင်လေသည်။ သူက ဆက်လက် ခင်မင်ဖို့ရာ အကန့်လေးတွေ စိတ်ထဲမယ် ရှိနေတာကြောင့် သူ့ရဲ့ visiting card လေး ထုတ်ပေးကာ ဆက်သွယ်မှု ရှာရလေသည်။

"ဒါက ကိုယ့်ကတ်ပါ၊ ကိုယ့်ရဲ့အဓိကအလုပ်ကတော့ Gym trainer ပါ၊ ဝတ်ဆံတို့ လာမယ်ဆို ဖိတ်ခေါ်ပါတယ်။ Gym ခန်းကတော့ ကျွန်တော့်အဒေါ် ဖွင့်ထားတာပါ။ ကျူတုန်း promotion ဆင်းတာပါ"

"wow... ဒါကြောင့်မို့ man hunt မှာ ပြိုင်တာကိုး။ အခုလိုမျိုး GYM ဆော့တဲ့သူမျိုးဆို ဝတ်ဆံက သိပ်အားကျတာ ဝတ်ဆံက အပျင်းထူတယ်။ အဲလိုမျိုး တစ်ခါမှကို မလုပ်ဘူးတာ။ အကြင်နာလည်း ထိုနည်းလည်းကောင်းပဲ။ ဒါပေမဲ့ အခု အစ်ကို Gym trainer ဆိုတော့ လာတော့ လာရမှာပေါ့"





"ကြင်နာတို့ လာလည်ရင် မုန့်ကျွေးရမှာနော်၊ ဒီတိုင်းတော့ မရဘူး"

"GYM လာမှ မဟုတ်ပါဘူးဗျာ။ ဒီတိုင်းလည်း ကျွေးပါတယ်။ အခု အလုပ်လည်း ပြီးသွားပြီဆိုတော့ တစ်ခုခုသွားစားကြမယ်လေ။ ကျွန်တော် ဒကာခံပါရစေ"

"ကောင်းသားပဲ... သွား..."

"ကြင်နာ..."

အကြင်နာက သွားဖို့အတွက် တက်ကြွစွာ ပြောနေစဉ်မှာ ဝတ်ဆံခန့်က သူ့သူငယ်ချင်းအရှိန်ကို ဘရိတ်ပြန်အုပ်သော စကားရ ဖြတ်ပစ်သည်။

"ကျေးဇူးပါ အစ်ကို၊ ဝတ်ဆံတို့ အလုပ်ချိန်းထားတာလေး တစ်ခု ကျန်သေးလို့ပါ။ ပုံတွေ ရပြီဆို ဖုန်းဆက်လိုက်ပါမယ်"

ဒီလောက်ဆို ချေတာမှန်း သဘောပေါက်ကာ အချိန်တွေလည်း ရှိသေးသည်ကြောင့် သူက အသာတကြည်ပဲ ခေါင်းညိတ်လက်ခံလိုက်ကာ...

"အိုခေ... C u next time ပေါ့။ အဲဒါဆို ကိုယ်သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက အားလုံးကို နှုတ်ဆက်ကာ စတူဒီယိုထဲက ထွက်လာခဲ့တော့သည်။ ဝတ်ဆံခနဲ့ရဲ့ စကားပြော ချိုသော်လည်း အဲဒီစကားလုံးတွေနှင့် ဆန့်ကျင်ဘက် အကြောတင်းတင်းမျက်နှာဟာ သူ့အတွက်တော့ ဆပ်ပရိုက်စစ်တစ်ခုကို ဖြစ်စေသည်။ တစ်ဆက်တည်းမှာပဲ အဲဒီ မျက်နှာကြောတင်းတင်းမှ သဘောကောင်းသော နှစ်လိုဖွယ်ရှိသော အငွေ့အသက်တွေ လွှမ်းခြုံထားပြန်သေးသည်။ ဝတ်ဆံခနဲ့ကို သူ အနည်းငယ်ထက်ပိုစွာ ကြွေမိတယ်လို့တော့ ဝန်ခံပါရစေ။

✤ ✤ ✤





သူတို့ ထွက်သွားသောအခါ သူ့နောက်ကျောပြင်ကို မြင်ကွင်းထဲကနေ ပျောက်ကွယ်သည်အထိ လိုက်ငေးကြည့်နေမိသော ဝတ်ဆံကို အကြင်နာက သတိထားမိစွာ ဝတ်ဆံနောက်ကျောကို ဖြန်းခနဲမြည်အောင် ရိုက်လိုက်တာမို့ ဝတ်ဆံက အားခနဲ သအောင်ရကာ…

“ဟဲ့… သေပါပြီ၊ ဘာလုပ်တာတုန်း”

“အဲလောက်ထိ ငေးကြည့်နေတာ။ မျက်လုံးတွေ ဘာတွေ ကျွတ်ထွက်ကုန်မယ်”

အကြင်နာရဲ့ အရွဲ့စကားကြောင့် ဝတ်ဆံက ကိုယ့်အဖြစ်ကို ရှက်ရွံ့ရွံ့ ဖြစ်ရကာ အိုးမလုံ အုံပွင့်မျက်နှာပေးဖြင့် ခနဲ့ ရယ်မိရင်းက မထိန်းနိုင်တော့စွာ ဝါးလုံးကွဲ ရယ်ချမိလျှင် အကြင်နာကလည်း အကြောင်းသိနေစွာ သူပါ အော်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ် လိုက်ရယ်ရာ ဝတ်ဆံကို အိုက်တင်ကြီး တခွဲသားဖြင့် ပြန်လုပ်ပြလေသည်။

"ငါလေ ရယ်ချင်တာ ရယ်ချင်တာ ဆိုတာ မနည်းကို အောင့်ထားရတယ်၊ ဝတ်ဆံစန့်တို့ ဖွန်ကြောင်ချက်က နိုင်းကျော်တယ်။ ဟိုက နှုတ်ခမ်းလေးကိုက်ပြ မျက်ခုံးလေး ပင့်ပြတာနဲ့ လူက ငုက်ဖျားတက်နေတယ်။ ဟား... ဟား... ဘော်ဒီကြီးလည်း မြင်ကော သတိလစ်မသွားတာ ကံကောင်းတယ်၊ ငါက နှင့်နှာနှပ်ယူရပြီထင်တာ၊ ဖွန်ကြောင်ချက်"

"တိုးတိုးသက်သာ ပြောစမ်းပါဟယ်၊ ဟဲ့... ငါလည်း ဒီလိုပဲ မျောသွားတဲ့ဟာ၊ ဘယ်တတ်နိုင်မှာလဲ၊ နင်ကကော မကြွေလို့လား၊ ပြောစမ်းပါဦး"

"နင့်လောက်တော့ မဟုတ်ပါဘူး အဘွားကြီးရယ်၊ တကတဲ နင်က လွန်ကိုလွန်တယ်၊ ဟုတ်... အဆင်ပြေပါတယ် အစ်ကို... အစ်ကိုနဲ့။ စမင်ကို ကတ်တယ်၊ လုပ်နေတာက"

အကြင်နှာနဲ့က ငယ်ပေါင်းကြီးဖော် ပီသစွာ ဝတ်ဆံကို အသေအကြေတွေ ဖွဲ့နေလျှင် ဝတ်ဆံမှာ ကိုယ့်အကြောင်း ကိုယ် သဘောပေါက်တာမို့ ရှက်ရယ် ရယ်ကာ ကြင်နှာမကိုပဲ ရမ်းရတော့တာဖြစ်သည်။





"သွားပါ... ဘာတွေ လာပြောနေတာမှန်း မသိဘူး"

"ဟယ်... အော့ ရှက်တဲ့ ရုပ်ကြီးလား၊ တစ်ခါမှ မတွေ့ဖူးဘူးဟယ်၊ လာပါ... ဆယ်ဖီလေး တစ်ပုံလောက် ဆွဲရအောင်"

"သွားစမ်းပါ... အဲဒီ အကြင်နှာမဟာလေ သူများသားသမီးကိုဆို ဖွဲ့မယ်ဆိုတာကြီးပဲ"

"ဟယ်... ရှက်တယ်တယ်တော့"

"ဘာကို ရှက်ရမှာလဲ၊ ဟုတ်တယ်ဟော့... ဟုတ်တယ်... ငါ့ဘာသာငါ Crush တာ ဘာဖြစ်လဲ၊ နင်သာ စနိုက်လာ မကြော်နဲ့"

ဝတ်ဆံက ရှက်ရှက်နှင့် အကြင်နှာမကိုပဲ ဆနိရင်းနှာနှာဖွတ်ခဲ့လျှင် အကြင်နှာမကလည်း တစက်မှ မခံစွာ လှမ်းအော်လေ၏။

"အေးဟော့... ခွက်... ခွက်... နင့် Gym trainer မော်လ်ဒယ်လေးကို ဖွန်ကြောင်နေကြောင်း ဖေ့စဘုတ်ကို လုပ်ပေးဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံက အခန်းထဲကနေ အဝိုင်းသားကြားရသော အကြောင်နာမရဲ့ စကားအတွက် သဘောတကျဖြင့်သာ ရယ်နေရသည်။ တစ်ခါတလေကျတော့လည်း ဆန်းကြယ်သည်။ မိန်းကလေး တစ်ယောက်အတွက် ယောက်ျားလေးတစ်ယောက်ဟာ အထူးအဆန်းမျိုးတော့ မဟုတ်ပေ။ ဒါပေမဲ့ ကိုယ့်ကို သဘောကျစေတဲ့ ယောက်ျားလေးမျိုး ဆိုရင်တော့ စိတ်ထဲမယ် မြင်ရတာနဲ့ကို ကြည်နူးမိတာမျိုး၊ တွေ့လိုက်တာနဲ့တင် ပျော်နေတာမျိုး စသော ကောင်းသော ခံစားချက်သာ ရင်ထဲ ရောက်လာတတ်တာမျိုးလေ။

အခုလည်း ထူးဆန်းလှစွာဖြင့် ဝတ်ဆံဆီမှာ ဓာတ်ပုံ လာရိုက်တဲ့ အဲဒီဘဲကြီးကို ရေလည်ကို Crush မိသွားသည်။ အဲဒါဟာ အချစ်လိုမျိုး ခံစားချက်မျိုးလည်း မဟုတ်။ ကြည့်ရတာနဲ့တင်ကို သဘောတွေ ကျနေတာမျိုး။

အင်း... Crush တယ်ဆိုတဲ့ ခံစားချက်မျိုးဟာ ခံစားဖူးသူကတော့ ဘယ်လိုမျိုးလဲ ဝတ်ဆံကို ကိုယ်ချင်းစာတတ်မှာပါ။ အဲဒါမျိုးက ချစ်တာမျိုးလည်း မဟုတ်ဘူး။ ဆိုပါတော့ ကိုယ်အရမ်းကြိုက်တဲ့ ရုပ်ရှင်မင်းသား တစ်ယောက်ကို အပြင်မှာ မြင်လိုက်ရတဲ့အခါ စိတ်ထဲကြိုက်လည်း စကားသွားမပြောရဲဘဲ



မြင်နေရတာနဲ့ တော်တော်လေး ပျော်မိနေသလိုမျိုးလေ။ အဲဒီလိုလေးပဲ ဝတ်ဆံက သူ့ကို Crush မိတာပါ။

တကယ်လည်း Crush ချင်စရာ ကွီးက မိုက်နေတာကို။

✤ ✤ ✤

www.burmeseclassic.com



(၆)

ကိုကိုမောင် ဆိုသော အမျိုးသားဟာ တကယ့်ကို ပဲ photogenic ဖြစ်တာပဲ ဖြစ်သည်။ မနေ့က အကြင်နာ ပြန်ပြီး Retouch လုပ်ထားသော ပုံတွေကို ပြန်စစ်ကြည့်နေချိန်မှာ ကိုယ့်ရဲ့ရိုက်ချက်တွေကိုလည်း တကယ်ပဲ အားရကျေနပ်မှုရှိသလို ပုံတွေကလည်း တကယ့်ကိုမှ စွန်း hot သော ပုံတွေဖြစ်တာမို့ အရှိမ်းကို ကြွေရကာ ပုံတွေ မြင်ရတာနဲ့တင် ရင်တုန်ပန်းတုန် ရှိလှပေသည်။ သူသာ မင်းသားတွေ ဘာတွေ လုပ်လို့ကတော့ မြန်မာပြည်က Facebook စာမျက်နှာမှာ ကြွေဘီလေ ကွဲးရယ် ဆိုပြီး သည်းသည်းအလှုပ်ခံရတဲ့ crush ခံ လူတန်းစားဖြစ်မှာ ကျိန်းသေပဲဖြစ်သည်။ ဝတ်စံက မြင်ရတာနှင့်ကို နှစ်လိုဖွယ်ကောင်းသော သူ့မျက်နှာကို ကွန်ပျူတာ screen ထက်မှာ ကြည့်မဝစွာ





ငေးမောကြည့်မိနေခိုက်မှာ ခုနစ်သံချီအောင် စူးနေသော အသံတစ်ခုက နားထဲအရင်ဝင်လာ၏။

"ဝတ်ဆံခန့်ရေ... အဲဒီမှာ ဖုန်းလေးပွတ်လိုက်၊ ကွန်ပျူတာလေး ဖွင့်လိုက်နဲ့ သာယာမနေနဲ့ဟေ့။ အမေကိုလည်း ဝိုင်းကူဦး"

တစ်နေ့က ဒယ်ဒီနှင့် ဟိုစက်ကတ်ကြေးကိစ္စ ကျိုင်ပြီးကတည်းက မာမီတစ်ယောက် မကျေနပ်တာတွေ ရှိနေတာ ခုန်း သိတာကြောင့် ဝတ်ဆံက အလိုက်သိစွာ ငြိမ်နေသော်လည်း အခန်းထဲထိ ပြဿနာလာရှာတာမို့ ဓာတ်ပုံတွေ ကြည့်နေတာ တွေ့သွားရင် အကောခံရမှာ စိုးတာကြောင့် ဝတ်ဆံက Macbook ကို ဆတ်ခနဲပိတ်လိုက်ကာ အခန်းထဲဝင်လာသော မာမီ့ကိုကြည့်လိုက်လျှင် ဟယ်... ခနဲတောင် အာမေဋိတ် ပြုမိသွားသည်။

"မာမီ..."

မာမီဟာ ဆံပင်တွေကို ကောက်လိပ်တွေဖြင့် လိပ်ထားကာ စပန့်ဂါဝန်ရှည်ပွပွဖြင့် ငါးကျပ်သား ရွှေဆွဲကြိုးကြီးတွေ ဘလင်း ဘလင်း ထနေပြီး တကယ့်ကို ကိုရီးယားကားထဲက ဖရိုဖရဲ အဘွားမပုံစံ ဖြစ်နေတာမို့ အံ့အားသင့်နေတုန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မာမီက ဝတ်ဆံ ခုတင်ပေါ် အိစနဲ့ ဝင်ထိုင်ကာ လက်ထဲက ကိုင်လာတဲ့ အဝတ်ခြင်းတောင်းကြီးချကာ စတင်ပွားတော့တာ ဖြစ်သည်။

"ညည်းမလဲ… စတူဒီယို တစ်ရက်ပိတ်တယ်၊ မအေးကို တစ်ချက်ကလေး ကူမယ်မရှိဘူး။ အခန်းထဲဘဲ အောင်းနေတယ်။ ဘာတွေ လုပ်နေတာလဲ"

"စတူဒီယိုက အလုပ်လေးတွေ နည်းနည်းပါလာလို့ပါ မာမီရယ်။ ဒါနဲ့ မာမီ့ဒီဇိုင်းတွေက ဘယ်လိုဖြစ်သွားတာလဲ"

ဝတ်ဆံမေးခွန်းအတွက် မာမီက ချေမိုးနေသော မျက်နှာထားဖြင့် ခပ်ချေချေပဲ ပြန်ဖြေလေသည်။

"ဟဲ့… ဒီမှာ ငါက အိမ်တွင်းအောင်းပြီး တစ်နေ့ တစ်နေ့ အိမ်အလုပ်ကြီးပဲ ထိုင်လုပ်မနေနိုင်ဘူး၊ ကိုယ့်အလှ တရားအတွက်လည်း ကိုယ်ပြင်ဆင်ရမှာပဲ"

"ဟဲ… ဟဲ… မာမီကလည်း ဒါလေး မေးမိတာကို ပြန်ဖြေတာကလည်း ချေလိုက်တာ။ တို့မာမီက အခုမှ တအား ကို လန်းသွားတာ။ ဒယ်ဒီနဲ့ အိုခေသွားပြီလား"

"သွားစမ်းပါ… ညည်းအဖေကိုတော့ စိတ်နာလွန်းလို့"





မာမီက ရေရေလည်လည် ပေါက်ကွဲနေတာမှန်း သိသာနေတာကြောင့် ဝတ်ဆံက မာမီ့ စိတ်ခံစားမှုအတွက် ပြေရာပြေကြောင်းဖြစ်အောင် မာမီ့ကို ပခုံးဖက်ကာ နှစ်သိမ့်ရင်း ချော့ရလေသည်။

"မာမီရယ်… ဒယ်ဒီက အဲလိုလူမျိုး မဟုတ်ပါဘူး။ မာမီ အထင်လွဲတာ ဖြစ်မှာပါ။ မာမီ့ကို ဒယ်ဒီက ဒီလောက် ချစ်တဲ့ဟာ၊ အမယ်လေး… နောက်အငယ်အနှောင်းထား ဖို့ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စကြီးပါ"

"ဒီခေတ်မှာ အဘိုးကြီးတွေတောင် စကီအလန်းလေးတွေ ချိန်နေတဲ့ခေတ်မှာ နင့်အဖေက ဘာသားနဲ့ ထုထားမှာမို့ လို့လဲ။ သူနဲ့ အဲဒီ အေမီဆိုတဲ့ မိန်းမကြားထဲမှာ ပတ်သက်မှု တစ်စုံတစ်ရာ ရှိကို ရှိနေရမယ်။ ငါကတော့ ရအောင် ကို ဖော်ထုတ်မယ်။ အကယ်သာ နင့်အဖေ အဲဒီမိန်းမနဲ့ ဖြစ်နေလို့ကတော့ကွာ…"

ပြောရင်းနဲ့မှ မာမီ ဒေါသ tempo က တက်လာတာ ကြာရင် ပိုဆိုးတော့မှာမို့ ဝတ်ဆံက အချိန်မီ ဘရိတ်ပြန်ဖမ်းတာ မာမီ့ကို အာရုံလွှဲရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ... ကဲပါ... မာမီရှယ်။ အဲဒီလို လုံး၀မဖြစ်နိုင်ဘ

ဘူး။ ဒါဟာ အထင်မှားမှု သက်သက်ပါ။ ဩော်... မာမီ

၀တ်ဆံကို ခိုင်းမလို့ဆို။ ပြော... ပြော... စမီး ဘာလုပ်ပေး

ရမလဲ"

"ဟင်း... အိုက်တင်တွေကတော့ အဖေကော သမီးကော

တစ်ပုံတည်းပဲ"

"ကဲပါ... မာမီရယ်၊ မဟုတ်တာတွေကို ခေါင်းထဲမထည့်

ပါနဲ့၊ ပြောပါ... စမီးကိုပဲခိုင်း၊ မာမီက အေးဆေးနေ

စမီး ဘာလုပ်ပေးရမလဲ"

"ဟင်း... အပိုတွေ ဘာမှလာမပြောနေနဲ့၊ ဒီနေ့ကစပြီ

အိမ်အလုပ်တွေကို ငါ မလုပ်တော့ဘူး၊ ညည်းပဲလုပ်တော့

အခု ခြင်းထဲက အ၀တ်တွေကို လျှော်စက်ထဲထည့်ပြီး

တစ်ခါတည်း အခြောက်ခံခဲ့။ အမွှေးရည် ထည့်လျှော်နော်"

မာမီရဲ့စကားကြောင့် ၀တ်ဆံက တအံ့တဩဖြင့်

လျှော်ပါဆိုသော အ၀တ်ခြင်းတောင်းကို ကြည့်လိုက်မိသည်။

ဘုရား... အ၀တ်ဟာ တစ်ခြင်းအပြည့် ဖြစ်၏။ အမှန်အတိုင်း

ပြောရရင် အိမ်က အ၀တ်လျှော်စက်ဆိုတာ ၀တ်ဆံ မြင်သာမြင်





ရုံတာဖြစ်ပြီး အဲဒီစက်ကို ယောင်လို့တောင်မှ မသုံးခဲ့ပေ။ အခု

တော့ မာမီဟာ အ၀တ်တောင် လျှော်ခိုင်းတယ်။

"မာမီ... ဒီ... ဒီအ၀တ်တွေကို သမီးက..."

"ဟုတ်တယ်... မအံ့ဩနေနဲ့။ နောက်ရက်တွေကစပြီး

အ၀တ်လျှော်တဲ့ တာ၀န်ကို ညည်းပဲလုပ်ရမယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"အ၀တ်လျှော်ဖို့ အချိန်မရဘူး၊ အ၀တ်လျှော်ဖို့တင် မဟုတ်

ဘူး၊ ဒီအိမ်မှာ ထမင်းချက် ဟင်းချက် အိမ်မှုကိစ္စတွေ

အားလုံးကို ငါ ဘာတစ်ခုမှ မလုပ်နိုင်တော့ဘူး"

"ဘာ... ဘာလို့လဲ"

"ဒါတွေ မေးမနေနဲ့။ ဒီနေ့ကစပြီး ငါလည်း ငါလုပ်ချင်

တာ ငါလုပ်မယ်၊ အိမ်မှုကိစ္စတွေနဲ့ အိမ်ထဲအောင်းပြီး

မနေနိုင်ဘူး။ ဘ၀မှာ သားကိုသခင် လင်ကိုဘုရားလုပ်ပြီး

ငါ ထိုင်တုံးမနေနိုင်တော့ဘူး၊ နင်တို့မာမီ ဘယ်လောက်

လန်းသလဲဆိုတာ ကြည့်နေလိုက်။ အ၀တ်တွေ သေချာ

လျှော်လိုက်နော်"

"မာမီကကော..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ... ကျုပ်က ညည်းကို မွေးထားတဲ့ အမေပါ။ မေးခွန်းတွေ လာထုတ်မနေနဲ့။ ခိုင်းတာသာ သေချာလုပ်။ ငါ မျက်နှာပေါင်းတင်လိုက်ဦးမယ်"

မာမီက အရင်နဲ့မတူစွာ ကြော့ကြော့မော့မော့ဖြင့် ထွက်သွားလေလျှင် ငေါင်တိငေါင်တောင်ဖြင့် ကျန်နေခဲ့သူမှာ ဝတ်ဆံပဲ ဖြစ်သည်။ ခဏလေးအတွင်းမှာ မာမီတစ်ယောက်ဟာ လုံးဝကို ပြောင်းလဲသွားတာပဲဖြစ်သည်။ ဒယ်ဒီနှင့် သူ့စက္ကူထင် အေမိကို အတူတွဲမြင်လိုက်ကာ ဖြစ်လာတဲ့ မကျေနပ်မှုတွေဟာ ဒယ်ဒီကို အဲဒီစက္ကူထရီ အလုပ်ဖြုတ်ခိုင်းရာကနေ ဒယ်ဒီက လက်မခံရာကစတဲ့မီးဟာ တအုံနွေးနွေးဖြစ်၍ အခဲမကျေစွာဖြင့် မာမီ တစ်ယောက် ပြန်အရွဲ့တိုက်တော့တာ ဖြစ်သည်။

မာမီနှင့် ဒယ်ဒီကြားတော့ ပြဿနာကတော့ တော်တော်နှင့် မအေးဘူးဆိုတာ တွေးတော့ တွေးမိသည်။ ဒါပေမဲ့ လောလောဆယ်မှာတော့ ဝတ်ဆံက အရင်ဆုံး စတင်ဝွမ်းပြိုခြင်း သည်။ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းမောတစ်ခုကိုချကာ ရှေ့မှာကျထားတဲ့ အဝတ်ခြင်းကို ကြည့်လိုက်မိသည်။ အင်း... ဘဝ... ဘဝ။





ကာင်မရာခလုတ်နှိပ်ကာ အနုအစွလေးတွေ အမိဖမ်းနိုင်တဲ့ ဒီလက်ညှိုးလေးက အခုတော့ အဝတ်လျှော်စက်ခလုတ် နှိပ်ရမယ်တဲ့။ ဝတ်ဆံက စိတ်ပျက်လွန်းလှစွာဖြင့် အဝတ်ခြင်းကို ယူကာ အောက်ထပ်ဆင်းလာရတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းတစ်ခုရဲ့ ကျက်သရေဟာ ဘရိတ်ဖတ်စ် ဝိုင်းပါ ဆိုတာကြောင့် မနေ့ညက diet လုပ်ထားသမျှဟာ အခု မနက် မိုးလင်းတော့ ဗိုက်က တော်တော်လေးကို ဆာနေပြီဖြစ် သည်။ ဒီနေ့တော့ အလုပ်လည်း အေးဆေးမှ သွားရမှာ ဖြစ်တာ ကြောင့် မနက်ခင်း ဒယ်ဒီနှင့် မာမီတို့နှင့် အတူတူ ဘရိတ်ဖတ်စ် စားဖို့ အောက်ကို ခပ်သွက်သွက်လေး ဆင်းလာလျှင် စီခနဲ့အသံ က ဦးစွာ အရင်ဆုံး ကြားရတာပဲ ဖြစ်သည်။ ဒယ်ဒီနှင့် မာမီ ရန်ဖြစ်ကြပြီဆိုသော စိုးရိမ်စိတ်နှင့်အတူ ဝတ်ဆံက ထမင်းစားခန်း ထဲ အပြေးအလွှား ဝင်လာလျှင် ဒယ်ဒီနှင့် မာမီ့ပြဿနာက ဆီး လို့ နှုတ်ဆက်နေတာပဲ ဖြစ်သည်။ ဝတ်ဆံက ဒယ်ဒီတို့နှစ်ယောက် ကြား အပြေးဝင်လာရကာ ပွဲထိန်းလုပ်ရတော့၏။



"တော်ကြပါတော့ ဒယ်ဒီနဲ့ မာမီရယ်၊ ရှက်စရာကြီး လူ ကြားလို့လည်း မကောင်း၊ ဘာဖြစ်ကြပြန်တာလဲ"

"ဘာဖြစ်ရမလဲ သမီးရယ်၊ မင်းမာမီတော့ ငါလုံးဝမပြော ချင်တော့ဘူး၊ ဘယ်မှာလဲ ... ငါတို့အတွက် ဘရိတ်ဖတ်စ်၊ မနက်စောစောစီးစီး ငါ့ကို ဒေါကန်အောင် လာလုပ်နေ တယ်"

"ဒီမှာ ဦးမဟာကျော်... ရှင့်စကားကို ပြင်ပြောလိုက်ရင် ကောင်းမယ်၊ ကျွန်မက ဒီအိမ်မှာ ဘာလဲ၊ ရှင့်အလုပ်သမား လား၊ မနက်စာ မစီစဉ်ပေးထားတာနဲ့ ကျွန်မကို အော်ဟစ် ပြဿနာရှာရအောင်"

"ဟ... မင်းက အိမ်ရှင်မလေ။ ဒါတွေက မင်းလုပ်ရမယ့် အလုပ်တွေ၊ ငါက တစ်နေကုန် အပြင်ထွက် စီးပွားရှာနေ ရတာ"

"ဩော်... စီးပွားနေရတာလား၊ ဟင်း... မသိပါဘူး"

"တင်တင်... မင်း တော်တော့နော်၊ ငါ့သမီးရှေ့မှာ ဖဟုတ်တဲ့စကားတွေ လာမပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ခွန်း များနေကြတဲ့ စကားတွေအတွက် ဝတ်ဆံဟာ တကယ်ပဲ စိတ်တွေရှုပ်ထွေးလာရကာ တားမြစ်ရတော့သည်။

"တော်ကြပါတော့၊ ဒီကိစ္စလောက်ကတော့ ဒယ်ဒီနဲ့မာမီ ရန်မဖြစ်သင့်ပါဘူး၊ ဒယ်ဒီ သမီး ဘာရိတ်ဖတ်စ် ပြင်ပေးမယ် စောလေးပဲစောင့်"

"နေ… နေ… သမီး… ထားလိုက်။ ဒယ်ဒီ မစားတော့ဘူး။ ဒီမှာ တင်တင်နန့်၊ မင်းကို ငါကြည့်နေတာ ကြာပြီနော်၊ မင်းရဲ့ အချိုးအချိုတ်တွေက လုံးဝမဟုတ်တော့ဘူး။ မင်း ဘာတွေကို ပြဿနာရှာနေတာလဲကွာ"

"ရှင်ကို ကျွန်မအတွက် အရှင်းဆုံး ပြောထားပြီးသား ရှင့်အလုပ်က အဲဒီစက်ကပ်ကြေးမ အေမီကို အလုပ်ထုတ်မလိုက်၊ ဒါဆို အားလုံးအေးချမ်းသွားမယ်"

"မဆိုင်လိုက်တာကွာ၊ ငါက သူ့ကို ဘာအကြောင်းနဲ့ အလုပ်ထုတ်ရမှာလဲ"

"ရှင်က ဘယ်ထုတ်ရက်မလဲ၊ ရှင့်ကို အဲဒီဟာမက အိုင်ကလီတွေ လုပ်နေတော့ ရှင် သာယာနေတာ မှုလား"





"တင်တင်… မင်း တော်စမ်း။ ဘာလဲကွာ၊ အမိုပွာယ်မရှိ သမီးရှေ့မှာ ငါ့ကို မဟုတ်တမ်းတရားတွေ လာမစွပ်စွဲနဲ့"

"အေး… အဲဒါဆိုရင်လည်း အိမ်က မိန်းမရဲ့ ဂရုစိုက်မှုကို ပြန်ရဖို့တော့ မမျှော်လင့်နဲ့"

"အေး… နေပေါ့ကွာ"

ဒယ်ဒီက ဒေါကန်ကာ ဝုန်းဒိုင်းလုပ်ပြီး ထွက်သွားလေလျှင် မျက်ရည်အဝဲသားဖြင့် ကျန်နေခဲ့သူမှာ မာမီပဲဖြစ်၏။ ဘယ်လိုဖြစ်လို့ ဒယ်ဒီနဲ့ မာမီကြားထဲ ပြဿနာတွေ ရှိကုန်ရတာသဲ။ အမိက,ကတော့ ဒယ်ဒီ့စက္ကူထရီ ဒယ်ဒီကို ဇက်ကြောဆွဲဆား ရာကနေ စသည်။ အဲဒါလောက်နဲ့တော့ မာမီထင်သလိုမျိုး ဒယ်ဒီနှင့် အဲဒီစက္ကူထရီ ဖောက်ပြန်နေပါတယ်လို့တော့ မသတ်မှတ်နိုင်ပေ။ ဒါပေမဲ့ အချစ်ကြီးတဲ့ မာမီက သူ့ သဘောမတွေ့တဲ့ သူတစ်ယောက်ကို ဒယ်ဒီ့အနီးအနားမှာ ရှိနေတာကိုက ပြဿနာဖြစ်နေတာက အေမီ့ကို အလုပ်မထုတ်သည့်အတွက် အိမ်မှာ မာမီတစ်ယောက် တစ်ကိုယ်တော် ဆန္ဒတွေ ထုတ်ဖော်နေတာ အိမ်အလုပ်တွေ ဘာမှမလုပ်တော့ရာကမှတစ်ဆင့် အရေ



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ဖတ်စစ်ပိုင်းပါ ဘာမှ မစီစဉ်ပေးထားဘူး ဆိုသော အခါ တွင်တော့ ဒယ်ဒီ စိတ်တိုသွားတာလည်း မတတ်နိုင်ချေ။

ဝတ်ဆံက ဒယ်ဒီနှင့် မာမီကြားက မငြိပက္ခအတွက် ရင်မောရကာ မျက်ရည်အဝဲသားဖြင့် ကျန်နေခဲ့သော မာမီကိုသာ ပြေရာပြေကြောင်း နှစ်သိမ့်ရတော့လေသည်။

"မာမီရယ်... ဒယ်ဒီက စိတ်ရှုပ်ပြီး ပြောသွားတာပါ၊ စိတ်ထဲမထားပါနဲ့နော်"

"သူ့မှာပဲ စိတ်ရှိတယ်၊ ငါကျတော့ စိတ်မရှိရတော့ဘူး၊ သူပဲ ဒေါကန်တတ်တယ်၊ ငါကျတော့ ငြိမ်ခံပေါ့... တောက်... အိမ်ကမိန်းမဆိုတဲ့ ဟာတွေက ကြာလေချည် လေပဲလား"

မာမီကလည်း ဒေါကန်ကာ ပြောဆိုပြီး ထွက်သွားလေလျှင် အသက်ရှူကျပ် ကျန်နေခဲ့ရတာကတော့ ဝတ်ဆံပဲဖြစ်၏။ မာမီကလည်း မနက်စာ ဘာမှမစီစဉ်ထားတာကြောင့် ငိုနေတဲ့ ဗိုက်အတွက် မနှုးကိုပဲ မာမားခေါက်ဆွဲပြုတ်ခိုင်းကာ ဖြေရှင်းရတော့သည်။





"မနှုးရယ်... နောက်နေ့ မာမီ မလုပ်လည်း မနှုးပဲ စီစဉ်ထားလိုက်နော်"

"နှုးနှုးက လုပ်နေပါတယ် မမလေးရယ်။ မေမေကြီးက ဘာတစ်ခုမှ မကိုင်ရဘူးတားလို့။ အခုဆိုရင် မေမေကြီးက ဒီနိုင်းတွေ ပြောင်းနေတယ်။ အိမ်မှာလည်း မနေဘူး မမလေးရဲ့"

မနှုး စကားကြောင့် အံ့အားတသင့် ဖြစ်သွားရကာ ထပ်မေးရသည်။

"ဟင်... မာမီက အိမ်မှာပဲ တစ်နေ့ကုန်ရှိတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး မမလေးရဲ့၊ အခုတလော အဖေကြီးနဲ့မမလေး အလုပ်သွားပြီဆိုတာနဲ့ မေမေကြီးကလည်း သွားတယ်၊ အလှတွေ သွားပြင်နေတာ ထင်တယ်"

"ဟင်း... ဒယ်ဒီနဲ့ မာမီလည်း ဘာတွေဖြစ်နေကြမှန်းကို မသိတော့ပါဘူး"

ဝတ်ဆံက လေပူတစ်ချက် မှုတ်ထုတ်ကာ ခေါက်ဆွဲပြုတ်ကို စိတ်မပါ လက်မပါ စားလိုက်သည်။ အခုကျမှပဲ မာမီ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးတဲ့ တစ်နေ့တစ်မျိုး မရိုးနိုင်သော မနက်စာ မွှယ်မွှယ်ရာရာတွေကို သတိရလာမိသည်။ မာမီက ဘာမှ အိမ်ကိစ္စ မလုပ်ဘူးဟု တရားဝင် စစ်ကြေညာလိုက်သောအခါမှာတော့ ဝတ်ဆံတစ်ယောက် ခေါက်ဆွဲပြုတ်နှင့်သာ နှစ်ပါးသွားရရှာတော့တာပဲ ဖြစ်သည်။

✤ ✤ ✤


ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစီဿလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"






မိန်းမတစ်ယောက်အတွက် ရင်ထဲမှာ ပူပူလောင်လောင် ခံစားရသော ခံစားချက်တွေ များစွာ ရှိကောင်းရှိနိုင်မည်။ ဒါပေမဲ့ ကိုယ့်ယောက်ျားနှင့် အဆင်မပြေဖြစ်ကာ အဲဒီအဆင်မပြေတဲ့ ကိစ္စဟာလည်း တခြားမိန်းမတစ်ယောက်ရဲ့ကိစ္စနဲ့ နီးနွယ်ပတ်သက်နေတဲ့ ကိစ္စကတော့ မိန်းမတစ်ယောက်ရဲ့ အဆိုးဝါးဆုံးသော ပူလောင်မှုဟု တင်တင်ကတော့ ယူဆလေသည်။

အခုလည်း တင့်တင့် ရင်ထဲမှာ မီးတောက်နေရတာပဲ ဖြစ်သည်။ ကြိမ်ဖန်များစွာက မိန်းမချက်နှာ တစ်ချက်ညှိုးမှာကို စိုးရိမ်တတ်ခဲ့သော ခင်ပွန်းသည်ဟာ အခုချိန်မှာတော့ ပြောသမျှစကားတိုင်းကို ရန်စွယ်နှင့်ငေါငေါ ပြန်ဖြေကာ အိမ်မှာဆိုအပြုံးအရယ်မဲ့နေတတ်သော အမူအရာတွေအတွက် ရင်ထဲ အသည်းသားတွေ ကလိ ကလိဖြင့် ဒေါကန်ရကာ အဲဒီဒေါသအတွက် သူ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိပါစေတော့ဆိုကာ ကိုယ်က မကျေနပ်ဖြစ်နေတယ်မှန်း သိအောင် အိမ်ကိစ္စတွေ ဘာမှမလုပ်ဘဲ အိမ်ရှင်မတာဝန်ကို ရပ်ဆိုင်းပစ်လိုက်ခြင်းအတွက် ကိုယ်မျှော်လင့်ထားခဲ့သည်က မိန်းမတစ်ယောက်ရဲ့ အရေးပါမှု တန်ဖိုးဆိုတာ ဘာမှန်း သိစေချင်တာ ဖြစ်ပေမယ့် တကယ် ကိုယ်ရခဲ့တာကတော့ နေပေါ့ကွာတဲ့။

ဒီစကားလုံး သုံးခွန်းတည်းအတွက် တင်တင်မှာ မျက်ရည်ပေါက်ကြီးငယ် ကျရကာ စိတ်ထဲမယ်—တနုံ့နုံ့ဖြင့် ဒေါကန်နေရတာ ဖြစ်သည်။ တင်တင် သူ့ကို ဘယ်လောက်ပဲ ပြဿနာရှာရှာ အေမီ ဆိုတဲ့ စက္ကူထရီမကို အလုပ်မဖြုတ်နိုင်ပါဘူးဟု ပြောကတည်းက ဒါဟာ သူတို့နှစ်ယောက်ကြားမှာ တစ်နည်းနည်းတော့ ပတ်သက်မှုရှိရမယ်ဆိုတာ တန်းခနဲ သဘောပေါက်လေသည်။ မွေးထားတဲ့ တစ်ဦးတည်းသော သမီးဖြစ်သူကလည်း မအေဘက်က လိုက်မယ်ရယ် မရှိ။ ဒယ်ဒီ မဖောက်ပြန်ပါဘူး။ ဒယ်ဒီကို နားလည်ပေးလိုက်ပါ စသဖြင့် ပြေလည်ရေးတရားတွေပဲ မအေကို နားချတာမို့ ကိုယ့်တိုက်ပွဲတွေအတွက် ကိုယ်ကပဲ တစ်ဦးတည်း တိုက်ပွဲဝင်နေရတာ ဖြစ်သည်။





ကံကောင်းတာလေး တစ်ချက်က တင်တင် ကားနှင့် တိုက်မိမလိုဖြစ်တဲ့ ဟိုကောင်လေး ကိုကိုမောင်က အကြံကောင်းတွေ ပေးတတ်သူမို့ တင်တင်မှာ ကိုယ့်အပူအတွက် သူများကိုပဲ ဆေးနေရတာ ဖြစ်သည်။ ဒီနေ့လည်း ကိုကိုမောင့်ဆီက အကြံဉာဏ်လေး ရလိုရငြား ကိုကိုမောင်နှင့် စကားလာပြောရတာ ဖြစ်သည်။ သူ့ရဲ့တနုံ့နုံ့ ဖြစ်နေသော ခံစားချက်အတွက် ကောင်လေးက နားလည်ပေးတတ်စွာဖြင့် သူကမှ အားပေးဖော် ရဦးမည်။

"ယောက်ျားတွေရဲ့ သဘောသဘာဝက ဒီလိုပါပဲ အန်တီရယ်။ သူတို့က ယူထားတဲ့ မိန်းမကိုချစ်တယ်။ ဒါပေမဲ့ ဒီအချစ်တွေက အချိန်တွေ ကြာလာတာနဲ့အမျှ ဖုန်တက်လာတဲ့ သဘောပဲပေါ့။ ဥပမာဗျာ... အန်တီ အရမ်းလိုချင်တဲ့ သဘောကျတဲ့ အလှပန်းအိုးတစ်ခုကို ဝယ်ထားတယ်။ အိမ်မှာကတော့ အမြဲထားနေမှာပဲလေ။ ဒါပေမဲ့ တခြားကိစ္စတွေ ဘာတွေ ရှိနေတဲ့ အခါကျတော့ ဒီပန်းအိုး ကိုယ့်လက်ထဲလည်း ရောက်ပြီးရော နေ့စဉ်နေ့တိုင်း မြင်နေရတော့ ဒီအပေါ်မှာ ထူးထူးခြားခြား ဖီလင်ရယ် ပေါ်မလာတော့ဘူး၊ မယားကြီးတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမျိုးပဲ သူတို့ ကြိုက်လွန်းလို့ ဒီပစ္စည်းတစ်ခုကို ဝယ်ထားတယ်။ အိမ်မှာ နေ့စဉ်မြင်တွေ့နေတဲ့ အခါကျ အထူးတလည် ကြိုက်ပြရကောင်းမှန်း မသိတော့ဘူး"

"မောင်ကိုကိုရယ်... မင်းကလေး တကယ့်ကိုမှ စကား ပြောကောင်းတာပဲ၊ မင်းပြောတဲ့ အကြံပေးချက်တွေအတိုင်း က အန်တီ့အတွက်တော့ ကိုယ်ပြောချင်တာတွေကို ပြန် ကြားနေရသလိုပဲ။ အဲဒီတော့ အန်တီ ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ ဆိုတော့ ရှင်းပါတယ် အန်တီရယ်။ အိမ် မှာရှိတဲ့ အလှပန်းအိုးဟာ အရင်လိုပဲ လှပြီး အိမ်မှာကျက် သရေရှိရှိနဲ့ တန်ဖိုးထားချင်စရာကောင်းအောင် ရှိနေပါ တယ်ဆိုတာကို သတိထားမိအောင် ပြန်ဖန်တီးယူရမှာပေါ့။ အန်တီ ဘယ်လိုဖြစ်ချင်လဲ၊ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်"

ကိုကိုမောင့် စကားကြောင့် တင်တင်က အနည်း ငယ်တော့ အားတက်သွားသည်။ တကယ့်ကိုပါ အဖိုးတန်သော စကားဖြစ်သည်။ မိန်းမတစ်ယောက်အတွက် ခံစားရတဲ့ ခံစားချက် ထဲမှာ ကိုယ်ချစ်တဲ့ ကိုယ့်ယောကျ်ား သူများဆီ ပါသွားမှာ





ကိုယ့်ယောကျ်ားဆီက ချစ်ခင်မှု ကိုယ့်ဆီမှာ မပိုင်ဆိုင် မရှိတော့ တဲ့ အခါမျိုးမှာ ထိခိုက်ခံစားရတဲ့ ခံစားချက်ဟာ အတိုင်းအဆ မရှိလောက်အောင် ဆိုးဝါးမှန်း လက်တွေ့သိနေတာမို့ အဲဒီအတွက် တကယ်ပဲ မခံချိမခံသာ ဖြစ်ရလေသည်။ အဲဒီအတွက် အရင်လို ဆိုတဲ့ အခြေအနေ အနေအထား တစ်ခုရောက်အောင် ဘာမဆို ဖန်တီးရမှာပဲ ဖြစ်၏။

"တကယ်တော့လေ အန်တီ မင်းကို အခုလိုတွေ တိုင်ပင်ရ ပြောနေဆိုနေရတာတွေဟာ အန်တီ့ရင်ထဲမှာ တော်တော် လေး ခံစားနေရလို့ပါကွယ်၊ မင်းဟာ အန်တီ့သားအရွယ် လောက်ပဲရှိတဲ့ ကလေးတစ်ယောက်ပါ၊ မင်းဆီက ဒီလိုမျိုး အားပေးစကားတွေ ကြားရတာ အန်တီ့အတွက် တကယ် ကိုပဲ အင်အားရှိစေတယ်၊ ကျေးဇူးတင်ပါတယ် မောင်ကိုကို ရယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူး အန်တီရယ်၊ ကျွန်တော့်မှာက မိဘတွေ မရှိတော့ဘူး၊ ဒါပေမဲ့ ကျွန်တော့်မေမေက အိမ် ထောင်ရေးရဲ့ ဒုက္ခတွေကို ခါးစည်းခံလို့ ကျွန်တော့်ကိုမွေး ပြီး ဒီလောကထဲက ထွက်သွားရတာတဲ့၊ ဒါကြောင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးမှာ အဆင်မပြေဖြစ်နေတဲ့ ကျွန်တော့်အမေ အရွယ် အန်တီတို့ကို တွေ့ရင် ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော် အန်တီတို့ဘက်က ရပ်တည်တယ်၊ တတ်နိုင်တာရှိရင် အကြံပေးတယ်၊ ကူညီပေးတယ်၊ ဒါကြောင့် အန်တီ အားမငယ်ပါနဲ့၊ ကျွန်တော့် အထင်အရ အန်ကယ်က သူ့ စက္ကူထရီအမျိုးသမီးနဲ့ ဘာမှမဖြစ်သေးပါဘူး၊ အန်တီစိုးရိမ် လွန်တာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ တစ်ခါ တလေကျတော့ ကျွန်တော်တို့ ယောကျ်ားလေးတွေရဲ့ စိတ်က သိပ်ထူးဆန်းတယ်။ သူတို့ လုပ်မထားတဲ့ ကိစ္စတစ်ခု ကို လုပ်တယ်လို့ စွပ်စွဲရင် ပထမငြင်းတယ်၊ နောက်ထပ် စွပ်စွဲတော့ အဲဒီစွပ်စွဲမှုကို မကျေမနပ် ဖြစ်ချင်တယ်။ ဟော... တတိယတစ်ကြိမ်လောက်လည်း ကျရော မထူး တော့ဘူး စွပ်စွဲခံနေရတာထက်စာရင် တကယ် ဖြစ်တာကို အပြောခံရတာမှ တော်ဦးမယ်ဆိုပြီး အပြစ်လုပ်လိုက်ကော”

“ဘုရားရေ... တကယ်လား။ အန်တီနဲ့ သူ ကြီးကြီးကျယ် ကျယ် အဲဒီကိစ္စနဲ့ စကားများ ပြဿနာတက်တာ နှစ်ခါ ရှိပြီ။ နောက်တစ်ကြိမ် ပြဿနာ ထပ်တက်မယ်ဆို သူနဲ့





အဲဒီ စက္ကူထရီမက ဟုတ်ဟုတ် မဟုတ်ဟုတ် ဟုတ်တော့ မှာပေါ့နော်”

“ယေဘုယျသဘောပါ အန်တီရယ်၊ ဒါအမြဲတမ်းလည်း မှန်မနေပါဘူး၊ စိတ်မပူပါနဲ့”

တင်တင်က ရင်ထဲမှာ အယ်လ်နီညိုဝင်နေသလို ခံစွာ ဖြတ်သန်းနေရသော အပူဒဏ်အတွက် တကယ်ပဲ ရင် ထဲမှာ အချိုရည်ကို အားပါးတရ သောက်ချပစ်လိုက်သည်။ တကယ်ကိုပဲ ရင်ထဲမှာ အပူဒဏ်သင့်နေတာမို့ တော်တော်လေး ရှခက်နေတာပဲဖြစ်သည်။

“အန်တီ... ကျွန်တော် မြင်တာကို ထပ်အကြံပေးမယ် နော်၊ အမျိုးသမီးတစ်ယောက် ဝလာစေတဲ့ အချက်တွေမှာ အချိုက ရာခိုင်နှုန်း အများဆုံးပဲ။ အန်တီ အခု အအေး တွေ သောက်လိုက်တာ စိတ်ရှုပ်ထွေးမှုကြောင့် ရင်အေးလို အေးငြား သောက်လိုက်တာလေ။ ဒါပေမဲ့ ရင်အေးတာထက် အန်တီ့ကိုယ်ထဲမှာ ကယ်လိုရီ ပိုတက်သွားတယ်။ ဒါကြောင့် ရေဆာရင် ရေပဲသောက်ပါ။ အမျိုးသမီးတစ်ယောက်က အချိုကို လိုအပ်တာထက် ပိုစားမယ်ဆိုရင် ဝလာစေမှ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဝလာခြင်းဟာ နှလုံးသားကို ခံစားချက်အရကော ရောဂါဝင်ခြင်းအရပါ ထိခိုက်စေနိုင်တယ်တဲ့”

“ဪ… အန်တီ့အတွက် နားလည်ဖို့ လိုသေးတဲ့ အကြောင်းအရာတွေ တော်တော်များတယ်ဆိုတာ မင်းနဲ့ တွေ့မှ တော်တော်လေး သိလိုက်ရတယ်။ မင်းကအရှယ် နဲ့မလိုက်အောင်ကို အင်း… ဘယ်လိုပြောရမလဲ၊ မ,ကျွမ်း ကြေတယ်ပဲ ပြောရမယ်၊ ဆောရီးနော်… အန်တီကကောင်း တဲ့ဘက်ကို ပြောချင်တာပါ”

“ရပါတယ်ဗျ၊ ကျွန်တော် ဒီလိုမျိုးတွေ သိလာတယ်၊ အမျိုးသမီးတွေရဲ့ အချစ်ရေးကိစ္စတွေ နားလည် သဘော ပေါက်လာတယ်ဆိုတာ ကျွန်တော် ဖြတ်သန်းတဲ့ ပတ်ဝန်း ကျင်ကြောင့်လည်း ပါမှာပေါ့။ ကျွန်တော်က GYM Trainer ဆိုတော့ GYM လာကစားကြရင်းနဲ့ သူတို့ပြော တဲ့ အကြောင်းအရာတွေထဲကနေ တော်တော်လေး နား လည်လာတယ်ပဲ ပြောရမှာပေါ့။ အမျိုးသမီးတွေ စုံတော့ လည်း သူတို့ဆွေးနွေးတဲ့ အကြောင်းအရာတွေကလည်း အစုံကြားရတယ်လေ”



ကိုကိုမောင် ပြောတဲ့စကားကြောင့် အစုမ္ပဲ ရုတ် တရက် တွေးမိသွားတော့သည်။ ဟုတ်တာပေါ့။ GYM ဆော့သင့် တာပေါ့။ အနည်းငယ် ဝချင်လာပြီဖြစ်တဲ့ ခန္ဓာကိုယ်ကိုလည်း ပြန်ထိန်းရာ ရောက်မယ်၊ မိတ်ဆွေအပေါင်းအသင်းလည်း တိုးလာ မယ်။ အိုခေ… တင်တင်ခန့်က ဆတ်ခနဲ ရလာတဲ့ အိုက်ဒီယာ နဲ့အတူ ကိုကိုမောင်ကို ပြောလိုက်သည်။

“မောင်ကိုကို… အန်တီ ဒါဆို GYM တက်ချင်တယ်”

“အိုခေ… ဖြစ်ပါတယ်။ အဲဒီလိုဆိုတော့လည်း အန်တီ ပိုပြီးတော့ အပေါင်းအသင်း ပိုများတာပေါ့။ GYM ဆော့ တဲ့အခါကျတော့ အန်တီ နေရတာ ပိုပြီးတော့ ပေါ့ပါး သွက်လက်လာလိမ့်မယ်”

“အန်တီ တက်မယ်”

တင်တင်က တက်ကြွသောစိတ်ဖြင့် ဇာက်ဗိုရာ အားခဲထားလိုက်သည်။ လှပမှုတစ်ခုကို အရင်လို ပြန်ရအောင် ကြိုးပမ်းတော့မယ်။ မီးဖိုချောင်ထဲမှာ ကောင်းမွန်သပ်ရပ်၍ အရသာ ရှိသော စားကောင်းသောက်ဖွယ်တွေ ပြင်ဆင်ချက်ပြုတ်ပေးနေ

www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို ချောင်ထဲနဲ့ပဲ သင့်လျော်တယ်ထင်တဲ့ ဦးမဟာကျော် သဘောပေါက်ဖို့ရာအတွက် ဒီနေ့ စပြီး တင်တင်ခန့်တို့ ပညာပြပြီလေ။

✤ ✤ ✤





ကိုကိုမောင် Trainer လုပ်တဲ့ GYM ခန်းမှာ ကစားဖို့ ဆုံးဖြတ်ပြီးကာ ဘဝရဲ့နေထိုင်မှု ပုံစံတွေ အားလုံးကို Change ပစ်လိုက်ဖို့အတွက် ဒီနေ့မှာတော့ လုံးဝစိတ်ပိုင်းဖြတ်ပြီး ကာ ကိုကိုမောင်နှင့်အတူ သူတို့ဖွင့်ထားတဲ့ GYM ခန်းကို လိုက် လာခဲ့သည်။ ဒီအချိန်တွေ လာဆော့နေကြသူတွေက တင်တင်နှင့် သိပ်ပြီး အသက်မကွာသော ရွယ်တူပိုင်း လူကြီးပိုင်းတွေမို့ အဖော်ရပြီဆိုကာ အားတက်သွားရသည်။ အားလုံးကို ကြည့်ရတာ တက်ကြွစိတ်တွေဖြင့် လုပ်နေကြတာကြောင့် နငယ်သယောင် ခံစားရလေသည်။

"အန်တီ ဘယ်လိုလဲ၊ သဘောကျရဲ့လား"

"တကယ်ကိုပဲ တက်ကြွစိတ် ဖြစ်စေတယ်"

"ဟေး... ကိုကို၊ မင်း ဒီနေ့ နောက်ကျတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်ရဲ့ ဒေါ်လေးဖြစ်သူက အမျိုးသမီးတစ်ယောက်ကို လေ့ကျင့်ခန်း လုပ်ပေးနေရာမှ တင်တင်တို့ဘက် လှည့်လာလျှင် တင်တင်က မြင်လိုက်ရတဲ့ ကိုကိုမောင့်အဒေါ်ဆိုသူကို အသေအချာ ကြည့်မိသွားသည်။ အဲဒီလိုပဲ တစ်ဖက်ကလည်း တင်တင်ကို အသေအချာ စေ့စိုက်ကြည့်လေသည်။ နေပါဦး၊ ကိုကိုမောင့် အဒေါ်ဆိုတာ...။

"ဟယ်... နင်... နင်... တင်တင်မှလား"

"ဟုတ်... ဟုတ်တယ်"

"ဟဲ့... ငါ့ကို မမှတ်မိဘူးလား၊ ငါ နုနုရွယ်လေ"

နာမည်ကြားလိုက်မှပဲ ဦးနှောက်ရဲ့ Alarm ကချက်ချင်း အချက်ပေးနိုင်ကာ သတိရသွားတော့သည်။ နုနုရွယ်ဆိုတာ တင်တင်နှင့် တက္ကသိုလ်တုန်းက တစ်တန်းတည်း အတူတွဲခဲ့ကာ ဘွဲ့ရပြီးကတည်းက ကွဲသွားတာဟာ အခုထိပဲဖြစ်သည်။ အခုချိန်မှာ နုရွယ်ကို ပြန်တွေ့လိုက်ရချိန်မှာ နုရွယ်ဟာ ဟိုတုန်းကနှင့် မတူတော့စွာ နုနုရွယ် ဆိုတဲ့ နာမည်နဲ့ လိုက်အောင်ကို တကယ့်ကို နုနေကာ တင်တင်တို့လို ခပ်တုံးတုံးပုံစံ ပေါက်မနေဘဲ လန်းဆန်းလို့ နေလေသည်။





"ကျွန်တော်က သင်တန်းက တန်းလာရလို့ နောက်ကျနေတာ၊ ဒီနေ့ အိပ်ထမတင် ဘယ်နှကြိမ်ရလဲ"

"ဒီနေ့ အကြိမ်သုံးရာ လေးကြိမ်ရတယ်"

"ဟာ... မိုက်တာပေါ့။ ဆော်ဒီတွေ ဒါတွေ ဒါတွေ မိုက်တော့မှာ။ ကြိုးစားထား... ကြိုးစားထား၊ အန်တီ... လာ၊ ကျွန်တော့်ဒေါ်လေးနဲ့ မိတ်ဆက်ပေးမယ်"

ကိုကိုမောင်ဟာ အားလုံးနှင့် ခင်မင်ရင်းနှီးကာ ပျော်တတ် ကူညီတတ် အားပေးတတ်သူ တစ်ယောက်ဆိုတာ အစကတည်းက သိပေမယ့် ဒီရောက်မှ ကိုကိုမောင်ရဲ့ အရည်အချင်းနှင့် ကူညီတတ်စိတ်လေးကို ပိုမြင်ရတာပဲ ဖြစ်သည်။ တင်တင့်အတွက်တော့ ဒါဟာ မိတ်ဆွေကောင်းတစ်ယောက်ရသလို ခံစားရလေသည်။ တင်တင့်ကို သူ့အဒေါ်ဖြစ်သူ GYM ခန်းပိုင်ရှင်နှင့် မိတ်ဆက်ပေးလေသည်။

"အန်တီ... လာဗျ... ဒေါ်လေးရေ..."

"ဟော့... ကိုကို လာပြီလား"

"ဒီမှာ ဧည့်သည်ပါတယ်၊ ဒေါ်လေးနဲ့ မိတ်ဆက်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... နရွှယ်ရယ်၊ နင်က အရမ်းကိုလှနေတော့ ငါ့မှာ မနည်းကို စဉ်းစားလိုက်ရတာပေါ့၊ ငါတို့ မတွေ့ရတာဲ ဘယ်လောက်ကြာပြီလဲ"

"ဟာ... ဒေါ်လေးနဲ့ အန်တီက သိနေကြတာလား"

"နင်နဲ့ တင်တင်ကကော ဘယ်လိုဖြစ်ပြီး သိနေကြတာလဲ"

တင်တင်နဲ့ ငါက ကျောင်းကတည်းက သူငယ်ချင်းတွေ မတွေ့တာဆိုတာ နှစ်ကိုချီနေပြီ"

"ဟာ... မိုက်တာပေါ့၊ ကျွန်တော်က အန်တီကို ဒေါ်လေး GYM မှာ ဆော့ဖို့ လာအပ်ပေးတာ။ ကဲ... ဒေါ်လေးတို့ ချင်းက သူငယ်ချင်းတွေဆိုတော့ ဘာမှ အဲရေးတလည် စိတ်ဆက်ပေးဖို့ မလိုတော့ဘူး၊ စကားသဘောလောက်သာ ပြောကြ ဦးလေ၊ အန်တီ အေးအေးပဲနော်၊ ကျွန်တော် train ပေး လိုက်ဦးမယ်"

နရွှယ်နှင့် အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ကြောင့် တကယ်ပဲ အံ့သြဝမ်းမြောက်ရှင်ရတာပဲဖြစ်သည်။ ကိုကိုမောင် အခေါ်ဖြစ်နေတာမို့ တိုက်ဆိုင်မှုကို အဆန်းတကြယ် ဖြစ်ရကာ GYM ဆော့မယ့် စကားက နောက်တန်းရောက်သွားကာ သူ့





အကြောင်း ကိုယ့်အကြောင်း အစုံအစိ ပြောဖို့တွေ ဖြစ်လာသည်။ ကိုကိုမောင်က သူ့သင်တန်းသားတွေဆီ သွားကာ train သွားလုပ် ပြီမို့ နရွှယ်နှင့် သူငယ်ချင်းနှစ်ယောက်တည်း ကျန်ခဲ့မှ နရွှယ်ကို မေးရတော့သည်။

"ငါတို့တွေ မတွေ့တာ ကျောင်းပြီးသွားကတည်းကဟယ်၊ ကိုကိုမောင်က နင့်တူဆိုတာ အခုမှပဲ သိတော့တယ်"

"ဟုတ်ပါ့ဟယ်၊ ငါတို့တူဝရီးနှစ်ယောက်ပဲ နေကြတာ၊ ဒီမှာ GYM ဖွင့်ထားတယ်၊ ကိုကိုက trainer ပေါ့ဟယ်၊ နင်ကော ဘာတွေ လုပ်နေတုန်း၊ ကလေးကော ဘယ်နှ ယောက်တောင် ရနေပြီတုန်း"

"ငါက သမီးတစ်ယောက်ပဲ၊ ငါ့သမီးတောင် နှစ်ဆယ်ကျော် နေပြီ၊ မတွေ့ရတဲ့နှစ်ကာလတွေ ဘယ်လောက်တောင် ကြာပြီဆိုတာတွက်သာကြည့်ပေတော့၊ နင်ကော သားသမီး ဘယ်နှယောက်လဲ"

"အမယ်လေး... မရပါဘူးဟယ်၊ တို့တွေက ကျားကျမ်းကို နောကြေနေလို့ကို အပူမရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... အပျိုကြီးပေါ့။ နှင်တို့ပဲ အေးတယ်၊ စိတ်ချမ်းသာတယ်"

"အပျိုကြီးတော့ မဟုတ်ပါဘူးဟယ်၊ ငါက ကျားကျမ်းကို နောကြေတယ်လေ၊ တစ်ယောက်မကောင်း တစ်ယောက် ပြောင်းလိုက်တာ၊ အိမ်ထောင်သုံးဆက် ကျပြီးသွားတော့ အိမ်ထောင်ရေးဆိုတာ လုံးဝတန်ဖိုးမရှိတဲ့ အရာဆိုတာ သဘောပေါက်သွားပြီ။ ဒါကြောင့် ဆရာမကြီးအဖြစ်နဲ့ပဲ သာသာယာယာ စင်ပေါ်က နေပစ်လိုက်တယ်"

ဗုဒ္ဓေါ...။ ဖြေလိုက်တဲ့ အဖြေစကားက ဆန်းကြယ်လွန်းနေတာကြောင့် တင်တင်က နုရွယ်ကို ပြူးကြည့်မိသွားလျှင် နုရွယ်က သဘောတကျရယ်ရင်း...

" ကိုယ်တွေက ကျားဆို ကျမ်းကြေကြောင်း ပြောချင်တာပါဟယ်။ အဲဒီလောက်လည်း အံ့သြမနေစမ်းပါနဲ့"

"နင်ကတော့လေ အရင်တိုင်းပဲ... ပျော်ပျော်ကို နေတတ်တယ်"

"ဘဝဆိုတာ ဒီလိုပဲလေဟယ်၊ နင်က အခု GYM ဆော့ဖို့ လာတာမှုလား၊ ကောင်းတယ်၊ တို့သူငယ်ချင်းနှစ်





ယောက် ပြန်ဆုံပြီဆိုတော့ အရင်လို ပြန်ခွဲတာပေါ့ဟယ်၊ သြော်... ဒါနဲ့ နင့်အသည်းတစ်ခြမ်း မဟာကျော်ကြီးကော အရင်လို ကြည့်ကောင်းနေတုန်းပဲ အချစ်ရယ်ပဲလား"

နုရွယ်က အကြောင်းသိနေသူ ပီသစွာ တင်တင့်ကို အးလျှင် တင်တင်က ဒီတလော စိတ်ကုန်စရာ အခြေအနေတွေ အတွက် သက်ပြင်းတစ်ချက်ချကာ ဘာမှ မဖြေရသေးမှာ နုရွယ် က ခန့်မှန်းမှု skill ကျွမ်းကျင်စွာ မေးခွန်းပြန်ထုတ်လေသည်။

"ဘယ်လိုဖြစ်တာလဲ၊ နင်တို့ အဆင်မပြေဘူးလား"

"ဟင်း... ဘယ်လိုပြောရမလဲဟယ်၊ အသက်ကြီးလာတော့လည်း ယောကျ်ားတွေက အချိုးမပြေတော့ပါဘူး"

"လေသံကို နားထောင်ကြည့်ရတာတော့ မသာယာဘူးထင်တယ်။ ဒီလိုပဲပေါ့ဟယ်။ ဘဝမှာ ဘယ်သူမှ အစစအဆင်မပြေပါဘူး။ ကဲပါ... တင်တင်ရယ်၊ စိတ်ညစ်မနေနဲ့။ နုနုရွယ်နဲ့ တွေ့ပြီဆို အလန်းလွန် အလွန်လန်း ဖြစ်သွားစေရမယ်။ နင့်ကို ကျောင်းကတည်းက မဟာကျော်ကြီးနဲ့ ညားဖို့ ငါပဲ အခါတော်ပေးခဲ့တာပါ။ ခုလို ငါ့ရဲ့စကားကြမ်းချက်တွေနဲ့ဆို နင်တို့လင်မယား ပြန်ကို အိုစခေစေရမယ်"



www.burmeseclassic.com

နုရွယ်နှင့် တွေ့လိုက်ရတာ တင့်တင့်အတွက်တော့ ဘုရားမတာပဲ ဖြစ်သည်။ နုရွယ်နှင့် ကိုကိုမောင် တူဝရီးနှစ်ယောက်က တင်တင့် ရင်ထဲက မီးတွေအတွက် ငြိမ်းသတ်ပေးနိုင်ဖို့ရာ ရေတစ်မှုတ် ဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ် တင်တင်နှင့် ကိုကို ဟိုတုန်းကလို အဆင်ပြေ ပျော်ရွှင်မှုလေးတွေ ရမှာကျိန်းသေမို့ တင်တင် သေချာပေါက် ပြင်ဆင်ရမယ်လေ။

✣ ✣ ✣





(၈)

ကိုကိုမောင်က ဒီတလောမှာ အာရုံရနေသော ကောင်လေးကို စိတ်ထဲမှာ မှတ်မှတ်ထင်ထင် ဖြစ်မိတာကြောင့် သူမနှင့် တွေ့ဖို့ရာအတွက် နောက်တစ်ကြိမ် ဖန်တီးမှုကို ဘယ်လိုလုပ်ရပါ့ စဉ်းစားကြည့်လိုက်မိသည်။ သူ့အတွက် သွားစရာလမ်းဆိုလည်း လောလောဆယ်မှာ ဘာမှမရှိသေးပေ။ ရိုက်ထားတဲ့ကားတွေကလည်း လောလောဆယ်မှာ မရသေးတာကြောင့် သွားစရာလမ်းစက မရှိပေ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။

သူက အတွေးတစ်လှေ့နှင့်အတူ အိမ်ကနေ တစ်ခါတည်း ဝတ်ဆံရှိရာ စတူဒီယိုဆီသို့ မောင်းထွက်လာခဲ့တော့သည်။ ပြီးတော့ ဝတ်ဆံအတွက် လက်ဆောင်ပေးဖို့ ပန်းစည်းတစ်စည်း ဝယ်ကာ ဆိုင်ကို တန်းမောင်းလာခဲ့သည်။ သူ ရောက်လာသည့်

www.burmeseclassic.com



အခါတွင်တော့ ထင်ထားတဲ့အတိုင်းပင် ဝတ်ဆံက အံ့သြနာအား ဖြင့် သူ့ကို ကြိုဆိုကာ…

"အစ်ကို… ဘယ်လာတာလဲ၊ ပုံတွေက မရသေးဘူးလေ"

"သိပါတယ်၊ ပုံတွေ မရတာနဲ့ပဲ ဝတ်ဆံဆီ မလာရတော့ ဘူးလား"

"အဲဒီလို မဟုတ်ပါဘူး၊ ဝတ်ဆံတို့ ကြင်နာတို့နဲ့က ခင် နေပြီပဲဟာ၊ လာလို့ရတာပေါ့"

ဝတ်ဆံ ကိုယ်စား သူ့သူငယ်ချင်း အကြင်နာက အလိုက်တသိ ဝင်ပြောပေးလျှင် သူ့အတွက်က လမ်းကြောင်းဆက် ခင်းဖို့ အဆင်ပြေသွားလေသည်။ ဒါကြောင့် သူက ဝတ်ဆံအတွက် ဝယ်လာတဲ့ ပန်းစည်းလေးကို ဝတ်ဆံကို ပေးလိုက်လျှင် ဝတ်ဆံက အပြုံးတစ်ခုဖြင့် လက်ခံကာ…

"ဒါတွေ မလိုပါဘူး အစ်ကိုရယ်၊ လူပဲလာလည်း ရပါတယ်၊ ဓာတ်ပုံတွေကိုလည်း သေချာလေး လုပ်ပေးမှာပါ၊ စိတ်ချ"

"ပုံတွေက ကောင်းမယ်ဆိုတာ ယုံပြီးသားပါ၊ ဝတ်ဆံရိုက် တာပဲဟာ"





သူ့စကားအတွက် ဝတ်ဆံက ပြုံးစိစိ မျက်နှာထား ဖြင့် ခေါင်းညိတ်ပြသည်။ အပြန်အလှန်အားဖြင့် ဒါဟာ သူမ ဘက်ကလည်း သူ့ကို ပြန်ကြွေတယ်ဟု အဓိပ္ပာယ် သတ်မှတ်ရာ ရောက်တာကြောင့် သူက တကယ့်ကိုပဲ ပျော်ရွှင်မိလေသည်။ အမှန်အတိုင်း ပြောရမယ်ဆို သူ့မှာ မယ်မယ်ရရ တွဲတဲ့ official ကောင်မလေးမျိုး တစ်ခါမှ မရှိချေ။ ဝတ်ဆံခန့်ကိုကျတော့ သူ့ ရင်ထဲမှာ ဖီလင်တစ်ခု ပေးသောကြောင့် သူက ထူးခြားစွာပဲ သဘောကျမိနေတာဖြစ်သည်။

အဲဒီနေ့ကတော့ သင့်တင့်လျှောက်ပတ်တဲ့ ရင်းနှီးမှု တစ်ခု ယူလာခဲ့ကာ သူ ပြန်လာခဲ့လိုက်သည်။ ဝတ်ဆံဆီလည်း ဆက်ဆက်ခွင့်တော့ပြုဖို့ နံပါတ်ချင်းလည်း ဖလှယ်လာခဲ့ပြီမို့ သူက သဘောကျစွာ အိမ်ပြန်လာပြီးနောက် GYM သွားဖို့ ပြင်ရတော့တာ ဖြစ်သည်။ GYM ခန်းမှာ သူ အကူညီပေးနေသော အန်တီ ခင်တင်တင်ခန့် ရှိနေတာကို သတိရကာ ဒီနေ့က သူမ စတက် မည် ဖြစ်တာကြောင့် သူ မရှိဘူးဆိုရင် မကောင်းတာကြောင့် ကိုကိုမောင်က သူ့ရဲ့လက်ဆွဲတော် Sport Bag ကိုဆွဲကာ စက်ဘီး နင်း၍ ထွက်လာခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်တော့ ဒေါ်တင်တင်ခန့်က စတောင်ကစား နေပြီဖြစ်သည်။

"အန်တီ... ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"ဘာမပြေစရာရှိလဲ ကိုကိုရယ်၊ ငါ့သူငယ်ချင်းပဲဟာ။ အပြတ်ကို train ပေးထားတယ်၊ တင်တင်က အရင်တုန်းက သိပ်လှတာ၊ အရင်တုန်းကအတိုင်း ပြန်ဖြစ်အောင် train ပေးမယ်၊ စိတ်ချ"

"ဒေါ်လေးနဲ့ အန်တီက ဘော်ဒါတွေဆိုတော့ ဒေါ်လေးပဲ လမ်းကြောင်းပေးလိုက်တော့၊ ကျွန်တော်လည်း သွေးပူလေ့ ကျင့်ခန်းလေး လုပ်လိုက်ဦးမယ်"

ကိုကိုမောင်က အန်တီ့အတွက် မျက်နှာလွှဲရအောင် ဒေါ်လေးနဲ့က အရမ်းခင်နေသော သူငယ်ချင်းတွေ ဖြစ်နေတယ်ဆိုတာ သိနေတာကြောင့် သူက ကိုယ့်အတွက် ကိုယ်ပဲ သွေးပူလေ့ကျင့်ခန်း လုပ်လိုက်တော့သည်။ ဘော်ဒီကစားတာကို ဟိုးအရင်တုန်းကတော့ လှဖို့အတွက်ပဲလုပ်တာ ဖြစ်ပေမယ့် အခုနောက်ပိုင်း ပေါ့ပါးလန်းဆန်းခြင်း အနှစ်သာရကို သိလာသောပေါက်လာသောအခါ တစ်ရက်မလုပ်ရ မနေနိုင်အောင် အားကစား





လုပ်ခြင်း၏ အနှစ်သာရကို သိလာကာ နေ့စဉ်ကစားဖြစ်သည်။ သူတို့ GYM မှာ နောက်ထပ် အဆန်းတစ်ခုက လာဆော့တဲ့သူများဟာ သူ့အဒေါ်နှင့်တန်းတူ သက်ကြီးပိုင်းတွေဖြစ်တာမို့ သူ့အအန်တီကြီးတွေနှင့် ခင်နေမင်နေသောကြောင့် အာဂျီးမတွေရဲ့ စိတ်ကို သဘောပေါက်တတ်ကာ သူတို့တွေရဲ့ စိတ်ခံစားချက်အကြောင်းအရာတွေကို နားလည်တာကြောင့် ဒေါ်တင်တင်ခန့်ကိုလည်း တတ်နိုင်သမျှ အကြံပေးနိုင်တာပဲဖြစ်၏။

ကိုကိုမောင်က သူ့ရဲ့နေ့စဉ် Work Out တစ်ခုဖြစ်တဲ့ အလေးမခြင်းကို ကစားပြီးသောအခါ ဘယ်ရီရိုက်ဖို့အတွက် ရှောက်လှော်စဉ်မှာပင် သူ့ကို သဘောတကျ လှမ်းပြုံးပြနေကြသော GYM ဆော့သူ အန်တီတွေကို မြင်လိုက်ရသည်။ သူက သူ့ကို ပြုံးပြနေတာကြောင့် ပြန်ပြုံးပြလိုက်ချိန်မှာ ဒေါ်လေးက နောက်က ရောက်လာကာ လေသံမာဖြင့် သူ့ကို ပြန်ဖို့ပြောသောကြောင့် သူက အံ့သြနဘမ်း ဖြစ်ရစ္စာ...

"ဘာဖြစ်လို့လဲ ဒေါ်လေး"

"ဟဲ့... နင့်မှာ နားလည်မှု မရှိဘူးလား၊ ငါ့တူလေး လှပြီး နုနုထွတ်ထွတ်ကို ခုနစ်အို ရှစ်အို အဘွားကြီးတွေက ငမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြည့်မရဘူးဟဲ့ ... နင့် Work Out ကို နင့်တပည့်တွေနဲ့မှ အတူလုပ်တော့၊ ဒါ မိန်းကလေးချိန်"

"ဒေါ်လေးကတော့ လုပ်ပြီ၊ ပြီးရောဗျာ၊ အထဲမှာပဲ Game သွားဆော့တော့မယ်"

သူက စိတ်ပေါက်ပေါက်ဖြင့် နားနေဆောင်ထဲသို့ ပြန်ဝင်လာတော့သည်။ အမှန်ကို ပြောရမယ်ဆိုရင်တော့ သူဟာ ဒီမှာဆို အန်တီတွေရဲ့ အသည်းတစ်ခြမ်းပဲ ဖြစ်၏။ သူ ဒီမှာရှိနေတာကကို ဒေါ်လေးအတွက် လာဘ်တစ်ခု ရနေတာမို့ သူဟာ စိတ်ထဲတော့ proud ဖြစ်တာ မဆန်းပေ။

ဒီလောက် intro ပျိုးရရင်ဖြင့် ကိုကိုမောင်ဆိုတာ ရှုပါအား ဘယ်လောက်ဖြူးတယ်ဆိုတာ မှန်းဆလို့ရပြီ ထင်ပါ၏။

❖ ❖ ❖





ပုံမှန် ဒီချိန်လောက်ဆို ရောက်ရောက်လာတတ်တဲ့ ကိုလူချော တစ်ယောက် ရောက်မလာသောအခါ စိတ်ထဲတော့ တစ်မျိုးတစ်မည်လေး ခံစားရသလိုလို ဖြစ်သည်။ မနက်ပိုင်းက အန်တော်ကြီးဘက် ရိုက်ကူးရေးသွားပြီးသောအခါ နေ့ခင်း ထမင်းစားချိန်အမီ ပြန်ရောက်လာတော့ စတူဒီယိုမှာပဲ အကြင်နာနှင့်အတူ ထမင်းစားနေကြရင်းမှ အကြင်နာက စကားစထွက်လာ၏။

"ဟဲ့... ဒီနေ့တော့ တို့မင်းသား ရောက်မလာပါလား"

"နင်က လွမ်းနေလို့လား"

"အမယ်လေး... တစ်ပြန်စီးတွေ ပြောမနေစမ်းပါနဲ့ ဝတ်ဆံရယ်။ နင့်ကိုယ်စား ငါက ပြောပေးတာပါ၊ ဟဲ့... နင်တို့နှစ်ယောက် အခြေအနေက ဘယ်လိုတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ဘာကို ဘယ်လိုတုံးလဲ၊ ဒီအတိုင်းပဲပေါ့ facebook မှာ စကားပြောတယ်၊ တစ်ခါတလေ သူ ဖုန်းဆက်တယ်"

"ဝေတုံးမရှယ်... နင် အဲဒါလေးနဲ့ပဲ သာယာမနေနဲ့အေး ကိုကိုမောင်က တက်သစ်လေးနော်၊ နင် သူ့ကိုကြွေတာ မှလား"

"အင်း... ထင်ရတာပဲ"

"စတိုင်လ်ကတော့ ဆြာမကြီး အထာနဲ့၊ ဝတ်ဆံ ငါ အကောင်း ပြောနေတာနော်၊ သူ့လိုလူမျိုးက ရှားတယ် ဒီနေ့ခေတ်ကြီးထဲမှာ စနိုက်မယ်ဆိုတဲ့ မိန်းမတွေပေါ်နေတာ နော်။ ကြိုက်ရင် Official ကိုယ်က ဦးအောင်ဖြစ်ဖို့လိုတယ်"

အကြင်နာ့ စကားကြောင့် ဝတ်ဆံက ဟက်ဟက် ပက်ပက်ကို ရယ်မောမိသည်။ တကယ်ပဲ ခေတ်ကိုက အဲဒီလို ဖြစ်နေပြီလားတော့ မပြောတတ်ပေ။

"အကြင်နာရယ်... ကြိုက်တာတော့ ကြိုက်ပါတယ် ဒါပေမဲ့ ငါ အဲဒီလိုကြီးတော့ နန့်ခါနေတာပဲဆိုပြီး အပြော မခံချင်ဘူး၊ မိန်းကလေးအထာတော့ ရှိရဦးမယ်လေဟာ





နင့်ဟာကြီးက ငါကပဲ မြောင်းတူး၊ ငါကပဲ ရေဖွင့်ချ၊ သူ့ကို အလိုက်သင့် စီးမျောခိုင်းရမလို ဖြစ်နေပြီ၊ အဲဒီလိုဆိုရင်တော့ သူ့ Water Boom ပဲ ခေါ်သွားပြီး ခံစားချက်တွေ ဖွင့်ချပစ်လိုက်တော့"

"ဒါလည်း အိုက်ဒီယာပဲ၊ ဒါပေမဲ့ အဲဒီလိုသာ Water Boom ခေါ်သွားမယ်ဆိုရင်တော့ နင့်ကို ဟိုက ကြိုက်လက်စစိတ်လေးတောင် ကုန်သွားဦးမယ်။ သူက ဆော်ဒီ အမိုက်စား။ နင့်ပုံစံကို ဂွမ်းတယ်ဆိုပြီး တဲ့တာသွားလိမ့်မယ်"

"အမယ်... အထင်သေးလို့"

"ကဲပါ... အဲဒါတွေ ထားလိုက်ဦး၊ နင် မနေ့က ငါ့ကို ပြောစရာရှိတယ်ဆို ဘာလဲ"

မနေ့ညက အကြင်နာဆီ Viber ကနေ လှမ်းပို့ထားသော ပြောစရာရှိတယ်ဆိုသော message ကို အခုမှ ဝတ်ဆံက သွားသတိရတာပဲ ဖြစ်သည်။ သြော်... ဟုတ်သား။ ဝတ်ဆံက စိတ်ကူးထဲရှိနေသည့် အိုင်ဒီယာအတိုင်း အကြင်နာ့ကို ပြောရ ကောင်းမလား မကောင်းမလား စဉ်းစားမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ဘာလဲ ပြောလေ"

"ပြောရကောင်းမလား၊ မပြောဘဲ ထားလိုက်ရင် ကောင်းမလား စဉ်းစားနေတာ"

"နင်ကတော့ ငါ့ကိုလာပြီး ပဟေဠိတွေ လာလုပ်နေပြန်ပါပြီ။ ပြောစရာရှိ ပြောပေါ့"

"ငါ ကိုကိုမောင့်ကို ဒီစတူဒီယိုအတွက် ကြော်ငြာလုပ်ခိုင်းရင် ကောင်းမလားလို့။ ဆိုလိုတာကဟာ STAY ပုံတွေကို ငါတို့ စတူဒီယိုအတွက်ရိုက်ပြီး ဆိုင်မှာသုံးမလားလို့။ နင် ဘယ်လိုသဘောရလဲ"

"နင် လုပ်ချင်ရင် လုပ်ပေါ့။ ဒါလည်း အိုက်ဒီယာကောင်းတာပဲဟာကိုး"

ဝတ်ဆံ စကားကို မငြင်းလေသော အကြင်နာကို ကျေးဇူးတင်မိကာ စိတ်ထဲမှာ စမ်းသာမှုက လွှန်စွာပိုလို့ နေလေ၏။ တကယ်ပဲ ဖြစ်ချင်တာကို သဘောတူကာ ဖြစ်ခွင့်ပေးသော သူငယ်ချင်း ရှိနေတာကိုက ဝတ်ဆံအတွက် ကံကောင်းလှပေသည်။ ဒီစတူဒီယိုက အကြင်နာနှင့် ဝတ်ဆံ တစ်ယောက်တစ်ဝက် လုပ်ထားတဲ့ဆိုင် ဖြစ်တာမို့ ဝတ်ဆံ လုပ်ချင်တဲ့ ကိစ္စတိုင်းကို





အကြင်နာနှင့် တိုင်ပင်ရသည်။ ကြင်နာ့ဆီက အခုလိုမျိုး အေးအေးဆေးဆေး ခွင့်ပြုချက် ရတာမို့ ဝတ်ဆံက တကယ့်ပျော်ရွှင်စိတ်နှင့်အတူ ကျေးဇူးတင်မိလေသည်။

"ကျေးဇူးပါပဲ ကြင်နာရယ်၊ နင်ကလေ အရမ်းချစ်ဖို့ကောင်းတာပဲ"

"တော်စမ်းပါ… အပိုတွေက။ လောလောဆယ်မှာ နင်က သူ ရိုက်ပေး မပေး မေးရမှာ"

"အာ့လွယ်ပါတယ်။ ဖုန်းခေါ်လိုက်မယ်"

"ဟွန်း… ဘယ်ကတည်းက ဆက်ချင်နေမှန်း မသိဘူး"

ဝတ်ဆံက အကြင်နာ့ မျက်စောင်းကို လျှာတစ်လစ်ထုတ်ပြကာ ဆက်ချင်နေတာ တစ်ပိုင်းသေနေပြီဖြစ်သော စိတ်ကို အဲလိုလိုက်မိကာ ချက်ချင်းဆိုသလိုပင် ဖုန်းထုတ်ကာ သူ့ဆီကို ဖုန်းခေါ်လိုက်တော့သည်။ ဆယ်လီတစ်ယောက် အဖြစ်သတ်မှတ်ထားရလေသော ဝတ်ဆံရဲ့ crush ကွီးဖုံးဟာ ချက်ချင်းဆိုသလိုပင် ဝင်သွား၍ စိတ်ထဲကျေနပ်မိပြန်၏။ ဒီတလောမှာ အဆင်ပြေခြင်းတွေ ရှိနေခြင်းကပဲ စိတ်ကို ပျော်ရွှင်ကြည်နူးစေသလား မပြောတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံက ကိုယ့်အတွေးနှင့်ကိုယ် သာယာနေတုန်းမှာပဲ ချိုသာကြည်ရှသော ပြန်ထူးသံက ရင်ထဲ တကယ်ပဲ နွေးခနဲ ဖြစ်စေသည်။

"ဟယ်လို... ဝတ်ဆံ ပြောပါ"

"GYM ရောက်နေပြီလား"

"အခုမှ ရောက်တာ၊ ပြောလေ ဝတ်ဆံ"

"အစ်ကိုကို အလုပ်ကိစ္စလေး ပြောစရာရှိလို့ အေးအေးဆေး စကားပြောရအောင်လေ၊ တစ်နေရာရာမှာ ချိန်းရအောင်"

"ရတာပေါ့ဗျာ၊ သိပ်ရတာပေါ့၊ အခုလာရမှာလား"

"ဩော်... အခုတော့ မလာပါနဲ့တော့၊ မနက်ဖြန်ပေါ့ ညနေခင်းလောက် JO JO Hotpot ဆိုင်မှာ တွေ့မယ်လေ၊ စားရင်းသောက်ရင်း အလုပ်စကား ပြောကြတာပေါ့"

"အိုခေပါဗျ... လာခဲ့ပါ့မယ်"

ဝတ်ဆံက ကြည်နူးပီတိဖြစ်ရစွာ ဖုန်းချလိုက်လျှင် အကြင်နာက ကြည့်နေတယ် မပြောသေးဘူး အထာဖြင့် ဝတ်ဆံကို ကြည့်ကာ မေးဆတ်ပြရင်း...

"အဟင်း... အစားပုတ်မ... ကိုယ့် crush နဲ့ ချိန်းတယ်တဲ့ သူက အဝစားဆိုင်မှာ သွားချိန်းနေတယ်။ နင့်ကိုယ်နင်





ဘယ်လောက် စားနိုင်ပါတယ်ဆိုတာကို ကြော်ငြာချင်တာပေါ့လေ"

"ဒါကတော့ ညလေး မှားပါတယ်ရှင်၊ ဒါက လက်တွေ့ဆန်လိုက်တာ။ buffet စားပြီ ဆိုမှတော့ ဟန်ဆောင်မှုတော့ ကင်းပါတယ်။ စမီးက အစ်ကိုကို ဟန်ဆောင်မှုမရှိ ပဲမျှားခြင်း မရှိဘဲ ခွက် crush ပါတယ်လို့ တစ်နည်း ကြေညာလိုက်တာ။ သဘောပေါက်တော့နော်။ ဒီခေတ် အထာတွေ မင်း နားမလည်ပါဘူး သားကြီးရာ၊ မနက်ဖြန် ယောင်ပေါ့သွားခွဲဖို့ အဆင်သင့်ပြင်ထားပါ။ နင်ပါ လိုက် ရမယ်နော်"

ဝတ်ဆံက တက်ကြွမြူးတူးစွာ ပြောရင်း မနက်ဖြန် အကြောင်းတွေးကာ ပျော်နေမိသည်။ အို... လူတစ်ယောက်ကို ကြိုက်မိတယ်ဆိုတာ သူ့ကို မြင်ရတော့မယ် ဆိုတာနဲ့ရင် ကြည်နူးစရာ ခံစားချက်တွေကို ရပါတယ်လေ။ စွန်းကျေနပ်မိတယ်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၉)

သူရယ်၊ ဝတ်ဆံရယ်၊ နောက်ပြီးတော့ ဝတ်ဆံ သူငယ်ချင်း အကြင်နာရယ် သုံးယောက်က တကယ်ကိုပဲ လက်တွေ့ဆန်စွာ ဟော့ပေါ့ကို အရင်သောက်ကြတာဖြစ်သည်။ ညနေ အစောပိုင်းပဲ ရှိသေးတာမို့ လူကရှင်းနေတာမို့ အေးအေးဆေးဆေး ရှိလှပေသည်။ အေးအေးလူလူ ဟော့ပေါ့ ဘူဖေး စားနေကြရင်း ဝတ်ဆံကို သူက သဘောတကျ ကြည့်နေမိသည်။ ဝတ်ဆံဟာ ရိုးရှင်းစွာ လုပသလို တကယ့်ကို ဟန်ဆောင်မှုကင်းစွာ စားနိုင် သူဖြစ်သည်။ သူတို့ သူငယ်ချင်းနှစ်ယောက်လုံးဟာ တကယ့်ကို အကြိုက်စားကြကာ သူ့ကို စားနော် အားမနာနဲ့ ပြောပြီးကတည်း က သူတို့နှစ်ယောက် အားပါးတရ ဆွဲကြကာ အတန်ငယ်ကြာမှ သူ့ကို သတိရသွားဟန်ဖြင့် ဝတ်ဆံက…





"ဟင်… အစ်ကို… စားလေ"

"စားပါတယ်၊ ဝတ်ဆံတို့ စားနေတာကို သဘောကျလို့ လုံးဝမိုက်တယ်"

သူ့အပြောကြောင့် ဝတ်ဆံက ရှက်ရယ် တစ်ချက် ရယ်ကာ dessert ထဲက ဖရဲသီးတစ်စိပ်ကိုယူကာ တစ်ကိုက်ကိုက် ဆိုက်ပြီးမှ…

"ဝတ်ဆံကော ကြင်နာကောက ဟော့ပေါ့ သရဲတွေလေ၊ ဒီလို ဘူဖေးဆိုင်မျိုးဆို တစ်ယောက်နဲ့တစ်ယောက် စကား မပြောဘူး။ လက်တွေ့ကျကျ နင် ဘာထပ်ထည့်ဦးမလဲ။ ဘာယူရကောင်းမလဲ မေးကြတာ"

"ဟား… မိုက်တယ်… မိုက်တယ်၊ ဝတ်ဆံနဲ့ ကြင်နာက နှစ်ယောက်တည်းနဲ့လည်း ပွဲစည်တာပဲ"

"အဲဒါကတော့ ဟုတ်တယ် ကို၊ကိုကိုမောင်ရဲ့။ ဝတ်ဆံနဲ့ ကြင်နာက State ကျောင်းကတည်းက သူငယ်ချင်းလေ။ အရင်ကတည်းက ဒီလိုပဲ။ အဖွဲ့ကျနေကြ"

"စားလို့လည်း တော်တော်ပြီးပြီဆိုတော့ အလုပ်အကြောင်း လေး ပြောလိုက်ရအောင်။ ဒီလိုပါ… ဝတ်ဆံတို့ စတူဒီယို အတွက် အစ်ကိုနဲ့ ဓာတ်ပုံရိုက်ချင်လို့ပါ။ အဲဒါလေး…"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒီကိစ္စက တစ်ယောက်နဲ့ တစ်ယောက် အထူးတလည် ပြောနေစရာမှ မလိုတာ ဝတ်ဆံရယ်။ ကိုယ်တို့တွေက ဒီလောက် ရင်းနှီးနေကြတာပဲဟာ။ ဝတ်ဆံသာ အဆင်ပြေမယ့် ဒိတ်တစ်ခု ရွေးလိုက်။ ကိုယ့်ဘက်က ရယ်ဒီပဲ"

သူ့ဘက်က လက်သင့်ခံမှုကြောင့် ဝတ်ဆံကော အကြင်နာကပါ တက်ကြွပျော်ရွှင်သွားတာမို့ သူပါ ပျော်ရွှင်မှု ကူးစက်ရလေသည်။

"အများကြီး ကျေးဇူးတင်ပါတယ် အစ်ကို"

သူက ကျေးဇူးစကားအတွက် မျက်လုံးတစ်ဖက်မှိတ်ပြလိုက်သည်။ အဲဒီအတွက် ဝတ်ဆံတစ်ယောက် သူ့ကို ပြုံးစိစိဖြင့် မျက်လုံးလွှဲသွားလေသည်။ ကြွေဘီလေ။ အကြောမာ မျက်နှာတင်းလေးဆီက တစ်ချက် တစ်ချက်မှာ ရလိုက်တဲ့ ဝတ်ဆံဆီက ချိုချိုသာသာအပြုံးလေးတွေဟာ သူ့အတွက်တော့ ရင်တုန်ကင်းဝေး ဆိမ့်သက်လေးမို့ တကယ်ပဲ ကော်ဖီသောက်ရသလို ငြိတွယ်ရလေသည်။

✤ ✤ ✤





ဒင်နာစားပြီးတဲ့နောက်မှာ တင်တင်က ကိုကိုရှိတဲ့ ဧည့်ခန်းထဲလာကာ SKY NET က လာနေတဲ့ ကိုရီးယားကား ဇာတ်ကားကို အဆက်စပ် မရှိပါဘဲ ထိုင်ကြည့်နေလိုက်သည်။ ဒီအလောမှာ တင်တင်တို့ ကြားထဲ ပြောစရာ စကားရယ်လို့ ဟယ်မယ်ရရ မရှိပါပေ။ တင်တင် ကိုယ်တိုင်ကိုကလည်း ဦမဟာ ကျော်ကို တစ်စက်လေးမှ ကြည့်မရတာကြောင့် သိပ်လည်းမပြော ခဲ့။ သူ့ဘက်က ကြည့်ပြန်တော့လည်း တင်တင်က အိမ်ကိစ္စ ဘာမှမလှုပ်တော့ဘဲ အားအားရှိ အလှအပဘက်ပဲ ဦးစားပေးနေ သောကြောင့် ပြောလို့မနိုင်၍သာ လွှတ်ထားရတာယ်။ ကြည့်လို့ တော့ ရမည့်ပုံ မပေါ်ပေ။

"ဟင်... ကိုရီးယားကားတွေလည်း ကြည့်လိုက်ရင် အကြီး အငယ် သတ်နေကြတာချည်းပဲ။ မြင်ရတာ ကျက်သရေ တုံးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



တင်တင်က တမင်ရွဲ့ပြောသံ အဆုံးမှာ ဦးမဟာကျော်ရဲ့ အကြည့်က ဒိုင်းခနဲ ရောက်လို့လာသည်။ တင်တင်က ဂရုမစိုက်ဟန် အချိုးချိုးကာ နောက်တစ်လိုင်း ထပ်ပြောင်းလိုက်သည်။ အဲဒီအချိန်မှာ ဖုန်းသံက မြည်လာတာကြောင့် တင်တင်က ဘယ်သူလဲဆိုတာ သိရဖို့ မျက်လုံးကိုဖွင့် နားကိုအသာစွင့်ထားလိုက်သည်။

တင်တင်ရှိနေတာကြောင့် ဖုန်းကို ချက်ချင်းမကိုင်ကာ ဟိုလိုလို ဒီလိုလို လုပ်နေပြီး အသာထသွားလေ၏။ သေချာပြီ… သင်းမှာ တစ်စုံတစ်ရာ ရှိနေတာ သေချာလို့နေပြီ။ တင်တင်က နောက်ကနေ မယောင်မလည်ဖြင့် အသာလိုက်လာကာ နားစွင့်ထားလိုက်သည်။ ကိုကိုက အသံခပ်တိုးတိုး ပြောနေတာမို့ ဘာပြောမှန်းလဲ မသိပေ။ တင်တင်က နံဘေးနားမှာရှိတဲ့ ပန်းအိုးကို ကြက်မွေးယူကာ ဖုန်သုတ်သယောင် ဆောင်နေရင်း အာရုံအားလုံးက နားမှာထားကာ စွင့်ထားလိုက်သည်။

"ဟုတ်လား။ အေးပါ… အဆင်ပြေတယ်ဆိုတော့ ကောင်းသေးတာပေါ့၊ အဖြေက ဘာတဲ့လဲ"





စကားသံက သဲ့သဲ့သာ ကြားရတာမို့ ဘယ်သူနဲ့ ပြောနေတာ ဘယ်ကို ပြောနေတယ်ဆိုတာမှန်း အသေအချာမသိရပေ။ ဒါပေမဲ့ တစ်ခုခု ဆိုတာတော့ သဘောပေါက်ရလေသည်။ တင်တင်က နည်းနည်းလေး ရှေ့တိုးကာ အာရုံစိုက်လိုက်သည်။

"ဟင်… ကိုယ်ဝန်ရှိနေပြီ၊ ဟုတ်လား"

ကြားလိုက်ရတဲ့ စကားဟာ နှလုံးကို ဒိုင်းခနဲ ဆောင့်ခုန်သွားစေကာ လူတစ်ကိုယ်လုံးဟာ ထူပိန်းပိန်း ဖြစ်လို့သွားလေသည်။ ကိုယ်ဝန်…။ တင်တင်က မဖြစ်နိုင်ဘူးဟု စိတ်ထဲ တင်းထားကာ ထပ်နားထောင်ဖို့အတွက် နားစွင့်လိုက်လျှင် အသံဟာ အလွန်ဝေးသွားလျက် ကိုကိုက ခြံထဲသို့ဆင်းကာ သွားပြောပြီဖြစ်သည်။ ဒါ ဘာသဘောလဲ။ သေချာသွားပြီ။ လာသည့်ဖုန်းဟာ သူ့စက္ကထရီမ အေမီ ဆိုသော မိန်းမဆီကဖုန်း ဖြစ်သည်။ ပြီးတော့ ကိုယ်ဝန် ဆိုတဲ့ စကားလုံးကို တင်တင် သေချာပေါက်ကို ကြားလိုက်တာပါ။ လုံးဝ နားကြားလွဲစရာ အကြောင်းကို မရှိချေ။

အဲဒီအတွေးဟာ ရင်ထဲမှာ ပူလောင်နေကာ မဟုတ်သေးဘူး၊ ငါနားကြားမှားတာပါ ဆိုကာ ဖွတ်လိမ်နေမိသည်။ ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားသော ကိုကိုကို စန်းဆီးမကြားကြနေ လှမ်းချောင်းကြည့်လိုက်လျှင် မြင်နေရတဲ့ သူ့နောက်ကျောပြင်ကို တင်တင်က ငေးနေမိသည်။ မဖြစ်နိုင်ပါဘူးလေ။ တင်တင်ရှိ အိမ်ထောင်သက် နှစ်ဆယ့်ငါးနှစ်စောင် ပြည့်ခဲ့ပြီ။ ကိုကိုက ဒီလိုသွားဖောက်မယ့်လူမျိုး မဟုတ်ဘူး။ တကယ်ထွမ်းတျဖော့ ကိုယ့်ဖောက်ပြကို စိတ်မချတာက စိတ်မချတာပဲဖြစ်တာ။ ကိုကို ဒီလိုအရုပ်မျိုး မလုပ်ဘူးဆိုတာကိုတော့ မျက်စိမှိတ် ယုံနေသည်။ ဒါပေမဲ့ ကိုယ် စန်းရှိနေပြီ မဟုတ်လား ဆိုတဲ့ အင်မတန်မှ အံ့အားသင့်ဖော် အာမေဍိတ်ဆန်တဲ့ စကားသံ ခပ်တိုးတိုးကျိတ်တ တင်တင့်နား ထဲမှ မထွက်ပေ။ တစ်ဖက်မှာလည်း မဟုတ်ပါဘူးဆိုပြီး တင်းခံတာ ယုံချင်နေရှေးသည်။ အရှုံးပေါ်တော့မှာပဲ ရင်ဝကို ဆို့တက်လာကာ အသံကျရှုံမပြုံ မျှန်းကျပ်လာပါသည်။

"မာမီ တာဖြစ်လို့လဲ" သမီးရဲ့ လက်တစ်ဖက် ... တင်တင့် ပခုံးပေါ်သို့ သမီးရဲ့ လက်တစ်ဖက်ကျရောက် လာကာ မိုးကိမ်စကြီး မေးလေလျှင် ခဲတက်လာသည့် မျက်ရည်စတွေကို အသာသုတ်ရင်း သမီးကို ဒီကိစ္စပြောရကောင်းမလား စွေးမိလိုက်သည်။ အဲဒီလို ပြောလို့လည်း မဖြစ်သေးပါဘူး





"မာမီ ... မာမီ ... မျက်ရည်တွေနဲ့ ဘာတာဖြစ်တာလဲ"

"ဟူး ... ရှူး ကိုးတိုး ... သား ... လော"

တင်တင်က သမီးကို အခန်းထဲခေါ်လာကာ တံခါး ကြားသွားမှာစိုးလို့ သမီးအခန်းထဲကို ဝင်လာခဲ့သည်။ စုတ်ဆဲက နိုးမိမ်တကြီးဖြစ်ကာ အခန်းထဲ ရောက်တာနှင့် အဖမဖြစ်သူကို ထူးဆန်းသလဲ မေးရှာလေသည်။

"မာမီ ... မာမီ ဘာဖြစ်တာလဲ။ သမီးကို ပြောပါဦး" သမီးချက်နှုတ်မြင်မှ တင်တင့် ရင်ထဲမှာ အရှုံးကြီး ထိတ်ရင်ထဲမှာ ဝမ်းနည်းစိတ်များကောင်းသော ကြောက်ရွံ့ လိပ်ပြာလန့်ချိုးမှုတွေရော အားလုံးအတွက် မရောခါင်းမော့ ဝမ်းမနည်းစည်းဖြစ်လာသည်။ စိတ်ထဲမှာ ဒီလိုဖြစ်မယ်ဆိုတဲ့ အနေအထားအတွက် တစ်ခါမှ စဉ်းစားမပြီးသေးဘူးလေ။

"မာမီ ... ဘာဖြစ်နေတာလဲ၊ သမီးကို မပြောရင် မာမီ ဘယ်သူ့ကိုသွားပြောမှာလဲ။ ဖြစ်ခဲ့ရင်တွေ တောင်တုန်လာပြီ မာမီရယ်။ မာမီ ဘာဖြစ်နေတာလဲ" သမီးကမေးပြီး ခွက်မေးနေတာကြောင့် ရင်ထဲမှာတွေ ထားခဲ့တာ ပိုလို့မှ ဆိုးဝါးလာကာ စိတ်ကို လျှော့ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငိုချပစ်လိုက်တော့သည်။ တင်တင် ငိုချလေသောအခါ သမီး... ပိုလို့မှ စိုးရိမ် စိတ်ပူစွာဖြင့် တင်တင့်ကို ဖွတ်မေးတော့တာ... ဖြစ်သည်။

"ဟယ်... မာမီ... မာမီ... ဘာဖြစ်တာလဲ၊ ပြောပါဦး"

"ဘာဖြစ်ရမှာလဲ၊ နင့်အဖေကြောင့်... နင့်အဖေကြောင့်ပေါ့"

"ဒယ်ဒီ... ဒယ်ဒီက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ နင့်အဖေဆီမှာ နောက်မိန်းမ ရှိနေတာ... လုံးဝ သေချာသွားပြီ"

"မာမီရယ်... လာပြန်ပြီ ဒီအကြောင်းပဲ၊ သမီး အာခံ... တယ်ဆို၊ ဒယ်ဒီ့ဆီမှာ အဲလိုအရှုပ်အရှင်းတွေ မရှိပါဘူး"

"ညည်းကသာ မရှိဘူးပြောနေ၊ နင့်အဖေက အဲဒီဟာမ... ကလေးတောင် ရနေပြီတဲ့"

"ဟမ်... အာ... မာမီရာ... မဖြစ်နိုင်တာကြီးကို"

"ငါ သိပ်စိတ်နာတယ်၊ နင့်အဖေ မျက်နှာကို မြင်လည်း မမြင်ချင်ဘူး၊ ကြည့်လည်း မကြည့်ချင်ဘူး၊ တွေးမိ... ငါ တော်တော်နာတယ်၊ ဒီယောက်ျားကို ငါမပေါင်းတော့... ဘူး၊ ကွာမယ်"





တင်တင်က ပြောနေရင်းမှ နာကျင်စိတ်တွေ ပိုတိုး... ...ရကာ ရင်ထဲမှာ မျိုသိပ်မနေတော့တာကြောင့် ညတွင်းချင်းပဲ ...ဒီတိစ္စကို ဦးမဟာကျော်နှင့် ရှင်းကာ ရင်ဆိုင်လိုက်မည် အတွေး... ...ဖြင့်ထလျှင် ဝတ်ဆံက တင်တင်ကို အတင်းလိုက်ဆွဲကာ တောင်း... ...န်လေသည်။

"မာမီရယ်... မလုပ်ပါနဲ့ သမီး တောင်းပန်ပါတယ်၊ သမီးပြောတာကို ခဏလေး နားထောင်ပါ၊ ဒယ်ဒီ့အကြောင်းကို သမီးသိတယ်၊ ပြီးတော့ ဒယ်ဒီက မိသားစုကို ခင်တွယ်တဲ့သူပါ၊ ဒီလိုဖြစ်စရာ အကြောင်းမရှိပါဘူး မာမီရယ်။ နောက် မာမီပြောသလိုမျိုး ဖြစ်ခဲ့တယ် ဆိုရင်တောင် ဒီကိစ္စက မာမီသွားပြီး ဝုန်းဒိုင်းကြဲလို့ မရဘူးလေ၊ အဲလို အကြမ်းနည်းမျိုးသုံးရင် မဟုတ်ဘူးဆိုရင်တောင် ထွက်သွားဖို့ လမ်းစဖြစ်သွားလိမ့်မယ် မာမီ"

သမီးက ပြန်နားချနေသော စကားကြောင့် တင်တင်... ...ဘာ ဘာလုပ်ရမှန်း မသိအောင် စိတ်ရှုပ်ထွေးရလေသည်။ ဒါဆို ...ဘာလုပ် အုပ်သလဲ။



www.burmeseclassic.com

"နှင်းအဖေမှာ နောက်မိန်းမနဲ့ ကလေးပါ ရှိနေပြီဆိုတာ သေချာနေပြီ ဝစ်ဆံရိုးဝါ အခုပဲသူပြောနေတာ သတ်သေလိုက်ကြားခဲ့တာ"

"မယားနှစ်ကြားမှာတော့ပဲ ဖြစ်မှာပါ၊ ဒယ်ဒီကို သင်း ပုံတယ်မာမီး ဒါမှမဟုတ် အထင်လွဲတာပဲ ဖြစ်မှာပါ၊ အဲ တော့ မံမီဒါသဲတွေကို အဟော် လျှော့ထားလိုက် သမီး ဖြေရှင်းပေးမယ်"

"နှင်းအဖေကို နင်မဲယုံ၊ ငါတော့ အရမ်းမုန်းတာပဲ"

"နှင်းတောင်ဟိုက်က တကယ်ပဲ စိတ်ထဲခံစားရတာ" ပြော လိုက်မိသည်။ စိတ်ထဲမှာလည်း ဒါဟာ အမှန်မဟုတ်ပါစေနဲ့ ဆုတောင်းမိသည်။ တကယ်လို့များ ကိုကိုဟာ အဲဒီ တွေ့ထားမိ နဲ့ ငြိနေတယ်ဆိုရင်တော့။ ရင်ထဲမှာ မီးတွေ တောက်နေသည်။ မိန်းမတစ်ယောက်အတွက် အဆိုးဝါးဆုံးသောနှင့် အခံရ ဖွန့်သော ခံစားမှု ဆိုသည်မှာ ကိုယ်ချစ်ရတဲ့သူ တစ်ယောက်ကို ကိုယ်မပိုင် တော့ဘူးဆိုတဲ့ အချိန်မှာ ခံစားရမှုဟာ ဒဏ်ရာပဲ ဖြစ်သည်။ ဒီအချိန်မှာ မဟုတ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းတွေ ကသာ အပြည့်ဝချစ်ခိုး ဖြစ်လာမေသည်။

❖ ❖ ❖





မနေ့ညက ကိုစွဟာ တကယ်လား မဟုတ်ဘူးလား ဆိုတာ ဘာကိုမှ အဖြေအကျိုး မသိရဘဲ သမီး အတင်းတားနေ၍ ရင်ထဲက မကျေမလည်ကိစ္စကို ဘာမှ မမေးမြန်းရသေးပေ။ တအုံ နွေးနွေး ထားထားရသော် စိတ်ရှုပ်မှုဟာ နေ့ရှိသိုင်ရတာ တကယ်မဲ့ အသည်းမချေ ဖြစ်ရလေသည်။ အဲဒီအတွက် တစ်ညလုံး ဘယ်လိုမှ အိပ်လို့မရခဲ့ မနက်ကျတော့လည်း အစောကြီး ထပြီးကာ အလှ ပြင်ချင်စိတ်ပြင်း ရေမိုးချိုးပြီးသည်နှင့် အလှတွေကို မိမိမြန်မြန် ပြင်ဆင်နေမိသည်။ မျက်နှာကို ခံသေးစိတ် ... တော်ပါလိမ့်မည်၊ Eye Liner ရဲ့ပြင် အလှဆုံး ဖြစ်အောင်နေတာ မြင်း ... ရေချိုးခန်းထဲက ထွက်လာသော ဦးမဟာ ... တင်တွင်ကို လှမ်းမကြည့်ဘဲ မေးလေသည်။

"ဘယ်သွားမလို့လဲ တင်တင်" ဟု မေးလေသည်။

www.burmeseclassic.com



မေးဖော်တော့ ရသေးသားပဲ။ တင်တင်က ကြည့်လို့မရစွာ မျက်နှာကို မဲ့လိုက်ရင်း အရွဲ့တိုက် ပြန်ဖြေလိုက်သည်။

"ဘယ်သွားသွားပေါ့"

"တင်တင်... ဘာဖြစ်နေတာလဲကွာ၊ မင်း ကိုယ့်ကို တစ်နေ့ တစ်နေ့ ဘာလို့ ရွဲ့စောင်းဖို့ပဲ စဉ်းစားနေတာလဲ"

"ဒီမှာ ဦးမဟာကျော်၊ ရှင့်ကို ဘယ်သူကမှ ရွဲ့စောင်းမနေဘူး၊ စိတ်ကို မဝင်စားတာ"

"ဟား... မင်းကွာ"

စိတ်မရှည်သံတွေဟာ ကြားနေကြ အသံတွေဖြစ်ကာ နားထဲမှာလည်း အခါးသက်ဆုံးမို့ စိတ်မကြည်လင်စရာဖြစ်ကာ တဆုံးကို ရွဲ့ချပစ်လိုက်တော့သည်။

"ဒီမှာ... ကျွန်မလည်း ရှင့်ကို ဂရုမစိုက်ဘူး၊ ရှင်လည်း ဘာမှ လာပြောစရာ အကြောင်းမရှိဘူး။ ဒီနေ့ ဒီအချိန်ကစပြီး တင်တင်ခန့်တို့ လုပ်ချင်ရာ လုပ်မယ်၊ ဘာတစ်ခွန်းမှ ဝင်မပြောနဲ့"

"ဟား... မနိုင်တော့ဘူးဟေ့... မင်းကိုတော့၊ လုပ်ချင်တာသာလုပ်၊ ဘာမှမပြောတော့ဘူး၊ အသက်ကြီးမှ နရှင်နေတယ်"





မိန်းမရယ်... မင်း ဘာဖြစ်လို့များ ရွဲ့နေ ပြဿနာရှာနေရသလဲဆိုပြီး နည်းနည်းပါးပါး မေးခွန်းလေး ထုတ်လိုက်ပါရော့လား ဦးကျော်မဟာရယ်။ အခုများတော့ဖြင့် သူကပဲ တစ်ပြန်စီးကာ တင့်တင့်ကိုပဲ ပြောမနိုင် ဆိုမနိုင် ဖြစ်နေရတာကို သူကပဲ ဒေါသတွေကြီး၍ ရှူးရှူးရှဲရှဲလုပ်ကာ အလုပ်ထွက်သွားဖို့ ပြင်ဆင်နေလေသည်။ တင်တင်က မှန်ထဲကနေ လှမ်းကြည့်ကာ ဒေါသတွေဆိုသည်မှာ အလိပ်လိုက် အလိပ်လိုက် ထွက်လို့နေတာပဲဖြစ်သည်။ သူ ပြင်ဆင်နေတုန်းမှာ ဖုန်းသံက မြည်လာလျှင် တင်တင်ကလည်း နားစွင့်ထားလေသည်။ တင်တင် ရှိနေတာကို သတိရှိစွာဖြင့် သူက ဖုန်းကိုင်သော်လည်း လေသံက ခပ်ထန်ထန်လေသံနှင့် ဖုန်းပြန်ထူးတာဖြစ်သည်။

"ဟယ်လို... အေး... အေး... အခု ထွက်လာပြီ"

ပြောပြီးတာနှင့် ဖုန်းချကာ တင့်တင့်ဘက်ကို မျက်လုံး အသာစွင့်ကြည့်၍ သူ့အိတ်ကိုဆွဲကာ မကောင်းတတ်လို့ ပြောဟန်ဖြင့် ထပ်ပြောလေသည်။

"ငါ အလုပ်သွားတော့မယ်"

"ဒီနေ့က စောလှချည်လား"



www.burmeseclassic.com

"အေး... အစည်းအဝေးရှိလို့ သွားပြီကွာ"

တင်စာင်းဆီက ဘာကိုမှခွင့်ပြုချက်အပြောင် မစောင့်တော့ ထွက်လို့သွားလေ၏။ လုံးဝကို မှုမမှန်သည့်အတော့ သေချာပေပြီ။ သေချာလောက် ရှိသည်ကတော့ ဟိုမိန်းမ ဖုန်းဆက်ပြီး ချိန်းတာပဲ ဖြစ်ရမယ်။ ဝိုင်ကြိုင်က ခင်ပွန်းသည် အလုပ်ဆိုပြီး ထွက်သွားတော့နှင့် ချက်ချင်း အဆင့်မြင့်ကာ သမီးအခန်းကို တံခါးသွားခေါက်လေသည်။ အိပ်မှုန်စုံမွှားဖြင့် ထွက်လာသော ကြောင့် တင်စာင့်မှာ ဖြစ်နေတဲ့ ဒေါသကို ထောက်ခံစီ တုံးရကာ

"ဖတ်ဆံရုပ် ... ညည်း အခုထိ ဘာမှမလုပ်ရသေးဘူးလား။ မလုပ်ရသေးလည်း အဲဒီတိုင်းဘဲ လိုက်ခဲ့ပေတော့။ နင့်အဖေ အစ်ခုပဲ အလစ်သွားမယ်ဆိုပြီး ထွက်ပြီ"

"အား... မေမီ... ဆောရီးပါ။ နောက်ရက်မှ လိုက်ပါ့မယ်ရယ်။ သမီး ခုနေ Shooting သွားရမှာ"

"တော့ ... နင့်အဖေ ကိစ္စ အရေး။ ဖျက်လိုက်စမ်းပါ။ ... မြန်မြန်... တော်ကြာ မမီဘဲနေလိမ့်မယ်"

"အဲဒါဆိုလည်း မာမီ အရင်သွားနှင့်လိုက်၊ ဝတ်ဆံနောက်မှ လိုက်ခဲ့မယ်။ ဒီနေ့ ကော ... တကယ့် အလုပ်ကိစ္စချိန်းထား ပြီးသား ဖြစ်နေလို့ပါ"





"ပြီးတာပဲဟာ"

တင်စာင် စိတ်လည်း မရှည်နိုင်တော့ရွာဖြင့် ကိုယ့် ဒေါသဖောက ဘယ်နေ့တာကိုမှ သမီးဖြစ်သူ မလိုက်လျှင် တင်စာင် အတော့ သွားဖို့ပဲ ဆုံးဖြတ်ကာ မြန်မြန်ထွက်ခွာ နောက်က လိုက်လာခဲ့သည်။ ဒီအချိန်ဟာ ဖြစ်စဉ်ကို သေချာမှုအတွက် ဆိုင်လိုက်ဖို့ရာ အချိန်ကောင်းပဲ ဖြစ်၏။ ယောက်ျားကောက်မြန် နေတဲ့ ကိစ္စကို ဝတ်စုံကြီးဆိုပြီး ပါတ်လေသလား မပါတ် ပါဘဲနဲ့ ဆိုင်ရာတော်င်းကာ ရှုနဲ့ဖျက်ရှုပ်ခုတ်ပြီး ဝတ်စက်ကွဲ ကြကွဲနေဖို့တွေ့ဖဲမှာ တင်စာင်ခန့်တို့ ပေါ်မြဲ။ ကိုယ်က ခေတ်မီနေသော အမျိုးသမီးဖြစ်ကာ ဒီလိုကိစ္စအတွက်ကတော့ ထိုင်အံသည်းကွဲနေမှာ မဟုတ်ဘဲ ဖြေရှင်းမယ့်လူမျိုး ဖြစ်သည်။ ဒီနေ့သာ အပိုင်တွေ့လိုက်လို့ကတော့ ရှေ့လာမယ့် အနာဂတ် အတွက် တင်စာင် ကိုယ်တိုင်လည်း ဘာဖြစ်မယ်ဆိုတာ မှန်းရဲ

✤ ✤ ✤

www.burmeseclassic.com



ဝတ်ဆံက ချိန်းထားတဲ့ဆီ သွားဖို့အတွက် ကိုယ့်ကိုယ်ကိုယ် မှန်ထဲတစ်ချက် ပြန်ကြည့်ကာ စိတ်တိုင်းကျပြီ ဆိုရင်တော့ DKNY ပန်းသီးစိမ်းကို ဖွတ်ကာ မတ်တတ်ထရပ်လိုက်ရင်း ကိုယ်ကို တစ်ပတ်လှည့်ကြည့်လိုက်သည်။ ဒီနေ့က Crush လေးနဲ့ ဆုံဖို့ရာ အပြင်မှာ date ထားတဲ့နေ့ ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ မာမီဟာ ဒယ်ဒီ ဖောက်ပြန်နေတယ်လို့ အတွေးတွေများကာ စပိုင်လိုက်ဖို့အတွက် ခေါ်တာတောင် ဝတ်ဆံမှာ မအားရပါဘူး အကြောင်းပြကာ ရှမယ်ရှာ နေခဲ့ရတာဖြစ်သည်။ တွေးကြည့်ရင်တော့ ဒယ်ဒီ ဒီလိုလုပ်ရပ်မျိုးကို လုပ်မှာမဟုတ်ဘူး ဆိုတာ စိတ်ထဲ အတိအကျ ယုံကြည်စွာ သိနေသောကြောင့် မာမီ စိတ်ပူမှာတွေကို စိတ်မပူပါနဲ့ ပြောသော်လည်း မာမီက မရဘဲ မလိုက်လေတဲ့ ဝတ်ဆံကိုတောင် စိတ်ဆိုးသွားကာ သူ့ဘာသာ တစ်ကိုယ်တည်း စပိုင်ခရီးစဉ် စလေတော့သည်။





ဝတ်ဆံ တစ်ယောက်ကတော့ဖြင့် သမီးအလိမ္မာဖြစ်နေကာ မာမီက လိုက်ခဲ့ပါဟဲ့ ဆိုတာတောင် အင်းအဲလုပ်ရင်း အချစ်ကို ဦးစားပေးမိသူ ဖြစ်သည်။ ခွင့်လွှတ်ပါ မာမီ။ စိတ်ထဲကနေ တောင်းပန်ရင်း ဝတ်ဆံက အပြင်သွားဖို့ ထွက်လာခဲ့တော့သည်။

ဒီနေ့က ဝတ်ဆံအတွက်လည်း ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသော နေ့ဖြစ်သည်။ ကိုကိုမောင် ဆိုသော အလွန်တရာ crush မိလေတဲ့ ဝတ်ဆံရဲ့ မင်းသားလေးနှင့် အပြင်မှာ နှစ်ကိုယ်တည်းဒိတ်ဖို့အတွက် ဒီနေ့မှာ ချိန်းထားတာကြောင့် ဝတ်ဆံကို ခါတိုင်းမြင်နေကျ ရှပ်အင်္ကျီနှင့် ဘောင်းဘောင်းတွေ လုပ်မသွားဘဲ မိန်းကလေးဆန်စွာသော ဂါဝန်လှလှလေးကို ခါးတော်သေးသေးလေး ခါးမှာပတ်ထားကာ MK လက်ကိုင်အိတ်အသစ်နှင့် ဖွန်းမိုက်လှစွာ လှတပတ ပြင်ဆင်လာရင်း သူနဲ့ချိန်းထားရာ ဆိုင်လေးကို ရောက်လာလေလျှင် ဝတ်ဆံက ကိုကိုမောင့်မျက်နှာမြင်မှ မာမီကို အားနာမိသလို ရှိသွားသည်။ ဝတ်ဆံ မာမီကို တအားရက်စက်ရာများ ကျသွားလေ့လား။

"ဝတ်ဆံ... ဒီနေ့ အရမ်းလှနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး၊ အစ်ကို ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ ဇော်ဆံနဲ့တွေ့ဖို့ စောင့်နေရတာပဲဟာ၊ ကိုယ် စောင့်နိုင်ပါတယ်"

ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းလှလေသော အချိန် တစ်ခုမို့ ဇော်ဆံက ရှေ့တော့ ကျေနပ်လို့သွားလေသည်။

"ဇော်ဆံ တစ်ခုခု မှာလေ"

"ရတယ်... ကော်ဖီပဲ သောက်တော့မယ်"

"အိုခေ"

သူက ကာပ်ပူချီနိုတစ်ခွက် ဝိတ်တာကို မှာပြီးနောက် မှာ ဇော်ဆံကို ဆွဲဆောင်အားကောင်းသော အပြုံးဖြင့် ပြုံးပြရင်း စေ့ရောင်ကြွေစေသော ရုပ်ရည်ရှိသူအဖြစ် နှင်းဆီပန်းတစ်ပွင့် ထုတ်ပေး ရလေသည်။ ဒါဟာ ပထမဆုံးဒိတ်ပဲ ဖြစ်သည်။ ရင်ခုန်ခြင်းဆိုသော စကားလုံးအတွက် ဇော်ဆံက စကားလုံးနားလည်အောင် မနည်း ကိုကြိုးစားဘာသာပြန်နေရင်းဖြင့် crush နှင့် ချိန်းတွေ့မိလေ သည်။

✤ ✤ ✤





တောက်လျှောက် နောက်ယောင်ခံလိုက်မှုမှာ အခု ထိကို တစ်ခုမှာမှ အရှာမထင်သေးတာကတော့ ဝမ်းပဲသာရမလို၊ ကိုယ်ဖမ်းမမိတာအတွက် ဒေါ်ပဲကန်ရမလိုဖြင့် အမျိုးစုံသော ခံစားမှုတွေကို ဖြစ်စေလှေသည်။ ဒီမနက်တစ်ခင်းလုံး တောင်တောင် နောက်ယောင်ခံလိုက်သမျှမှာ အိမ်မှာ သူပြောတာနဲ့တာဖြင့် အရုပ် မှာ အစည်းအဝေးရှိတယ်တဲ့။ ပြီးတော့ အခုဂျူ အပြင်ဘက်မှာ ကင်တာင်ခဲ့တဲ့ ရန်ကုန်သည်ထက်မယောက်ဆိုင် ဖွင့်စကားပြော၊ ကား ထိသွားတော့ပြီးနောက်မှာ အခု ကော်ဖီဘား ဆိုင်တစ်ခုမှာ ကားကို ရပ်၍ ဆိုင်ထဲသို့ ဝင်သွားလေသည်။ ထိုဒီအတွက် နောက်ကနေ ဆက်လိုက်ဖို့အတွက် တင်တင့် စောင့်ခဲ့ကား ဆိုင်ထဲရှိမှ နေတော့မည်မို့ နေကာမျက်မှန်ကို တပ်လိုက်ကာ ကားပေါ်ကဆင်း လိုက်သည်။

www.burmeseclassic.com



တင်တင်က ဆိုင်ထဲသို့ ဝင်လာကာ အမည်းရောင်ကာရံထားတဲ့ မှန်သားနောက်ကွယ်က မျက်လုံးတွေကနေ မျက်လုံးကစားကြည့်မိလိုက်သည်။ ဆိုင်ဟာ တိတ်ဆိတ်အေးချမ်းကာ ခပ်မှောင်မှောင် ဒီဇိုင်းလေးပဲဖြစ်သည်။ ဆိုင်တွင်းမှာ ဖွင့်ထားတဲ့ နိုင်ငံခြားတေးသွားသံ သဲ့သဲ့ဟာ စိတ်ကို ငြိမ်းချမ်းစေ၍ ဒီဆိုင်ဟာ ချစ်သူစုံတွဲလေးတွေထိုင်တဲ့ ဆိုင်မျိုးမှန်း သိပ်သိသာလှနေသည်။ သေချာပါပြီ။ ဒီလိုဆိုင်မျိုးကို ဒီအဘိုးကြီး အရောက်လှမ်းလာတယ် ဆိုရင်ဖြင့် ဒါဟာ ရိုမန်တစ်သဘောတရားကိုဆောင်ကျဉ်းကာ သူတွေ့မယ့်သူဟာ ဟိုမိန်းမပဲဖြစ်မှာ အသေအချာပဲ ဖြစ်သည်။ ကုမ္ပဏီမှာ တွေ့ရတာ အားမရလို့ အပြင်ထွက်ပြီး တွေ့နေတာပေါ့လေ။ တွေ့ပြီပေါ့ ဦးမဟာကျော်ရယ်။ တင်တင်က စိတ်ကို တင်းလိုက်ကာ ဘယ်နားမှာ ထိုင်နေသလဲ ဆိုတာ လိုက်ကြည့်ရင်း အသက်ကြီးမှ ကမြင်းကြောထချင်တဲ့ အဘိုးကြီးနောက်ကျောကို လှမ်းတွေ့လိုက်ကာ သူနှင့်တွေ့ စကားပြောနေတဲ့သူကိုတော့ သေသေချာချာ မမြင်ရပေ။ ဘယ်နားလေးမှာထိုင်ရင် သူတို့ပြောတာ ကြားနိုင်မလဲ ·မျက်လုံးကစားကြည့်လျှင် အကွယ်ထောင့် တစ်နေရာက ထိုင်ခုံကို သူမမြင်လေသည်။





တင်တင်က တွေ့ကြပြီပေါ့ကွာဟု စိတ်ကို မောင်းတင်ထားရင်း ထောင့်အကွယ်ဘက်ကပိုင်းကို ခပ်မြန်မြန်လေး သွားလိုက်ပေသည်။

ဝိတ်တာတစ်ယောက်က ရောက်လာတာကြောင့် အအေးတစ်ဘူး မှာလိုက်ပြီး ဟိုဝိုင်းကို မြင်ရအောင် ခုံကိုဘေးသို့ အသာဆွဲကာ ကြည့်လိုက်သည်။ ဦးမဟာကျော်ဟာ ဆိုရင်ဖြင့် အက်တက်ကြွကြွကို ပြောနေတာဖြစ်သည်။ ဘယ်သူနဲ့ပြောနေတာလဲ ဆိုတာတော့ မမြင်ရသေးပေ။ တင်တင်က အသည်းအသန် ဖင်တကြွကြွဖြင့် လှမ်းကြည့်နေသော်လည်း ဘယ်သူမှန်း မမြင်ရတာ တော်တော်ဆိုးဝါးလေသည်။ သေချာတာ တစ်ခုကတော့ ဦးမဟာကျော်ဟာ တစ်စစီ အရေခွံဆွဲဆုတ်ပစ်ချင်လောက်အောင်ကို ဖြီးနေတဲ့ မျက်နှာဆိုတာဟာလေ။ အိမ်မှာနေတဲ့ပုံနဲ့များ တခြားစီ။

တင်တင်က ဘယ်လိုမှ မခံနိုင်သော ဒေါသဖြင့်ထ ကာ နည်းနည်း အားစိုက်ကြည့်လိုက်ရင် ဦးမဟာကျော်နှင့် ပြောနေသူက အမျိုးသားကြီးတစ်ဦး ဖြစ်လေသည်။ ဟင်… ဟို စက္ကူအရိုမလည်း မဟုတ်ပါလား။ အခုတွေ့နေတဲ့ အမျိုးသားကြီးဟာ ဘိုကိုနှင့်ဆရွယ်တူ စီးပွားရေးသမားတစ်ယောက် ဖြစ်ဟန်တူသည်။

www.burmeseclassic.com



သူတို့နှစ်ယောက် စကားပြောပြီး ဆိုပြီးနောက်မှာ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်ကြရင်း ပိုက်ဆံရှင်းကာ ထွက်လာကြတာမို့ တင့်တင့်ကို မြင်သွားမလားဆိုတဲ့ စိတ်ဖြင့် ထိုင်လန့်စွာ ဘေးမှာတင်ထားတဲ့ Menu စာအုပ် ဖတ်ချင်ဟန်ဆောင်ကာ မျက်နှာကို အကွယ်ယူထားလိုက်သည်။

ဆိုင်ထဲက သူတို့ထွက်သွားမှ အသက်ရှူချောင်သွားစွာဖြင့် စာအုပ်ကို ပြန်ချလိုက်သည်။ ဘယ်လိုဖြစ်တာပါလိမ့်၊ ထင်ထားတာဟာ ဒီနေရာမှာ ဟိုမိန်းမနှင့် သူ့ယောက်ျား အတူတူတွေ့ကာ တင်တင်တို့ တင်တင်တို့ ပွဲကြီးပွဲကောင်း နွှဲ ဟု တွေးထားတာနှင့် တခြားစီပဲ ဖြစ်သည်။

ဘယ်လိုဖြစ်တာပါလိမ့်။ တင်တင်က ရင်ထဲက ပဟေဠိတွေဖြင့် အာရုံတွေ နောက်ကျိနေကာ မှာထားတဲ့ Sp ဘူးကိုဖွင့်ကာ တစ်ငုံသောက်လိုက်သည်။ တစ်နေကုန် ကိုယ့်ကို ခေါက်ပ်နေကာ လိုက်လာတာ အစမှပဲ ပင်ပန်းရကောင်းမှန်း သိသည်။ တင်တင်က အစမှ အတွေးတွေမှားကာ လူကို အနားပေးလိုက်ပြီး တပ်ထားတဲ့ နေကာမျက်မှန်ကြီးကို ချွတ်နိုင်ကာ လေပူတစ်ချက် မှုတ်ထုတ်ရင်း မျက်လုံးလှဲ့ကြည့်





လိုက်လေလျှင် ဆိုင်ထောင့်ကပိုင်းကို သတိထားမိသွားသည်။ ဟယ်... ဟိုကောင်လေး ကိုကိုမောင်။

ဒီအချိန်မှာ ကိုကိုမောင်ကို တွေ့လိုက်တာ ဘာပဲဖြစ်ဖြစ် အကြိုဥဏ်ရတယ်လေလို့ တွက်ဆမိကာ အဲဒီဝိုင်းကို အဲဒီဝိုင်းကို သွားလိုက်တော့သည်။

"မောင်ကိုကို..."

ခေါ်သံအဆုံးမှာ တင့်တင့်ကို လှည့်ကြည့်လာတဲ့ ဒူက မောင်ကိုကိုအပြင် နောက်တစ်ယောက်ပါ ရှိနေသေးသည်။ အဲဒီရှိနေတဲ့ တစ်ယောက်ကို မြင်လျှင် မြင်လိုက်ရခြင်းမှာ တင်တင့် အတွက် သွေးစုန်နှန်းတွေ ဆောင့်တက်သွားသလို ခံစားရကာ အမည်ပါ ခေါ်မိလိုက်သည်။

"ဝတ်ဆဲ"

"မာ... မာမီ"

"မာမီ... ဒါဆို ဝတ်ဆဲနဲ့ အန်တီက"

"အဲဒါ ငါ့သမီး၊ ဝတ်ဆဲ အရေးကြီးတဲ့ အလုပ်ကိစ္စဆိုတာ ဒါလား၊ နင်နဲ့ ကိုကိုမောင် ဘယ်လိုပတ်သက်လဲ"

"သူဝယ်ချင်းပါ ... မာမီက ဒီကို ဘယ်လိုရောက်နေတာလဲ"

"ဘယ်လိုရောက်ရမှာလဲ၊ နင့်အဖေပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ... မာမီ... ပြန်မယ်၊ အပြင်မှ ပြောမယ်လေ၊ အစ်ကို
သွားတော့မယ်နော်"

သမီးက ကိုကိုမောင် သိမှာ စိုးရိမ်တကြီးဖြင့် တင်
တင့်ကို တားကာ ဖွတ်အတင်း ခေါ်လာလျှင် တင်တင်က သမီး
ဖြစ်သူကို မျက်စောင်းတစ်ချက် ထိုးပစ်လိုက်ရင်း...

"အမယ်လေး... ဘာမှ ပုန်းလျှိုးကွယ်လျှိုး လုပ်မနေနဲ့၊
နင့်အဖေကိစ္စ မောင်ကိုကို အကုန်သိတယ်"

"ရှင်... မာမီနဲ့ အစ်ကိုနဲ့က..."

"အန်တီ... အခု ဘာဖြစ်လို့လဲ"

ဝတ်ဆံက အံ့သြတကြီး ဖြစ်နေကာ မေးခွန်းထုတ်
လို့ မပြီးသေးခင်မှာပဲ ကိုကိုမောင်က တင့်တင့်ကို စိတ်ပူပန်စွာ
မေးလေလျှင် ဆက်လက်စုံစမ်းဖို့အတွက် ဒီကောင်လေး အကူအညီ
ပဲ ယူရမှာ သေချာတာမို့ ပြောလိုက်တော့သည်။

"ဒီနေ့တော့ ငါလိုက်ချောင်းတာ။ ခုနက ဒီဆိုင်ထဲ ထ
လာတော့ အဲဒီဟာမနဲ့ တွေ့ပြီပဲ ထင်ထားတာ၊ ဒါပေ
လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေတယ်၊ လက်ပူးလက်
မမိသေးဘူး ဖြစ်နေတာ၊ တွေ့လို့ကတော့..."





"မာမီ... မာမီ... သွားမယ်လေ၊ သွားကြရအောင်။
အစ်ကို... နောက်မှ တွေ့မယ်နော်။ လာ... လာ... မာမီ"

ဝတ်ဆံက အတင်းကို ဆွဲခေါ်နေကာ ပြန်မယ်ကြီး
ကဲ ဖြစ်နေတာမို့ တင်တင်က သမီးလက်မောင်းကို ဖျတ်
ရှိုက်လိုက်ရင်းက...

"ဟဲ့... နေစမ်းပါဦးဟယ်၊ ငါ ဒီမှာ စကားပြောနေတယ်
လေ၊ မောင်ကိုကို အန်တီ ဘယ်လိုလုပ်ရမလဲ"

"သိပ်လည်း စိတ်ပူမနေပါနဲ့ အန်တီရယ်၊ ကျွန်တော်
ကူညီမှာပေါ့"

"မာမီ ပြန်မယ်... လာ... လာ..."

"ဩော်... အေးပါဟယ်၊ ကဲ... မောင်ကိုကို နောက်မှပဲ
အစီအစဉ်တွေ ပြောတော့မယ်"

သမီးက အတင်းဆွဲခေါ်နေတာမို့ တင်တင်က
မီးနှင့်အတူ ထွက်လာခဲ့တော့သည်။ ကိုယ့်စိတ်ထဲမှာလည်း
ကို မေးစရာ မေးခွန်းတွေက ရှိနေပေသလို သမီးကလည်း
ယ့်ကို ပြန်မေးမယ့် မေးခွန်းတွေ ရှိနေမယ်ဆိုတာ သိပ်ကို
ချာလှန်းပေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

မာမီက ဝတ်ဆံ မေးခွန်းအတွက် ချက်ချင်းပြန်မဖြေသေးဘဲ ဝတ်ဆံမျက်လုံးတွေကို သေချာအရင်ကြည့်သည်။ ပြီးတော့ ဝတ်ဆံ အံ့အားသင့်လောက်စေသော စကားကို ဆိုလေသည်။

"ကိုကိုမောင်က မာမီ့ကို ကူညီပေးနေတာ။ သူ့ကြောင့် ငါ့ရဲ့မီးဖိုချောင်ထဲ ချောင်ထိုးခံရတဲ့ ဘဝကနေ သွက်လက်မှုတွေ ပြန်ရလာတာ၊ ဒါပဲ... ညည်းမေးတာကို ငါဖြေပြီ၊ ညည်း အခု မာမီ ကျေနပ်တဲ့ အဖြေပေးတော့။ အဲ ကိုကိုမောင်နဲ့ ညည်း ဘယ်လို ပတ်သက်နေတာလဲ"





မာမီ့မေးခွန်းက တကယ်ပဲ အသက်ရှူကျပ်စေသည်။ အဲဒီထက် ပိုဆိုးတာက ကိုကိုမောင်ဟာ မာမီ့ကို ဒီခိုင်းတွေပြောင်းသွားအောင် မြှောက်ပေးတဲ့ အမိကပုဂ္ဂိုလ်ဖြစ်ကာ မာမီနှင့်တော်တော်လေး ရင်းနှီးပုံရသည်။ အခု မာမီက သူနှင့် ပတ်သက်မှုကဘာဆိုတာ ရှင်းချက်ထုတ်ပြီးနောက်မှာ ဝတ်ဆံကို ဘယ်လိုပတ်သက်လဲ မေးလေ၏။ ဝတ်ဆံ ဘာဖြေရမလဲ။ အဲဒီတစ်ယောက်က သမီး ကြိုက်နေတာပါ မာမီ။ အဲဒီလောက်ကြီး ဖွင့်လင်းပြောင်ကျတဲ့ အဖြေကြီးလည်း မထွက်ရဲ။ ဒါဖြင့် ဘယ်လိုဖြေမလဲ။

"ဟဲ့... ဝတ်ဆံ... မာမီ မေးနေတယ်လေ။ ညည်း ညာဖို့တော့ မစဉ်းစားနဲ့၊ ပြော... ကိုကိုမောင်နဲ့ ဘယ်လိုသိတာလဲ။ ဘယ်လိုပတ်သက်နေလဲ"

မာမီ့ဆီက မေးခွန်းထပ်ထွက်လာလျှင် ဝတ်ဆံက ကြောက်ကြောက်ရွံ့ရွံ့တစ်ချက်ကြည့်ကာ ပေါ်တင်ပဲ လိမ်လိုက်သည်။

"ကိုကိုမောင်က ဝတ်ဆံနဲ့ သူငယ်ချင်းပါ။ ဒါက လူငယ်အထာပဲ။ ပြဿနာမရှိဘူး။ မာမီက အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ... ဒယ်ဒီ့ကိစ္စက မာမီ အထင်လွဲနေတာပါ။ အချိန်တန်ရင် မာမီ အမြင်ရှင်းသွားလိမ့်မယ်။ သမီး ဒယ်ဒီ ဒီလိုအလုပ်မျိုး မလုပ်ဘူး ဆိုတာ သမီး ယုံတယ်။ မာမီက အခု ကိုကိုမောင်ကို ကိုယ့်အိမ်တွင်းရေးတွေ သွားပြော လိုက်တာ တော်တော်ဆိုးတယ်။ ပြီးတော့ သမီးကလော ဘာဖြစ်သွားပြီလဲ။ ဒယ်ဒီသာ မာမီ အခုလုပ်နေတဲ့ကိစ္စ တွေသာသိရင် တကယ်စိတ်ဆိုးမှာ သေချာတယ်”

“တော်စမ်း... နင်က ငါ့ကို ဆရာပြန်လုပ်နေသေးတယ်၊ ဒီမှာ ဝတ်ဆံခန့်... ညည်းကို မာမီ မွေးလာတာ၊ ငါ့ ကိစ္စကို ငါ ဘာပြောသင့်တယ် ဘာလုပ်သင့်တယ်ဆိုတာ ကို သိပြီးသား။ ငါ့ကို ဘာမှ ဆရာပြန်လုပ်မနေနဲ့။ မိန်းမ တစ်ယောက်ကို ချောင်ထဲထိုးထည့်ထားချင်တဲ့ နင့်အဖေရဲ့ စိတ်ကို ငါ ပြုပြင်ရမှာ။ ပြီးတော့ ဟို အေမီဆိုတဲ့ မိန်းမ နဲ့ တကယ်သာ ကလေးရခဲ့ရိုးမှန်ရင် ငါ ဘာလုပ်မလဲဆို တာ ညည်းစောင့်ကြည့်လိုက်”

မာမီက အတော်လေး ပေါက်ကွဲနေဟန်ဖြင့် ရင်ဖွင့် နေလျှင် ဝတ်ဆံက မာမီ့ခံစားချက်တွေအတွက် တကယ်ပဲ စိတ် မကောင်း ဖြစ်ရကာ မာမီ့ကိုဖက်၍ နှစ်သိမ့်အားပေးရင်း...





“မာမီရယ်... ဝတ်ဆံ ဒယ်ဒီနဲ့ စကားပြောကြည့်ပါဦးမယ်၊ သမီးအမြင်မှာတော့ ဒယ်ဒီမှာ ပြောင်းလဲမှု ဘာမှမရှိပါ ဘူး၊ ဒယ်ဒီသာ နောက်ထပ် တစ်အိမ်ထောင် ထူထောင် ထားရင် ဒီလိုအေးအေး ဘယ်နေပါ့မလဲ၊ မာမီ အထင်လွဲ နေတာပါ”

“ညည်း နားမလည်သေးတဲ့ ကိစ္စတွေ အများကြီး ရှိပါ သေးတယ် သမီးရယ်၊ အဲဒီကိစ္စတွေက ညည်းခေါင်းထဲ ထည့်စရာမလိုပါဘူး၊ အခုချိန်မှာ ကိုကိုမောင်နဲ့ သမီး ဘယ်လိုပတ်သက်နေလဲ၊ ဒါပဲ သိချင်တယ်”

မာမီက သူ့ငယ်ချင်းပါဆိုတဲ့ အဖြေကို ကျေနပ်ဟန် မရှာ ထပ်မံမေးလျှင်တော့ ဝတ်ဆံက အမှန်အတိုင်းပဲ ဝန်ခံ ပြောလိုက်ဖို့ ဆုံးဖြတ်လိုက်ကာ ပြောလိုက်တော့သည်။

“သမီး အမှန်အတိုင်း ပြောပါ့မယ်၊ မာမီ မဆူရဘူးလို့ ကတိပေး”

ဝတ်ဆံတောင်းတဲ့ ကတိအတွက် မာမီက အကြည့် တစ်ချက်သာ ပြန်လည် တုံ့ပြန်သည်မို့ ဒီချိန်မှ အမှန်ကိုမပြော



www.burmeseclassic.com

www.burmeseclassic.com



ရင် ဝတ်ဆံ ကောင်းကောင်းအဆောခံရမယ်ဆိုတာ သဘောပေါက် ရစွာဖြင့် မှန်ရာကို လျှောက်တင်ရတော့သည်။

"ကိုကိုမောင်က ဝတ်ဆံတို့ဆီမှာ ဓာတ်ပုံလာရိုက်ရင်းနဲ့ ဝတ်ဆံနဲ့ ခင်သွားတာပါ၊ အမှန်တိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကိုကိုမောင်ကို သမီး Crush နေပါတယ်"

"Crush... ဘာလဲ အဲဒါ"

"ဟွာ... ကြိုက်တာကို ပြောတာ"

"ဘာ... နင်ကစပြီးတော့"

"မာမီရယ်... အဲဒါကြောင့် သမီးက မဆူပါနဲ့လို့ ကြိုစကားခံထားတာပေါ့"

"ညည်းကတော့ ဝတ်ဆံရယ်၊ ဒါဆို အခု ညည်းတို့က ဘာတွေလဲ၊ သူ့ဘက်ကကော"

"သူ့ဘက်ကလည်း စိတ်ဝင်စားနေတယ်လို့ ထင်ရတာပဲ"

ဝတ်ဆံရဲ့ မရဲတရဲ စကားကြောင့် မာမီက စိတ် မောစွာ ဟင်းခနဲ သက်ပြင်းချ၍ ဝတ်ဆံကို ဆံပင်တွေ သပ်ပေး ကာ...





"သမီးကို မာမီက ဘယ်တုန်းကမှ ထိန်းချုပ်မကန့်သတ်ဘူး၊ သမီး လျှောက်တဲ့လမ်းကို မှန်တယ် မှားတယ်ပဲ ညွှန်ပြပြီး ထိန်းမတ်ပေးခဲ့တယ်။ သမီးကို မာမီလို အချစ်ကို ကိုးကွယ်တတ်တဲ့ မိန်းကလေးမျိုး မဖြစ်စေချင်တာတော့ အမှန်ပဲ။ မြန်မာမိန်းကလေးတစ်ယောက်ဟာ အချစ်ကိုရယူဖို့ ကြိုးစားတာထက် အချစ်ကို မျှော်လင့်တာပဲ ဖြစ်သင့်တယ်။ ရဲတင်းချင်တဲ့စိတ်တွေ မရှိပါနဲ့ သမီး။ မာမီ ဒါပဲ ပြောချင်တယ်"

"ဟုတ်ကဲ့ပါ မာမီ၊ သမီး Crush တယ် ဆိုတာကလည်း ရုပ်ရှင်မင်းသားတစ်ယောက်ကို သဘောကျမိရုံလောက်ပါပဲ၊ မာမီကို သမီးအတွက် ထပ်ပြီးစိတ်ညစ်မှု မရှိစေရပါဘူးလို့ သမီး ကတိပေးပါတယ် မာမီ"

ဝတ်ဆံ ကတိစကားကြောင့် မာမီက စိတ်ချမ်းသာသွားဟန်ဖြင့် ဝတ်ဆံကို ပခုံးပုတ်ပေးပြီး ထွက်သွားလေသည်။ မာမီ့ စိတ်ခံစားချက်တချို့ကို ကိုယ်ချင်းစာမိသလို မာမီ အခုဖြစ်နေတဲ့ ပူဆွေးမှုအတွက် တကယ်ပဲ သနားမိလေသည်။ ဒယ်ဒီ ဆိုလူစားမျိုး မဟုတ်ဘူးဆိုတာ ဝတ်ဆံ စိတ်ထဲ အကြွင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေတာကြောင့် မာမီ အစုဖြစ်နေတဲ့ စိတ်ခံစားချက်ဟာ မာမီ့ဘက်က တစ်ဖက်သတ် အနေအထားလို့သာ ဝတ်ဆံကတော့ မြင်လေသည်။ ထိုအတွက် ဝတ်ဆံ မာမီနှင့် ဒယ်ဒီ အဆင်ပြေပြီး တစ်စုံတစ်ရာတော့ လုပ်ပေးရမည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိ ပေးလိုက်သည်။

✤ ✤ ✤







မိန်းမတွေဆီမှာ
ထူးခြားတဲ့ ဟန်ဆောင်ခြင်းအတတ်ပညာ
တစ်ခုရှိတယ်။
သူတို့ရုပ်ရှင်တစ်ကား ကြည့်လိုက်လို့
ဝမ်းနည်းစရာကောင်းတဲ့ ဇာတ်ဝင်ခန်းမျိုးဖြစ်နေရင်
မျက်ရည်ကျရင် ကျလာလိမ့်မယ်။
ဒါပေမဲ့ သူတို့သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်
သူတို့ကို လိမ်နေတယ်ဆိုတာ သိလိုက်တဲ့အခါမှာ
အဲဒီမိန်းမ အရမ်းဝမ်းနည်းသွားတယ်။
ဒါပေမဲ့ လုံးဝ အဲဒီယောကျ်ားရှေ့မှာ
မျက်ရည်မကျဘဲ ပြုံးနေပြီး လိမ်သမျှ ကြည့်နေကာ
ရင်ထဲဘဲ ကြေကွဲခံကာ ဘာမှမသိသလို
ဟန်ဆောင်တတ်ကြတယ်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဒီနေ့ Class က ပျော်ရွှင်မှုများဖြင့် ဝိတ်ကျစေသော တက်ကြွမှုတွေကိုပေးသည့် Zumbar Class ဖြစ်ကာ သီချင်းများဖြင့် တင်တင်တို့နှင့်တန်းတူ ဘော်ဒါတွေက ကခုန်ကာ ပျော်မြူးနေကြသော်လည်း ကိုယ်လုပ်နေတာက တကယ်ကို လှုပ်ရှားသာ လှုပ်တာမို့ ဒီအတန်းအတွက် Trainer ဖြစ်လေသော နုရှယ်က တင်တင်ကို သတိထားမိကာ ခဏ brake time ပေးတဲ့ အချိန်မှာ တင်တင်က ချောင်တစ်ချောင်ကပ်ကာ အလေးတုံးအသေးဖြင့် လက်မောင်းလေ့ကျင့်ခန်း လုပ်နေကာ အသံတိတ်နေတာကို နုရှယ်က အလိုက်သိစွာဖြင့် တင်တင့်အတွက် 100 Plus အအေးတစ်ဘူး ယူလာကာ ပေးရင်းမှ တင့်တင့်ကို လေ့လာကာ မေးလေသည်။





"တင်တင်… နင် ဒီနေ့ ငြိမ်လှချည်လား၊ ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"နေကတော့ ကောင်းပါတယ်ဟယ်၊ ဒါပေမဲ့ စိတ်ကတော့ ရှုပ်စရာလေးတွေ ရှိနေရတယ်ဟော့"

"ဟယ်… ဘာဖြစ်လို့လဲ၊ ပြောစရာရှိတာ ပြောစမ်းပါဟယ်၊ နင်ကြည့်ရတာ ဟိုးအရင်တုန်းကနဲ့ကို မတူတော့ဘူး၊ ဟိုတုန်းက တင်တင်ခန့်တို့များကျတော့ နန့်လိုက်တာ ဓါလိုက်တာဆိုတာ ဖလန်း ဖလန်း၊ ငါတို့တွေ အသက်မကြီးသေးပါဘူးဟယ်၊ အများကြီး ကျန်ပါသေးတယ်၊ လှုပ်စမ်းပါ"

နုရှယ်ရဲ့ တက်ကြွပျော်ရွှင်မှုက တင်တင့်ဆီကိုပါ ကူးစက်ကာ တင်တင်က သဘောတကျဖြင့် ပြုံးလိုက်မိသည်။ ဒါပေမဲ့ တင်တင် သိသည်။ ဒီအပြုံးဟာ သိပ်ပြီးတော့ တက်ကြွ သန်ရှိမှာ မဟုတ်သော မရှိသွားဖြဲ ဖြစ်နေလိမ့်မည်။ ဘာပဲ ဖြစ်ဖြစ် တင့်တင့်အတွက် နုရှယ်နှင့် ပြန်ဆုံရတာဟာ တကယ်ပဲ ဝမ်းသာစရာ ကောင်းလှပေ၏။ အရင်က ကိုကို့ကို တင်တင်မှာ ကြိုက်သွန်းလို့ တစ်ဖက်သတ် ကျိတ်ပိုးရသူဘဝဖြင့် မေးသော

www.burmeseclassic.com



မျှော်နေချိန်တွေမှာ နုရွယ်တို့က မဟာကျော်နှင့် တင်တင်ခန့်ညီ သိပ်ချစ်သော ချစ်သူတွေဘဝ ရောက်သွားအောင်ကို လှော်ပေး အောင်သွယ်ပေးနိုင်ခဲ့သော အစွမ်းရှင် ဖြစ်သည်။ ထို့ကြောင့် တင်တင်က အခုလိုမျိုး GYM လာကာ ကစားရင်း သူငယ်ချင်း နုရွယ်နှင့်လည်း တွေ့ရသလို ကိုယ်နှင့် သက်တူရွယ်တူ သူငယ် ချင်းတွေနှင့် ဆုံရတာကပဲ စိတ်နုစရာ ပြန်ဖြစ်ကာ ပျော်နေတုန်း မှာ ကိုယ့်အိမ်တွင်ရေးကိစ္စတွေ စဉ်းစားမိသွားရင် တကယ့် စိတ်တွေ မောသွားရတာဖြစ်သည်။

နုရွယ်ကတော့ ဒီအချိန်မှာ လွတ်လပ်သူတစ်ယောက် မို့ သူ့တူ ကိုကိုမောင်နှင့်အပြိုင် လန်းဆန်းနေနိုင်သူ ဖြစ်ပေမယ့် တင်တင်တော့ တစ်ချိန်တုန်းလို လန်းဖို့ မဖြစ်နိုင်သေးဘဲ ကိုယ့်အိမ်ထောင်ရေးလေးသာ အဆင်ပြေချင်လှသော အိမ်ထောင် ရှင်မစိတ်ကသာ အစိက ကြီးစိုးလို့ ထားလေသည်။

"တင်တင်… နင့်ကြည့်ရတာ တော်တော့်ကို မဟုတ်သေး တာပါဟယ်၊ ကဲ… ပြော၊ နင် အဲဒီလိုကြီးတော့ တစ် ယောက်တည်း ခံစားမနေနဲ့။ ဘာဖြစ်လဲသာပြော၊ နင်တစ် ယောက်တည်း ကျိတ်တွေးနေတာထက်စာရင် တို့တွေ





နေတော့ နောက်ဆုံး ငါတို့ဘာမှ မဖြေရှင်းပေးနိုင်ဘူးဆို ရင်တောင် နင် စိတ်ပျော်အောင်တော့ အားပေးနိုင်တာပေါ့ ဟာ၊ ပြော… ဘာဖြစ်လဲ"

"အေးလေ… ဟုတ်သားပဲ တင်တင်ရယ်၊ တို့တွေက ညီမတွေလို သူငယ်ချင်းတွေလိုတောင် ဖြစ်နေတဲ့ဟာ၊ ပြောပါ"

တင်တင်နှင့် GYM ဆော့ဘက်တွေကပါ တင်တင့် ကို အားပေးစကားတွေ ပြောလာကြလျှင် တင်တင်လည်း စိတ် ထဲမှာ တော်တော်လေး ခံစားလာရသည်။ အမှန်တိုင်း ပြောရမယ် ဆိုရင်တော့ ဒီတလောမှာ ရင်ဘတ်ထဲက ခံစားချက်တွေဟာ ပြည့်လျှံကြနေသော တောင်းစုတ်တစ်ခုလို စုတ်ပြတ်သတ်နေတာ ဖြစ်သည်။

ပျော်တယ်လို့ ကိုယ့်ကိုယ်ကိုယ် တွေးကာ ပျော် အောင် နေနေပေမယ့် တကယ်တမ်းကျ မပျော်နိုင်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိသည်။ ကိုကို့ရဲ့အရိုးတွေ ပြောင်းလဲသွား တယ်လို့ ခံစားမိချိန်ကတည်းက ကိုယ့်စိတ်ကို ပျော်အောင်နေကာ စိတ်ကာပ်တွေပြင် အားကစားတွေလုပ် အဝတ်အစားသစ်တွေ ဝယ်ကာ ဖွဲ့နိုင်းတွေပြောင်းကာ လန်းဆန်းပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားနှင့် အခန့်မသင့်ဖြစ်တဲ့ အလှဲ့ဂျစ်လော သာ စိတ်ထဲသတ်မှတ်လာမိ၍ အပြင်ထွက်ကာ သူငယ်ချင်းတွေ နှင့် သွားတယ် စားတယ် လုပ်နေရင်း ပျော်လာချိန်မှ မျက်မှ ကို အလစ်အငိုက် ဖြတ်ရိုက်ခံလိုက်ရသလို ရှောင်ချိန်မရနိုင်သော သတင်းစကားတစ်ခုက တင်တင့်နားနှင့် ဆတ်ဆတ်ကြားလိုက် သော အခါမှာတော့ ဘယ်လိုမှ မခံစားနိုင်တော့ကာ စိတ်ဒေ ရာဟာ မျက်နှာမှာ သိပ်မပေါ်ဘဲ ရင်ထဲမှာပဲ တစ်ယောက်တည်း လှိမ့်နေအောင် ခံစားနေရတာပဲဖြစ်သည်။

ကိုယ့်ခင်ပွန်းသည်ဆီမှာ နောက်မိန်းမတစ်ယော ရှိနေ၍ အဲဒါထက်မှ မလုံလောက်သေး၊ အဲဒီမိန်းမမှာ ကိုယ်ဝ ရှိနေတယ်ဆိုတဲ့ သတင်းစကားဟာ တော်တော်လေးကို စိတ် နိုက်စရာပဲ ဖြစ်စေသည်။ ဒီအကြောင်းအရာက လူတကာ လျှောက်ပြောနေရအောင်လည်း ကိုယ့်ပေါင် ကိုယ်လှန်ထော အဖြစ်မျိုး ဖြစ်မှာစိုးလို့ ဘယ်သူ့ကိုမှ ဖွင့်ဟမထုတ်ဖော်ရဲ ကျိတ်ခံစား၍ ဟန်ဆောင်နေထိုင်ရသော ဘဝကြီးကို တော်တေ မွန်းကျပ်လှလေသည်။

"တင်တင်... ပြောလေဟာ"





အားလုံးဟာ မိသားစုဆန်စွာ မေးခွန်းထုတ်ကာ တင်တင့်ကို စိုးရိမ်ပေးကြလျှင် တင်တင်က စိတ်ထဲပေါ့လိုပေါ့ ပြီး ပြန်အဖြေပေးလိုက်သည်။

"အမှန်အတိုင်း ပြောရရင်တော့ ငါ တကယ် စိတ်ညစ်စရာ ရှိနေတယ်"

"ပြောချလိုက် သူငယ်ချင်း ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ... နင် အခါတော်ပေးခဲ့တဲ့ မဟာကျော် ပေါ့၊ စမောလ်ဆွဲနေပြီ ထင်တယ်၊ အရင်လို အချိုးတွေ မဟုတ်တော့ဘူး"

"ဟင်..."

တင်တင်ရဲ့ တစ်ဝက်တစ်ပျက် ရင်ဖွင့်စကားကြောင့် ယ်က အနည်းငယ် ငြိမ်သက်သွားလေသည်။ တင်တင့်ကို ကောင်းဆုံး treatment ဘယ်လိုပေးရကောင်းမလဲ စဉ်းစားဟန် လေး ငြိမ်သွားပြီးရင်တော့ အရင်လိုပဲ ပြန်တက်ကြွလာကာ...

"ယောကျ်ားတွေရဲ့ သဘောတရားက ဒီတိုင်းပါပဲဟယ်၊ သူတို့တွေက တည့်တည့်သွားရမယ့် လမ်းတစ်ခုကို ကွေ့ ကောက်သွားချင်တယ်၊ ဒါပေမဲ့ ကွေ့ကောက်တဲ့လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြန်ပြီ ဆိုရင်လည်း အတည့်လမ်းကို ပြန် ချင်ပြန်ကော။ နင့်ယောက်ျားက ဘရိန်းသိပ်ကောင်းတဲ့ ပါပါယ်။ ဝေးဝေးပြေးမသွားဘူး။ ယောက်ျားတွေ ဖော ပြန်တဲ့ ကိစ္စကိုတော့ ငါက သိပ်မုန်းတာ၊ သေချာအော စုံစမ်းကြည့်ပါဦး တင်တင်ရယ်၊ တစ်ခါတလေကျ လည်း ဖောက်ပြန်တာ မဟုတ်ဘူး၊ ရိုးရိုးသဘောတ တစ်ခုမှာ မိန်းမတွေကိုက ဖလန်း ဖလန်း လိုက်လုပ် မယားကြီးမျော အထင်မှားရတာမျိုးလည်း ရှိနိုင်တယ် တကယ်သာ မဟာကျော် ဖောက်ပြန်တယ် ဆိုရင် ဘာမှ ငြိမ်ခံနေဖို့ မလိုဘူး။ အပြတ်ချေမှုန်းပစ်ရမ သူငယ်ချင်း... ဒီအတွက်နဲ့တော့ နင် ဘာမှ စိတ်ညစ် စမ်းပါနဲ့ဟာ။ ငါ တစ်ယောက်လုံး ရှိတယ်"

နှုယ်ရဲ့ အားပေးစကားကြောင့် တင်တင်က အ ငယ်တော့ အားတက်လာရသည်။ ဘာပဲဖြစ်ဖြစ် ဒီလိုမျိုး တင်တင့်နံဘေးနား ဒီလိုမျိုး ပျော်ပျော်ပါးပါး ဖြစ်စေမယ့် လူ တွေ ရှိနေသေးတာဟာ စိတ်သက်သာရာ ရောက်စေသည်။

"ကျေးဇူးပါဘဲ နှုယ်ရယ်"





"ဒါနဲ့ နင်က သေချာလို့လား"

"ထင်နေတာ"

"ဘယ်သူလဲ... မဟာနဲ့ အရမ်းရင်းနှီးနေလို့လား"

"သူ့စက္ကတရီ..."

"အင်း... မဖြစ်တော့ မဖြစ်နိုင်လောက်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မဟာလို လူမျိုးက သိက္ခာဘရားကို သိပ်တန်ဖိုး ထားတဲ့လူလေ။ နင် စိတ်ထင်တာလည်း ဖြစ်ကောင်းဖြစ် နိုင်ပါတယ်"

"ငါ့သမီးလည်း နင် ပြောသလိုပဲ ပြောတာပါပဲ တင်တင် ရယ်၊ ဒါပေမဲ့..."

"အမယ်လေး တင်တင်ရယ်၊ ဆေးမီပါတယ်၊ ဘာမှစိတ် ပူမနေနဲ့။ ငါ့ဆီမှာ နည်းလမ်းကောင်းတွေမှ အများကြီး ရှိတယ်၊ အချစ်ဂုရုကြီးမကြီးပါ။ ကဲ... ထိုင်စိတ်ညစ်မနေ နဲ့။ မိန်းမတစ်ယောက်ရဲ့ဘဝမှာ လှနေဖို့က နံပါတ်တစ်ပဲ။ ဒီတော့ တို့တွေ ပျော်ပျော်ပါးပါးပဲ လှဖို့ပဖို့ လုပ်လိုက် ကြမယ်။ Let's start the party... လာ... သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ယက ဖင်တင်ကို ပျော်စေခြင်းအလို့ငှာ လက်ထဲမှာပါတဲ့ ရီမုဖြင့် သီချင်းတစ်ပုဒ်ကို လှမ်းဖွင့်လိုက်သည်။ သီချင်းဟာ တီးလုံးသံဖြင့်ပင် စတင် လှုပ်သွားစေသော တီး[illegible] ဖြစ်သည်။ I Fine Thank You ဆိုတဲ့ ထိုင်းကားထဲက သီချင်း[illegible] ဖြစ်ကာ ကြားရတာနှင့်တင် စိတ်ကို ပျော်မြူးစေကာ စည်းချက်အတိုင်း လိုက်လှုပ်မိသွားသည်။

စိတ်ထဲက ညစ်နွမ်းနေမှုကို တဒင်္ဂတော့ သီချင်း[illegible] မြူးမြူးက လန်းဆန်းအောင် ပြောင်းလဲပေးနိုင်လေသည်။

✣ ✣ ✣





မာမီတစ်ယောက် စိတ်တွေ လေနေကာ အထင်တွေ [illegible]နေမှန်း သိ်ဟာကြောင့် ဝတ်ဆံက အိမ်ထဲမှာပဲနေကာ အတွေး[illegible]တွ ပိုများနေရင် ပိုပြီးအဆင်မပြေဖြစ်မည်ကို စိုးရိမ်တာကြောင့် [illegible]နေ့ စတူဒီယိုကနေ ဖောပြန်လာကာ မာမီ စိတ်အပြောင်းအလဲ [illegible]ဖြစ်အောင် သားအမိနှစ်ယောက် shopping ထွက်ဖို့အတွက် အိမ်ပြန်ရောက်လာလျှင် မာမီက အိမ်မှာရှိမနေပေ။ မန္မကို မာမီ ဘယ်သွားလဲ မေးတော့ ဟိုလိုလို ဒီလိုလို နေရာက အတိအကျ မသိရ။

အဲဒါနှင့်ပဲ မာမီ့ဟန်းဖုန်းကို ဖုန်းလှမ်းခေါ်လိုက်လျှင် ဖုန်းက My Ring Tune သံကသာ ဝတ်ဆံကို သီချင်းဖြင့် ချော့ဖြေနေလျက် သီချင်းနှစ်ကြော့သ အဆုံးမှာ သတ်မှတ်ချိန်[illegible]ငြင်း ပြန်လည်ဖြေကြားခြင်း မရှိပါရှင်ဆိုတဲ့ စကားသံဖြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆက်တာမို့ ဝတ်ဆံက နောက်ဟစ်ခါ ထပ်ခေါ်ပြန်သည်။ ဒါလည်း ဒီအတိုင်းပဲမို့ ဖုန်းခေါ်တဲ့ကိစ္စကိုတော့ လက်လျှော့လိုက်ရတော့သည်။

မာမီ ဒီအချိန် ဘယ်မှာများ ရှိနေနိုင်မလဲ။ ဝတ်ဆံက တွေးနေရင်းကမှ ကိုကိုမောင် မျက်နှာကို စိတ်ထဲ ရုတ်တရက် ပေါ်လာတာကြောင့် မာမီနှင့် ဘော်ဒါတွေဆိုသော သူ့ကို ဖုန်းဆက်မေးရင် ကောင်းမည် တွေးမိသွားသည်။ ဝတ်ဆံက ဆက်ရကောင်းမလား မဆက်ရ ကောင်းမလား တွေတွေထူးထူး အတွေးမွှားမနေတော့ဘဲ ကိုကိုမောင့်ကို ဖုန်းလှမ်းခေါ်လိုက်သည်။

"ဟယ်လို… ဝတ်ဆံ၊ ဒီအချိန်ကြီး ထူးထူးခြားခြားဆက်လို့၊ ပြောပါခင်ဗျာ"

"အစ်ကို… မာမီနဲ့များ ဒီနေ့ contact ရသေးလားလို့"

"မရဘူး ဝတ်ဆံရဲ့၊ အန်တီ ဘာဖြစ်လို့လဲ"

"သြော်… ဒီလိုပါ၊ ဝတ်ဆံက မာမီနဲ့ shopping သွားပြီး အိမ်ပြန်လာတာ။ အခု အိမ်ရောက်တော့ မာမီက အပြင်သွားနေတယ်လေ။ မာမ့်ဖုန်းကလည်း မကိုင်တော့ အစ်ကိုများ သိနေမလား မေးကြည့်တာပါ။ မာမ့်ကို အစ်ကိုကပဲ အကြံဉာဏ်တွေ ပေးနေတယ် ဆိုတော့လေ"





"သြော်… Excuese ဝတ်ဆံ။ အဲဒီကိစ္စ ကိုယ် အရင်ရှင်းပြပါရစေ၊ ကိုယ် အန်တီ့ကို ကိုယ့်အဒေါ်သားချင်းတစ်ယောက်လို ခင်မင်တဲ့စိတ်နဲ့ သူ့ ခံစားချက်ကိုလည်း ကိုယ်ချင်းစာပြီး ကူညီပေးတာပါနော်"

ဝတ်ဆံ အထင်မှားသွားမှာ စိုးရိမ်မှုဖြင့် ကိုကိုမောင်က ဖြေရှင်းချက် အရင်ရှင်းလျှင် ဝတ်ဆံက သူ မမြင်ပေမယ့် ပြုံးမိသွားရင်း…

"ဝတ်ဆံ နားလည်ပါတယ်၊ ဟို… အခု မာမီ ဘယ်မှာများ ရှိမလဲဆိုတာ အစ်ကို သိလားဟင်"

"ဒီအချိန်ဆိုရင်တော့ အန်တီက GYM ခန်းမှာနေမယ်။ ဒီနေ့ TRX Class အသစ်တက်နေတာ ဖြစ်မယ်။ ဝတ်ဆံ သွားကြည့်လို့လား။ ကိုယ် လာခေါ်ပေးမယ်လေ"

ဝတ်ဆံက အဲဒီတောင်းဆိုမှုအတွက် ဘယ်လိုဖြေလို့ ဖြေရမှန်းလဲ မသိပေ။ ဟုတ်ကဲ့ ဆိုတော့လည်း တစ်မျိုး၊ ဟင့်အင်း ဆိုတော့လည်း သူ့ကို စိတ်ဆိုးတယ် ဖြစ်သွားဦးမယ်၊ ဝတ်ဆံက ဆိတ်ဆိတ်ပဲ နေလိုက်ရင် သူက အလိုလို သဘောပေါက်ဖွယ်ဖြင့် သူ့ဘာသာ စကားဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံက အခုအိမ်မှာမှုလား၊ ကားတွေကလည်း traffic ဖြစ်နေတယ်ဆိုတော့ ကိုယ်လည်း GYM ခဏနေ သွားရ တော့မှာဆိုတော့ လမ်းလည်း သင့်နေတာပဲဟာ၊ ဝတ်ဆံ ဆီ လာခေါ်လိုက်မယ်နော်"

"အင်း…"

"အိုခေ… ခဏနေရင် ရောက်မယ်"

သူက ပြောပြီးပြီးချင်း ဖုန်းချသွားသော်လည်း ဝတ်ဆံက ဖုန်းကို နားကမခွာနိုင်သေးဘဲ အဲဒီစကားလုံးတွေ အတွက် သာယာသွားမိသေးသည်။ အို… ဝတ်ဆံတော့ သူ့ကို ပြောပုံဆိုပုံ နေပုံထိုင်ပုံ အားလုံးကို အရေးတယူကို crush မိရာ ကနေ ငြိတွယ် ငြိတွယ်ရာကနေ ချစ်မိလာပြီ ထင်တယ်။

ဝတ်ဆံက ခဏလောက် အပြုံးလေးတွေဖြင့် ငြိမ် နေပြီးမှ မာမီ့ ရှာပုံတော်လုပ်ဖို့အတွက် မာမီ့ဆီကို ဖုန်းထပ်ခေါ် သော်လည်း မာမီက ဖုန်းမကိုင်ပေ။ မာမီတို့ ဖလန်းထချက်။

ဝတ်ဆံက သူလာခေါ်ပေးမည် ဆိုသော ခံစားချက် အတွက် အထူးတလည် ပြင်ဆင်မှုတော့ မလုပ်ပေမယ့် နှုတ်ခမ်းနီ လေး ပြန်ဆိုး Cake လေး ပြန်ပုတ်ကာ ရေမွှေးတော့ ထပ်ဆွတ်





လိုက်သည်။ သိပ်ကြာကြာ စောင့်စရာမလိုဘဲ ရောက်လာလျှင် ဝတ်ဆံက သူ့ရဲ့ KIA ကားအနက်ကြီးပေါ်သို့ သာသာယာယာပဲ တက်လိုက်သွားတော့သည်။

ကားပေါ်မှာ သူက မာမီနှင့်သိခဲ့တာ ဘယ်လိုဘယ်ပုံ ဖြစ်ကြောင်း စသဖြင့် ပြောပြတာမို့ ဝတ်ဆံက ကိုယ့်အိမ်တွင်း ရေးကိစ္စကို တော်တော်သိနေသော ကိုကိုမောင့်ကို ပြောရက တော်တော် ခက်နေတာပဲ ဖြစ်သည်။ အဲဒီအတွက် ပါးစပ်ပိတ် ကာ လိုက်လာခဲ့ပြီး မာမီ ဆော့နေတယ်ဆိုတဲ့ ကိုကိုမောင့်အဒေါ် GYM ခန်းသို့ ရောက်သောအခါ ဝင်ဝင်ချင်းမှာပဲ မြူးကြွနေသော DJ Beat တွေဖြင့် အသေမိုက်နေတာကြောင့် မဝင်ရသေးခင် ကိုကိုမောင့်ကို လှမ်းကြည့်လိုက်လျှင် ကိုကိုမောင်က အပြုံးတစ်ခု ဖြင့်…

"လာပါ ဝတ်ဆံရဲ့၊ ဒီချိန်က အန်တီတို့ ဘော်ဒါတွေချည်း ပဲ သီးသန့်ချိန်လေ"

"သြော်… ဟုတ်… ဟုတ်"

ဝတ်ဆံက ကိုယ်ကပဲ တောသူဖြစ်နေသလို ခံစား သွားရကာ ခေါင်းညိတ်ပြရင်း သူနှင့်အတူ လိုက်ဝင်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အထဲမှာ အဖွဲ့လိုက် ရှိနေကြကာ ဘာလုပ်နေကြသလဲဆို မျက်နှာတွေ mask ကပ်ကာ ပေါင်းတင်နေကြရင်း သီချင်းတွေ အကျယ်ကြီး ဖွင့်ထားတာမို့ ဝတ်ဆံက မျက်လုံးအပြူးသားဖြစ် ရလေသည်။

"မာမီ"

"ဟယ်... သမီး... ဒီကို ဘယ်လိုရောက်လာတာလဲ"

ဝတ်ဆံကို မာမီကမြင်လျှင် တအံ့တသြဖြစ်တာ ဝတ်ဆံကိုခေါ်လျှင် အနောက်က ခပ်ပုပုနှင့် ဟော့ရှော့ အန်တီကြီးက သီချင်းပိတ်လိုက်သောကြောင့် အသံက တိတ်သွားလေသည်။ ကိုကိုမောင်ကပဲ ဝတ်ဆံကိုယ်စား အားလုံးကို ဖြေပေးလေသည်။

"ဝတ်ဆံကို ကျွန်တော် ခေါ်လာပေးတာပါ အန်တီ"

"ဟယ်... တင်တင်... ဒါ နင့်သမီးလား"

"ဟုတ်ပ... ဝတ်ဆံခန့်တဲ့။ သမီး... ဒါ မာမီ့ရဲ့ကျောင်းနေဖက် သူငယ်ချင်း နုရွယ်။ ကိုကိုမောင့် အဒေါ်လေ"

"ဟုတ်ကဲ့ပါ အန်တီ... တွေ့ရတာ ဝမ်းသာပါတယ်"





"ဝမ်းသာပါတယ်ကွယ်၊ ဟယ်... ကြည့်စမ်းပါဦးဟယ်၊ နင့်သမီးက သူ့အဖေနဲ့ ချွတ်စွပ်ဘဲ၊ သမီးက အဖေနဲ့တူလို့ ပိုချောနေတာဖြစ်မယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ဒီမှာ အန်တီတို့က သမီးမာမီကို လန်းသွားအောင် ပြင်ဆင်ပေးနေကြတာ၊ ဘယ်လိုလဲ မာမီ့ဒီဇိုင်းတွေကို ချိန်းပေးလိုက်တာ မိုက်တယ်မှုလား"

ကိုကိုမောင့် အဒေါ်ဆိုသည်မှာ 'ဘမီနဲ့ သူငယ်ချင်းတွေဆိုတာ မာမီ ဟိုတစ်ခါ ပြောပြဖူးလို့ သိထားပေမယ့် ဒီလောက်ကြီး လန်ထွက်နေမယ်လို့ မထင်ခဲ့ပေ။ မာမီနှင့် သက်တူရွယ်တူဆိုပေမယ့် ပြောပုံဆိုပုံတွေဟာ လုံးဝ update ဖြစ်နေတာကြောင့် ကိုယ်တောင် အမီလိုက်နင်းရမယ့် သဘောမှာ ရှိလေသည်။ မာမီဟာ သူ့သူငယ်ချင်းဟောင်းနှင့် ပြန်တွေ့ပြီ ဖြစ်တာကြောင့် ဒီဇိုင်းတွေ လန်ထွက်ကာ ပုံစံတွေ ပြောင်းသွားတယ်ဆိုတာ အထူးပြောနေဖို့ မလိုတော့ပေ။

GYM မှာ လာတက်ကြတဲ့သူတွေ အများစုကလည်း ဝတ်ဆံ့မြင်သလောက်တော့ အားလုံးက မာမီတို့နှင့် သိပ်ဘိမ်း



www.burmeseclassic.com

www.burmeseclassic.com



မယ်မိမ်းတွေပဲမို့ ကြည့်ရတာ အဘွားကြီးပါတီတွေ ဖြစ်နေကာ စိတ်တွေ ဖလန်းထနေတာ ဖြစ်ရမယ်။ ဒီတလောမှာ မာမီစိတ်တွေလေကာ စိတ်ရှုပ်နေမှန်း သိတာကြောင့် မာမီ ပျော်ပါစေဆို ပြီး ဒီမှာ GYM ဆောင့်နေတာကတော့ တစ်မျိုးတော့ ကောင်းလေသည်။ မာမို့အတွက် အပေါင်းအသင်းတွေရကာ စိတ်ပြေလက်ပျောက် ဖြစ်စေတာပဲဖြစ်၏။

အဲဒီတစ်နေ့လုံးကတော့ ဝတ်ဆံ ကိုယ်တိုင်လည်း ကိုကိုမောင့် အပေါ် GYM ခန်းမှာပဲ အချိန်ဖြုန်းကာ မာမီတို့ ပြောသမျှ ရှေးဟောင်းနှောင်းဖြစ်တွေ လိုက်နားထောင်ရင်း ပျော်ခဲ့ရသည်။ အဲဒီထဲမှာမှ လေ့လာမိသည်က ဝတ်ဆံရဲ့ အစ်ကိုဟု ချစ်စနိုးခေါ်ရသူ ကိုကိုမောင်ဟာ အန်တီတွေရဲ့ အသည်းတစ်ခြမ်းလို့ သတ်မှတ်ရလောက်အောင် စန်းပွင့်တာပဲဖြစ်သည်။

သူဟာ GYM ခန်းမှာတော့ ချေတာတွေ မိုးတာတွေ ဘာကိုမှ ပကာသန မရှိတော့ကာ စွယ်ကျယ်နှင့် ဘောင်းဘီတိုတစ်ထည်ဖြင့် ရှေးဟောင်းနှောင်းဖြစ် ပြောနေတာတွေကြားမှာ တော်တော်လေး သဘောခွေ့နေပုံ ရတာကိုလည်း ထူးထူးခြားခြား သတိထားမိသွားလေသည်။

❖ ❖ ❖



(၁၃)

"ဒါဆိုရင်တော့ ကိုကိုမောင်က စိတ်ဝင်စားစရာ tempo ပိုတက်သွားပြီဟ"

အကြင်နာ စကားကြောင့် ဝတ်ဆံက အဲဒီလိုမျိုးတော့ အပြောမစ်နိုင်ကာ သူ့ဘက်က ရပ်တည်ပြောပေးလေသည်။

"ဟာ… နင်ကလည်း ငါက ပြောတာ သဘောရိုးနဲ့ပါ။ အဲဒီလောက်ကြီး မဟုတ်ပါဘူး"

"ဟဲ့… အတွေးဆိုတာ ချဲ့တွေးလို့ အခွန်မဆောင်ရဘူး၊ အန်တီ နေ့ချင်းညချင်း ဒီနိုင်းတွေ ပြောင်းသွားတယ်။ အိမ်ကိစ္စကို ပါသနာပါတဲ့ အန်တီက အခု ထမင်းဟင်းချက်တဲ့ ကိစ္စကို လုံးဝ လှည့်မကြည့်တော့ဘူးဆိုတော့ ပြောင်းလဲမှုအားလုံးဟာ ကိုကိုမောင်နဲ့ သူ့အပေါ် စနက်ရှိ ယောဘုယျ ကောက်ချက်ချလို့ ရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



အကြင်နာက တွေးတွေးဆဆဖြင့် ပြောလေလျှင် ဝတ်ဆံလည်း နည်းနည်းတော့ တွေသွားသည်။ အကြင်နာ ဆိုလို ချင်တဲ့ ဆိုလိုရင်းကိုလည်း သဘောက မပေါက်တပေါက် ဖြစ် တာမို့ ဝတ်ဆံက အကြင်နာ့ကို အားကိုးတကြီး ကြည့်မိကာ မေး မိသွားသည်။

"အဲဒီတော့ နင်က ဘာကို ဆိုလိုချင်တာလဲ"

"ဆိုလိုတယ်လို့လည်း မပြောချင်ပါဘူး၊ ဒါပေမဲ့လေ ငါ့ စိတ်ထဲ ဘဝင်တော့မကျဘူး"

"ရှင်းရှင်းပြောပါ ကြင်နာရယ်၊ ဘာကို နင်က တစ်မျိုး ထင်နေတာလဲ၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ငါ့စိတ်ထဲမှာ တစ်မျိုးပဲ၊ ကိုကိုမောင်က ခွင်ကြီးကြီးတွေ လိုက်အောင်းတတ်တဲ့သူများလား မသိဘူးနော်"

"အာ..."

ဝတ်ဆံက လက်မခံစွာဖြင့် ဟာခနဲ ငြင်းဆန်ေ မယ့် ခဏလေးတော့ တွေဝေသွားလေသည်။ ဟုတ်နိုင်လေလား ဟင့်အင်း... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါ ဖြစ်နိုင်စရာ အကြောင်းမှ မရှိတာ။





"မဖြစ်နိုင်ပါဘူးဟာ နင်ကလည်း၊ သူက အဲဒီလိုမျိုး လူမျိုးမဟုတ်ပါဘူး။ ပြီးတော့ GYM က သူ့အဒေါ်ဖွင့် ထားတာလေ၊ ဒါကြောင့် သူက လူမှုဆက်ဆံရေးကောင်းတဲ့ သဘောပါ၊ နင်ပြောသလိုမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး"

"ငါကလည်း ထင်မိတာကို ပြောတာပါ၊ တကတဲ့ ငါ့ကို ပြန်ပြီး ကက်သလီယာတွေ ပွင့်နေတာဆိုတာ၊ နင် အဲဒီ လောက်တောင် အထိမခံ ဖြစ်နေတာလား"

"ဒါကတော့ဟာယ်"

ဝတ်ဆံက လျှာတစ်လစ်ထုတ်ကာ ပြုံးစိစိ လုပ်နေ လိုက်သည်။ တကယ်တော့ စိတ်ထဲမှာ ငြိတွယ်မှုဟာ သူ့ကိုထိ ုင် ဖြင်ပပတ်ဝန်းကျင်နှင့် cross ဖြစ်ကြတယ်ဆိုတဲ့ စကားဟာ ...မှန်တာပဲလေ။

ဝတ်ဆံတို့ သူ့အကြောင်း ပြောနေလို့မှ မဆုံးသေး ...မှာ တိုက်ဆိုင်စွာပင် သူက ရောက်လာတာကြောင့် ဝတ်ဆံက ...ယ်ပဲ အံ့ဩရလေ၏။ တစ်ယောက်သောသူကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



ရင် အဲဒီထစ်ယောက်ကလည်း ကိုယ့်ကို ပြန်လည်သတိရနေတဲ့ တိုက်ဆိုင်မှုအတွက် အကြင်နာကတော့ ပြုံးစိစိလုပ်ကာ ရှောင်ပေးတဲ့အနေဖြင့် ကွန်ပျူတာခန်းထဲ ဝင်သွားကာ Retouch သွားလုပ်နေလေသည်။ သူက ဝတ်ဆံနဲ့အားဒီ လာထိုင်ကာ...

"ဝတ်ဆံ ဒီနေ့ ရိုက်ကူးရေး မရှိဘူးလား"

"အင်း... ဒီနေ့က နားတယ်၊ ဘာမှ မရှိဘူး၊ ဒါကြောင့် ကြင်နာနဲ့ ပုံတွေလာကူပေးနေတာလေ၊ အစ်ကို ကိစ္စရှိလို့လား"

"ရှိပါ့ဗျား၊ ဆြာမကို အလုပ်လာအပ်တာ"

"ဘာလဲ"

"ကိုယ် (......)မဂ္ဂဇင်းအတွက် Cover ရိုက်ပေးရမယ် အဲဒါ ဝတ်ဆံနဲ့ ရိုက်ချင်လို့"

"ဟင်... သူတို့က သူတို့လူနဲ့သူတို့ ချိတ်ထားပြီးသားမှုလား"

"ကိုယ်က request လုပ်ထားတာပေါ့၊ ဝတ်ဆံနဲ့ ရိုက်ရဖို့ ကိုယ့်အတွက် အဆင်ပြေတယ်လေ။ ဝတ်ဆံ လက်ခံမယ်မှုလား"





မေးဖို့လိုသေးလား ကြီးရယ်။ ဝတ်ဆံက ကျေနပ်လှသော ပျော်ရွှင်မှုတွေနဲ့အတူ လက်ခံခေါင်းညိတ်ပြလိုက်လေသည်။ ပြီးတော့ ဒါက ဝတ်ဆံအတွက် အခွင့်အရေးပဲ ဖြစ်သည်။ ဝတ်ဆံလို ကြိုးစားနေလေသော လူငယ်တစ်ယောက်အတွက်ဆို နာမည်ကြီးမဂ္ဂဇင်းတွက် Cover photo shooting ရိုက်ခွင့်ရဆိုတာ အခွင့်အရေးပဲမို့ ဝတ်ဆံက ပျော်ရွှင်ကျေနပ်စွာ ခေါင်းညိတ်လက်ခံလိုက်လေသည်။

"လက်ခံတာပေါ့၊ ကျေးဇူးအများကြီးလည်း တင်ပါတယ်"

"ရပါတယ် ဝတ်ဆံရယ်၊ shooting အတွက် စကားပြောဖို့ ကိစ္စ ဘာညာကျတော့ ကိုယ် အဲဒီက အယ်ဒီတာအစ်မကို ဝတ်ဆံဖုန်း ပေးလိုက်မယ်၊ ဝတ်ဆံနဲ့ ပြောလိုက်လေ။ လိုကေးရှင်းကတော့ Outdoor ဖြစ်လိမ့်မယ်။ Theme အစုံ လိုချင်တာ။ နောက် ကိုယ့်ဒေါ်လေးကလည်း သူ့ GYM မှာ ရိုက်ဖို့အတွက် စပွန်ဆာပေးထားတယ်"

ဝတ်ဆံက အဲဒီအတွက် အကြင်နာပြောတဲ့ စကား ပြန်အမှတ်ရမိကာ မဟုတ်ဘူး ဆိုတာ ယုံကြည်သိနေပေမယ့် ...ဘို နောက်တစ်ကြိမ် ထပ်မံလေ့လာချင်တာမို့ ဝတ်ဆံက ...ည်ရှာစရာအကြောင်း ရှိနေပြီဖြစ်ရာ သူ့ကို ပြောလိုက်ရသွားသည်



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ကောင်းပါတယ် အစ်ကိုတို့ GYM ခန်းလည်း ဒါပေမဲ့ ဟိုနေ့ကကျတော့ နည်းနည်းလည်း အာရုံက... နေလို့လား မသိဘူး၊ သေချာ လိုကေးရှင်း သတိမထား... ဘူး၊ အစ်ကို့ကို GYM ဆော့တဲ့ Theme မျိုးအတွက် mood ရအောင်လို့ မရိုက်ခင်လေး တစ်ရက်တော့ ကြိုသွား ချင်တယ်"

"အာ.ရ ရတာပေါ့။ ဝတ်ဆံ ဘယ်ချိန်လာချင်လဲ။ ကိုယ်... က ညနေစောင်းလောက်ဆို ပုံမှန်ရှိတယ်။ ဘယ်နေ့လာ မလဲ"

အစကတော့ ဒိတ်ပြောကာ ချိန်းမလို့ပါ၊ ပြီးတော့ ဘာလဲ သိချင်စိတ်ကြောင့် twist သုံးလိုက်သည်။

"အင်း... မရိုက်ခင် တစ်ရက်ပေါ့။ လောလောဆယ်တော့ မဖြစ်လောက်သေးဘူး"

"အိုခေ... ရတယ်လေ၊ Welcome ပါ။ တစ်ခါတည်း ဆော့သွားချင်လည်း ရတယ်နော်"

"GYM ဆော့ရင် အရမ်းမိုက်လာမယ် ဆိုတာ သိတယ် ဒါပေမဲ့ ကျော် ဘယ်တော့မှ မလုပ်ဘူး၊ ပျင်းလို့"





ဝတ်ဆံက Facebook တွေထဲ လက်တာလော ...တ်စားနေတဲ့ ဟာသမင်းသားတစ်ယောက်ပုံဖြင့် ထွက်နေသော Photo comment အတိုင်း ပြန်ရှုတ်ပြကာ ဖြေလိုက်လျှင် သူက ...သောတကျ ရယ်မောလေသည်။ အဲဒါကိုပဲ ဝတ်ဆံက ငေးနေ...ကာ ကြွေရပြန်တယ်ဆို ဝတ်ဆံကို ခါလှချည်လား မှီးရယ်တော့ ...တင်းမပြောကြေးနော်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာရဲ့ မြှောက်ပေးမှုရယ်၊ ဝတ်ဆံရယ် သွား
ချင်စိတ်ရယ် mix လုပ်ကာ Shake လိုက်ရင်တော့ မာမီရှိ
တော့ သိနေပေမယ့် သွားချင်စိတ်ဟာ တားလို့မရစွာဖြင့် သူ
အကြောင်းမကြား text မရိုက်ဘဲ ဒါရိုက်ကို တန်းလာတော့
ဖြစ်သည်။ ဝတ်ဆံက GYM ခန်းထဲသို့ တန်းမဝင်သေး
အပြင်ဘနေ လှမ်းမြင်နေရတဲ့ မှန်ချပ်တွေကနေ အသာမြင်ရမ
အတွေးဖြင့် ချောင်းတော့ ချောင်းကြည့်လိုက်မိသေးသည်။ အ
လဲ မတွေ့တာမို့ ဝတ်ဆံက GYM ခန်းမထဲပဲ ဝင်လာလိုက်
သည်။ အားလုံးဟာ ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်နေကာ အားက
လုပ်နေတဲ့ အပေါ်မှာသာ အာရုံဝင်စားမှုန်း သိသာလေသ
ဝတ်ဆံက မျက်လုံးတစ်ချက် ကစားလိုက်တာနှင့် ကိုကိုမောင်
လှမ်းတွေ့လိုက်လေသည်။ သူက ဝတ်ဆံ လာတာကို မြင်ဟ





သူပေ။ အန်တီကြီးတစ်ယောက်ကို အနေလေးဖြင့် လေ့ကျင့်ခန်း
အတွက် သူကိုယ်တိုင် အလေးတုံးကိုင်ကာ စိတ်ရှည်လက်ရှည်ဖြင့်
လှကနေ သရုပ်ပြနေသည်။

ပုံစံဟာ အဲဒီ အန်တီကြီးကို ပေါ့ပါးသွက်လက်စေ
လိုသော စေတနာတစ်ခုသာ ရှိနေကြောင်း သူ့အပြုအမူတွေက
သိသာလို့ နေလေသည်။

“ဩ... အစ်မ၊ မာမီ့ကို လာကြိုတာလား”

သင်တန်းက စာရေးမလေးက ဟိုတစ်ခါတည်းက
ဝတ်ဆံကို သိနေတာကြောင့် ဝတ်ဆံကို မြင်လျှင် နှုတ်ဆက်တာ
မို့ ဝတ်ဆံက အပြုံးတစ်ခုဖြင့် ခေါင်းညိတ်ပြလိုက်ကာ ဟုတ်ကဲ့
လိုက်ရင်း...

“ဟုတ်ကဲ့... မာမီတို့ကော”

“အစ်မအမေတွေက အထဲမှာ ယောဂကျင့်နေကြတယ်၊
TRX အတွက်က ဆရာ train မှာလေ၊ ဟော... ဆရာ”

စာရေးမ အမျိုးသမီးလေးက ပြောနေရင်းက ကိုကို
မောင့်ကို လှမ်းမြင်လျှင် ခေါ်လိုက်တာကြောင့် ဝတ်ဆံက အပြုံး
ဖြင့် ဆီးကြိုနှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံ အကြောင်းမကြား ဘာမကြားနဲ့ ရောက်လာတာ ပဲ"

"အင်း... ဟုတ်တယ်၊ ဒီနေ့က ဒီဘက် လမ်းကြုံနေတာနဲ့ မာမီလည်း ကားမပါဘူးဆိုတော့ မာမီ့ကို လာကြိုရင်းနဲ့ တစ်ခါတည်း လာလိုက်တာလေ။ အစ်ကို training သင် ပေးနေတာလား"

"ဟုတ်ပါ့ ဝတ်ဆံရယ်၊ လာလေ... အထဲသွားရအောင် အန်တီတို့က ယောဂခန်းမှာ"

သူက ဖော်ဖော်ရွေရွေပဲ ဝတ်ဆံကို ခေါ်သွားလျှင် ဝတ်ဆံက သူနှင့်အတူ မာမီတို့ဆီ လိုက်လာလေသည်။ စွပ်ကျယ် လက်ပြတ်ဘစ်ထည် Adiads အားကစားဘောင်းဘီတိုတစ်ထည် နှင့် အရမ်းကို Active ဖြစ်နေကာ နဖူးစက ချွေးစတွေကတော့ တကယ့်ကို photogenic ဖြစ်စေတဲ့ ပံ့ပိုးမှုအားတွေပဲ ဖြစ်လေသည်။ ဝတ်ဆံက ကိုယ့်ဘာသာ ခိုးကြည့်မိသွားသည့်အဖြစ်ကို သဘော ကျရင်း စိတ်ထဲ ကျိတ်ရယ်နေမိသည်။

"ဒီမှာကတော့ အားကစားသမား Theme ပဲပေါ့ ဝတ်ဆံ ရယ်။ ကိုယ့်ဖေးဘရိတ်နေရာနဲ့ အလုပ်လည်း ဖြစ်နေတော့





ဒီနေရာကိုတော့ ကိုယ် mood ရတယ်။ ဝတ်ဆံကော ရိုက်ရမှာ အဆင်ပြေရဲ့လား"

"ဟင်... ဩော်... ဟုတ်ကဲ့... အဆင်ပြေပါတယ်။ စိတ်ချပါ အစ်ကိုရဲ့၊ ဝတ်ဆံ သေချာရိုက်မှာပါ"

ကိုကိုမောင်က ယောဂခန်းရှေ့မှာ တံခါးမဖွင့်ခင် ပြောလိုက်ပြီးမှ တံခါးဖွင့် ဝင်လာလိုက်လျှင် မာမီတို့က ပြီးတောင် ပြီးနေပြီဖြစ်သည်။ ဝတ်ဆံကို မြင်လိုက်လျှင် အတော်လေးအံ့ဩ သွားဟန်ဖြင့် မာမီက...

"ဟင်... ဝတ်ဆံ... စတူဒီယိုမှာ မနေဘဲ ဒီကို ဘယ်လို ရောက်လာတာလဲ"

မာမီ တင်းသွားပြီဆိုတာ မေးတဲ့မေးသံ နားထောင် တာနှင့် ခတ်ပေါက်လေသော ဝတ်ဆံက ဖြေလို့အကောင်းဆုံး အကြောင်းပြချက်ကို ပေးလိုက်သည်။

"ဟုတ်တယ် မာမီရဲ့၊ အခုလည်း ဝတ်ဆံက အစ်ကို့ကို Cover ရိုက်ပေးရမှာမို့ လာကြည့်တာ၊ ကြည့်ရင်းနဲ့ မာမီ့ ကိုပါ တစ်ခါတည်း လာကြိုတာ"

"အေး... ငါတို့လည်း အခုပြီးပြီ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီက လေသံမာမာဖြင့် ပြန်ဖို့အတွက် ဝတ်ဆံဆီ လျှောက်လာလျှင် ဝတ်ဆံ ကိုယ်တိုင်ကလည်း မာမီတင်းသွားတဲ့အတွက် အံ့သြကာ ကြောက်ဇာာမို့ ဟုတ်ကဲ့လုပ်လိုက်ရချိန်မှာ ကိုကိုမောင့်အဒေါ် ဒေါ်နုနုရွှယ်က စကားစတာဖြစ်သည်။

"ဟယ်… ပြန်ကြတော့မလို့လား တင်တင်ရဲ့၊ နေပါဦး ငါ့တူမလေးက အခုမှ ရောက်တဲ့ဟာ"

"မနေပါဘူး အခုပဲ ပြန်မှာ၊ လာ… ဝတ်ဆံ"

"မာမီ"

ဝတ်ဆံက မာမီ့ရဲ့ ခပ်မာမာလေသံကြောင့် ဘာဖြစ်သလဲ အံ့သြနေတုန်းမှာ ကိုကိုမောင့်ဒေါ်လေးက မာမီ့ကို မေးခွန်းထုတ်လေသည်။

"ဟဲ့… တင်တင်၊ ဘာဖြစ်သွားတာလဲ၊ နေပါဦးဟယ် နင်ကလည်း၊ အခုပဲ exercise လုပ်ပြီးတယ်၊ အခုပဲ ပြန်တော့မယ်၊ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်သားပဲ အန်တီကလည်း အေးဆေးနေပါဦး၊ ဖရဲသီးသောက်မလား၊ ကျွန်တော် သွားဖျော်ပေးမယ်လေ"

"မသောက်ဘူး၊ ငါ ဘာလို့ ပြန်ရသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မင်းကြောင့်ပဲ"





"ခင်ဗျာ"

တာကယ်ကို မထင်မှတ်ထားစွာ အပြတ်ကို ပိုက်ပြောလိုက်တဲ့ မာမီ့စကားကြောင့် အားလုံးမျက်လုံးပြူးကုန်ရကာ ဝတ်ဆံကတော့ အထိတ်လန့်ဆုံးပဲ ဖြစ်သွားသည်။ မာမီ…။

"တင်ဘင်… နင် ငါ့တူကို ဘယ်လိုပြောလိုက်တာတုံး၊ ကိုကိုက ဘာဖြစ်လို့လဲ"

"အေး… အားမနာတမ်း ပြောရရင်တော့ ငါ မြေပါလည်းဆုံး သာလည်းဆုံး အဖြစ်မခံနိုင်ဘူး၊ မင်းကို ငါ့ဘော်ဒါ သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားတာ၊ ငါ့သမီးနဲ့ တတွဲတွဲတွေ့ပြီး ငါ့သမက်ဖြစ်ဖို့အထိ စိတ်ကူးကို မရှိဘူး၊ ဝတ်ဆံနဲ့ ဒီလိုအရောတဝင် မနေပါနဲ့"

ဟာ………။ ဝတ်ဆံဆိုတာ အားတွေနာ အံ့တွေသြလွန်းလို့ ပါးစပ်အဟောင်းသားဖြင့် အာမေဋိတ်ထွက်သွားကာ အံ့သြနေတုန်းမှာ ကိုကိုမောင်ကလည်း အံ့အားသင့်စိတ်ဖြင့် ခင်ဗျာသာ ပြုနိုင်သည်။

အဲဒီအချိန်မှာ ပွဲကို ဆူပွက်သွားစေတာကတော့ သူ့အဒေါ်နှင့် ဝတ်ဆံ မာမီ ပွဲစတော့တာမို့ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာ… ဘာဖြစ်တယ် တင်တင်ခန့်၊ နင်က… ငါ့တူကို ဟဲ့… ဒီမှာ ပြောပြလိုက်မယ်၊ ငါ့တူ ကိုကိုမောင်ဆိုတာ အခြေနဲ့ အနေနဲ့ ငါကိုယ်တိုင် ပြုစုပျိုးထောင်လာတဲ့ ကလေး၊ ဒါကိုများ နင်ကဟယ် ဒီလိုနှိမ်ချတဲ့ စကားမျိုး မပြောသင့်ပါဘူး၊ နင့်သမီးက ရွှေထွက်နေလို့လား။ ဒီလောက် ချေမိုးပြီး ငါ့တူကို နှိမ်ရအောင်”

“နင် စကားပြောတာ မရိုင်းနဲ့ နုရွယ်၊ ငါ့ဘက်က ငါ့သမီး ငါထိန်းတာ၊ ပွင့်ပွင့်လင်းလင်းပဲ တစ်ခါတည်း ရှင်းအောင် ပြောလိုက်မယ်၊ ကိုကိုမောင်နဲ့ ငါ့သမီးကို ဘယ်တော့မှ သဘောမတူဘူး၊ ကိုကိုမောင် တတွဲတွဲလိုက် နေတာကို ကြိုသိနေလို့ အပြတ်ပြောလိုက်တာ”

“မာမီရယ်… လာပါ”

ဝတ်ဆံက ဘာမှမဖြစ်သေးတဲ့ အနေအထားအတွက် အစုလိုကြီးတွေ ဝတ်ဝက်ကွဲ ဖြစ်နေတာမို့ ဆားပတ်ဝန်းကျင်ကို ကော ကိုကိုမောင့်ကိုပါ ရှက်ကာ မာမီ့ကို ပြန်ဖို့ဖွတ်ဆွဲခေါ်မှ ပိုဆိုးတော့ကာ ကိုကိုမောင့်အပေါ်က အဲဒီလို ပြောရမလား သောင်းကျန်းကာ ငယ်ကျိုးငယ်နာတွေ ဖော်တော့တာပဲဖြစ်၏။





“ဟမ်… နင်ကများ ငါ့တူကို၊ ဟော့… ဒီမှာ နုနုရွယ်တို့ တူ ကိုကိုမောင် ဆိုတာ ဘယ်လိုစန်းပွင့်သလဲ ဆိုတာ တလောကလုံးသိတယ်၊ နင်တို့လို မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာမျိုး မဟုတ်ဘူး၊ အမေဟူတွေ မဟုတ်ဘူး”

“ဟာ… ဒေါ်လေး ဘာတွေ လျှောက်ပြောနေတာလဲ၊ တော်ပါတော့ဗျာ”

“ဩော်… နင်တို့မျိုးကတော့ တော်တော်ဖြူစင် သန့်ရှင်း တယ်ပေါ့လေ၊ သုံးလင်ကွာမကြီးရဲ့”

“ဟဲ့… တစ်ယောက်မကောင်း တစ်ယောက်ပြောင်းပဲ၊ ငါတို့က မိန်းမတံခွန် လူရည်ချွန်ပဲ၊ ယောက်ျားပစ်သွား မှာစိုးလို့ အိုမှ အဆင်တန်ဆာအတုတွေနဲ့ မမြူဆွယ်ဘူး ဟော့၊ ငါတို့က အော်ရီဂျင်နယ်”

“နုနုရွယ်… နင်တို့က လိုက်မြူဆွယ်နေတာလေ၊ ငါတို့က သိက္ခာရှိတဲ့အမျိုး၊ နင်တို့မျိုးက ဆင်းလာတဲ့ ကိုကိုမောင့်ကို ငါ့သမီး အဖိုးတန်လေးနဲ့ သဘောင် သဘောမတူဘူး”

စကားတွေက ပိုလို့ အရှိန်တွေတက်လာကာ တစ်ယောက်တစ်ခွန်းဖြင့် လွှတ်ပေးထားရင် လုံးသတ်တော့မယ့် အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားကို ရောက်နေပြီမို့ ဝတ်ဆံကော ကိုကိုမောင်ပါ ကိုယ့်လူ ကိုယ်ဆွဲကာ တောင်းပန်ရင်း ခွဲပစ်ရတော့သည်။

"တော်ကြပါတော့ဗျာ၊ ဒေါ်လေးလည်း တော်ပါတော့"

"နောက် ငါ့သင်တန်းကို လာမတက်နဲ့ တင်တင်ခန့်"

"အမယ်လေး... နင်ကများ၊ ငါက ပိုက်ဆံပေးပြီး နင့်ကို ခိုင်းနေတာ"

"ဘာပြောတယ်"

"မာမီရယ်... သမီး တောင်းပန်ပါတယ်၊ လာပါ... ပြန်ကြရအောင်"

ဝတ်ဆံက အတင်းဆွဲခေါ်လာမှ မာမီ ဒေါသတကြီးဖြင့် ပြန်လိုက်လာရသည်။ ကားပေါ်ရောက်လည်း ဒေါသဟာ မပြေနိုင်သေးဘဲ တစ်လမ်းလုံး ဖောက်လာတာပဲ ဖြစ်သည်။ ဝတ်ဆံအတွက်တော့ ဒီနေ့လာမိတာကိုက မှားတာပဲဖြစ်သည်။ တစ်ယောက်နဲ့တစ်ယောက် ဘာမှဟုတ်ကြသေးတာလည်း မဟုတ်သေးဘဲ သဘောတူမယ်တွေ မတူဘူးတွေနှင့် အရှက်ကွဲရအောင်ကို ငယ်ကျိုးငယ်နာတွေဖော်ကာ ရန်ဖြစ်ကြသည်အထိ တင်းမာသွားသော အခြေအနေအတွက် ဝတ်ဆံက ဘယ်သူ့သွားအပြစ်ပြောလို့ ပြောရမှန်း မသိပေ။





နောက်ပြီး ဝတ်ဆံက တစ်ဖက်သတ် ကြိုက်နေပါဘယ်ဆိုတာ အားလုံးသိပြီ။ ရှက်စရာ။

အဆိုးဆုံးကတော့ ကိုကိုမောင့်ရှေ့မှာ မိန်းမကြိုက်ဆော့ ဆိုက်ဆိုက်လာဆိုပြီး ပေါ်တင်ကြီးကို အပြောခံလိုက်ရမှာအတော့ သေမလောက်ကို မျက်နှာတွေပူကာ ရှက်နေရတာပဲဖြစ်သည်။ ဝတ်ဆံတော့ ဘာကို ဘယ်လို ပြောရမှန်းတောင် မသိသော့တာမို့ ကားကိုသာ အာရုံစိုက်၍ မောင်းချလာကာ မာမီသားကနေ နုနုရွယ် ဘာဖြစ်တယ် ညာဖြစ်တယ် စသဖြင့် ကြိတ်နိုင်ခဲ့မရ စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ဖြင့် အိမ်ကိုသာ အရောက်ပြန်မောင်းလာခဲ့ရတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

"ညည်းကို မာမီ အပြတ်ပြောလိုက်မယ်။ အဲဒီ နန်းရှယ် ဆိုတဲ့ ဟာမရဲ့ မျိုးရိုးနဲ့ သွားပြီးပတ်သက်ရဲ ပတ်သက် ကြည့်၊ မာမီ့အဆိုး မဆိုနဲ့။ ဒီနေ့ကစပြီး ဘာမှတွေ့စရာ အကြောင်းမရှိဘူး"

"မာမီရယ်... ဝတ်ဆံနဲ့ သူက ဓာတ်ပုံဆရာနဲ့ မော်ဒယ် လေ၊ ပတ်သက်မှုကတော့ ရှိမှာပေါ့။ မာမီတို့ လုပ်မှပဲ လူသိရှင်ကြားတွေနဲ့ ဝွမ်းတော့တယ်။ မာမီပဲ ကိုကိုမောင် နဲ့ အဆင်ပြေနေပြီးတော့"

သမီးဖြစ်သူက တစ်ခွန်းမကျန် ပြန်ခံပက်နေတာ ကြောင့် တကယ်ပဲ အသည်းတယားယား ဖြစ်ရကာ ဒေါသထ ထွက်ရလေသည်။ သူတို့ သားအဖတွေဟာ အဖေတစ်မျိုး သမီး





က တစ်မျိုးရယ်ဖြင့် တစ်ယောက်တစ်မျိုးကို ဒုက္ခကိုယ်စီ ပေးနေ ကြတာပဲဖြစ်သည်။ မအေဖြစ်သူက ကိုယ့်အပူနဲ့ကိုယ် စိတ်တွေ ရှုပ်ထွေးလို့နေစဉ်မှာ သမီးအတွက် စိတ်အေး ရတက်အေးရမလား မှတ်တယ် ဖလန်း ဖလန်း ထချက်က အမေတုန်းကထက် ပိုဆိုး သည်။ ဝတ်ဆံကို ဘယ်လိုနည်းနဲ့မှ ကိုကိုမောင်နှင့် မပတ်သက် အလို၊ ကင်းကင်းနေစေလိုသည်။

"မလိုချင်ဘူး၊ ငါက ဒါဆို ဒါပဲ ဖြစ်နေရမယ်၊ မအေတစ် ယောက်ကို ညည်းတို့ နည်းနည်းပါးပါးလေးလည်း အရေး စိုက်ကြပါဦးအေ၊ ဖအေကတစ်မျိုး သမီးကတစ်မျိုး လုပ် ချင်ရာလုပ်ပြီး နင်တို့က ငါ့ကို နှိပ်စက်နေကြတာပဲ"

"မာမီရယ်... မာမီ အားလုံးကို အထင်မှားနေတာပါ၊ မာမီ အခုလိုမျိုးကြီး GYM မှာ သွားဝုန်းလိုက်တာတော့ သိပ်လွန်တာပဲ၊ တကယ်ဆို အစ်ကိုက မာမီ့ကို ကူညီပေး နေတဲ့ သူပဲဟာ"

"တိတ်စမ်း... ငါ့ရှေ့လာပြီး မိချောင်းမင်း ရေကင်းပြမ နေနဲ့၊ မှန်တယ်... ကိုကိုမောင် ငါ့ကို ကူညီတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ အသိမိတ်ဆွေတစ်ယောက် အနေနဲ့ပဲ ဒီကောင်လေး ကို သိကျွမ်းခင်မင်နိုင်မယ်၊ အခု ညည်းလုပ်နေတဲ့ ဇာတ် ထုတ်ကို ငါသိတယ်၊ မာမီ့ကိစ္စ အကြောင်းပြ ရမယ်ဆို ပြီး၊ ဇာတ်လမ်းထပ်ချဲ့နေတာ၊ ညည်းကို မာမီ အပြတ် ပြောထားတယ်နော် ဝတ်ဆံစနဲ့၊ အဲဒါမှ နင် ထပ်ကဲ ကတော့ မာမီ့ကို အဆိုးမဆိုနဲ့"

တင်တင်က ဒေါသတွေ့ ထွက်လွန်းလို့ အပြတ် ပြောပစ်လိုက်တော့သည်။ သမီးဖြစ်သူဟာ အဲဒီအတွက် အလို ... သော မျက်နှာဖြင့် သူ့ဆံပင်တွေ သူ့ဘာသာ ပြန်ရှုပ်ဖွပစ်ရင်း ခေါင်းညိတ်ပြကာ မလွန်ဆန်နိုင်သော အမေအတွက် စိတ်မကြည် မလင် ... သံဖြင့် ကတိပေးလေသည်။

"ဟာ... ဟုတ်ကဲ့ပါ မာမီရယ်၊ မာမီ စိတ်တိုင်းကျ ဖြစ် စေရမယ် ဟုတ်ပြီလား၊ သမီးလည်း တွေ့ပါဆိုရင်တော မတွေ့ရဲတော့ပါဘူး။ မာမီတို့ လူကြီးချင်း ဒီလောက် ... ရန်ဖြစ်ထားတဲ့ဟာကို မျက်နှာတောင် မပြရဲတော့ ... မာမီ့စိတ်တိုင်းကျပဲ ဖြစ်စေရမယ်"





ဝတ်ဆံက စိတ်ကောက်ရပ် လုပ်နေကျ ထုံးစံတိုင်း ခြေထောက်ဆောင့်ကာ မျက်နှာတ ရှုပုပ်၍ ထွက်သွားလေသည်။ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့ စကားရှိလို့လား မသိ။ ထိန်းရ ကျောင်းရတာဟာ တကယ်ပဲ ခက်ခဲလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ဝတ်ဆံကို စိတ်ဝင်စားနေရာတာ
ချစ်မိနေတာက သေချာပြီမို့ ဒေါ်လေးက လုံးဝကို ဒေါ်သူ
တွေထက ခါးခါးသီးသီး ဖြစ်နေ၍ ဒီတစ်သက်တော့ အဲဒီမိသား
နှင့် လမ်းဆုံးပြီ၊ ဓာတ်လမ်းပြတ်ပြီ၊ ပတ်သက်စရာ မရှိတော့
စသဖြင့် အမျိုးစုံ ပွားနေတာကို သူက တာဝန်နှင့်ဝတ္တရားအ
နားထောင်နေရပေမယ့် သူ့အတွက်ကတော့ အဲဒါဟာ အ
စတင်တာပဲ ဖြစ်သည်ဟု တွက်ဆပြီး ဖြစ်လေသည်။

"ကိုကို… မင်းလည်း အဲဒီ တင်တင်ခန့် သမီးနဲ့ ဘာ
ပတ်သက်စရာ အကြောင်းမရှိဘူး၊ ငါ့ကိုများ လူကြား
မှာ သုံးလင်ကွာမကြီးတဲ့၊ ရိုင်းလိုက်တာ… ရိုင်းလိုက်တာ
ဆိုတာ၊ သူကသာ သူ့ယောက်ျား ပစ်သွားမှာစိုး
လင်တရှူးနေတာ၊ တောက်… ဒေါသတွေ ထွက်လိုက်တာ





နော်၊ ပြီးတော့ ငါ့တူလေးကိုများ သူ့သမီးနဲ့ သဘောမတူ
ဘူးလေး မပတ်သက်နဲ့လေးနဲ့၊ သူ့သမီးက ငါ့တူကိုကျိတ်
ကြိုက်နေတာကို မသိရင် ခက်မယ်"

"အာ… ဒေါ်လေးကလည်းဗျာ၊ အဲဒီလောက်တော့ ချိုးချိုး
ဖွဲ့ဖွဲ့ မပြောပါနဲ့၊ အဲဒီလိုလည်း မဟုတ်ပါဘူးဗျာ"

"ဘာကို မဟုတ်ကမှာလဲ ကိုကိုမောင်၊ ဘမျိုးဘိုးတူတဲ့၊
မှတ်ထား… ရှေးစကားက မဟုတ်မမှန်ဘဲ ထွက်မလာဘူး။
အမေလက်ထက်တုန်းကလည်း မဟာကျော်ကို သူပဲစကြိုက်
ခဲ့တာ။ သမီးလက်ထက်လည်း အလားတူပဲ။ နင့်ကို ဒီလို
မျိုး မျိုးနဲ့ရိုးနဲ့ ဇရှိခဲ့တဲ့ ရှုစိန်မျိုးနဲ့ ငါကလည်း ငါ့တူကို
အပွန်းပဲ့ မခံနိုင်ဘူး"

"ပြဿနာပဲ ဒေါ်လေးရာ၊ လူကြီး လူငယ် ကိစ္စတွေကို
mix မလုပ်လိုက်ပါနဲ့၊ ဒီကိစ္စလောက်အတွက်တော့ ဒေါသ
မကြီးပါနဲ့"

"အမယ်လေး… တစ်သက်လုံး ငါပြောတာ ဆိုတာ နား
ထောင်လာပြီး အခုကျမှ ဘာဖြစ်နေတာလဲ၊ အပြတ်ပြော
ဖြီးပြီနော်။ ဒါဟာ အမိန့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်က စိတ်ရှုပ်ထွေးကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ အခုမှတော့ လူကြီးတွေ ဘာပြဿနာပဲ ဖြစ်နေနေ ဝေးဖို့ရာ မဖြစ်နိုင်တော့ဘူး။ ဝတ်ဆံတစ်ယောက် မနေ့က GYM မှာ သူ့ဒေါ်လေးနှင့် ဝတ်ဆံ မာမီ ရန်ဖြစ်ကြတော့ ဒေါသဖြင့် တစ်ယောက်တစ်ခွန်း ပြောကြတဲ့ စကားတွေအတွက် ကြားထဲက အနေရခက်နေဟန်လေးတွေ သူ့ကိုရှက်နေသော ပုံစံလေးတွေက တကယ်ပဲ သူ့စိတ်ထဲက လုံးဝမပျောက်နိုင်သေးကာ ဝတ်ဆံခနဲ့ ဆိုသော ကောင်မလေးအပေါ် သူ့စိတ်ခံစားချက်ဟာ Crush တယ် ဆိုတာထက် ပိုသာတယ်ဆိုတာ သိလာကာ အချစ်ဟု သူက ခေါင်းစဉ်တပ်လိုက်လေသည်။

ဒီအချိန်ကတော့ သူ့ဒေါ်လေးကော ထိုနည်းလည်းကောင်း၊ ဝတ်ဆံရဲ့မာမီကော အကြီးကြီးတွေ တင်းနေကြမယ်ဆိုတာ သူက သဘောပေါက်လှစွာ ဝတ်ဆံနှင့် ပြေလည်ဖို့ရာ မိန်းမြစ်တဲ့ အန်တီက အရေးကြီးဆုံးမို့ အားလုံး ပြေလည်အောင် ဘာလုပ်ရမယ်ဆိုတာ သူက တွေးလိုက်သည်။

✤ ✤ ✤







လောကမှာ...

ကိုယ်ကကြိုက်ပြီး ကိုယ့်ကိုပြန်ကြိုက်တဲ့

အခြေအနေမျိုးနဲ့ ရည်းစားဖြစ်ရင်

ကံကောင်းတယ်။

ဒါပေမဲ့...

တည်မြဲဖို့ရာ ခက်တယ်၊

အကြိုက်ဆိုတာ အချိန်မရွေး ပြောင်းနိုင်တယ်။

ခေတ်မီမီ ပြောရရင်

ကိုယ် crush တဲ့သူ

ကိုယ့်ကို crush ရှံ့ အနေအထားလောက်နဲ့

ရှေ့မဆက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တကယ်ချစ်ပြီး

ကိုယ့်ကို တကယ်ချစ်ရင်တော့

ထာဝရတည်မြဲဖို့ သေချာပြီလေ။

✤ ✤ ✤







(၁၅)

စိတ်ထဲက အလိုမကျမှုကို ဖုန်းထဲက COC ထဲပဲ ဆေါက်ကွဲကာ အသားကုန်တွေ တိုက်ပစ် ဆော်ပစ်နှင့် အချိန်ကုန်ခံနေလျှင် ဘေးကနေ မြင်ရတာ စိတ်မချမ်းသာတဲ့ အကြင်နာက ဘတ်ဆံဖုန်းကို ဆတ်ခနဲ ဆွဲလုလိုက်ရင်း…

"နင် အဲဒီလို တွေဝေ ငေးမှိုင်တွေ လာမလုပ်နဲ့။ အရင်ပုံစံအတိုင်း နေစမ်းပါဟယ်။ ဘာမှမဖြစ်တဲ့ ကိစ္စတစ်ခုကို ဘာလို့ အကြီးကြီးတွေ လုပ်နေတာလဲ။ ဖုန်းကို Sim card လဲပြီး COC ထိုင်ဆော့နေရုံနဲ့ နင်က တစ်သက်လုံးမတွေ့တော့ဘူးလို့ ရှောင်လို့ရတယ်များ ထင်နေလား"

"ငါက အဲဒါဆို သွားတွေ့ရမှာလား၊ ပြီးသွားပါပြီဟာ။ ငါလည်း အရှက်တွေ ခြမ်းခြမ်းကွဲလာပြီးပြီ၊ Enough. ဆုံလောက်သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံ စကားကို အကြွင်နာက ဘဝင်မကျစွာဖြင့် ပြန်လည်ခံငြင်းကာ ဝတ်ဆံကို အားပေးစကား ပြောလေ၏။

"နှင့်စကားက ငါ ဘယ်လိုမှ လက်ခံလို့ကို မရဘူး။ ဒီခေတ်မှာ ပေါ်တင်ကြီးပဲလေဟာ၊ နှင်က ဘာဖြစ်နေတာလဲ၊ တစ်နေ့ တစ်နေ့ နှင်ပဲ ပေါ်တင် crush စတေးတပ်တွေကို facebook မှာ Like ရတာနဲ့ share ရတာနဲ့ အခုကျမှ ဘာဖြစ်တာလဲ၊ နှင် ကြိုက်နေတာ သူသိနေတာပဲ၊ သူလည်း နှင့်ကို ကြွေနေတာ ဘာဆန်းလို့လဲ"

"No... No... No... facebook မှာ ကြိုက်သလောက်ခေတ်မီ၊ အပြင်မှာ အဲဒီလောက်ကြီး ရှုနေဖို့ ငါရှက်တယ်၊ crush တယ်ဆိုတဲ့ စကားလုံးဟာ အပြောလောက်သာကောင်းတာနော်၊ လက်တွေ့ဘဝထဲ ခေါ်လာပြီး အပြပြဖို့ကျတော့ ငါတို့က မိန်းကလေးဟဲ့။ မြန်မာပြည်က ယောကျ်ားတွေက ရည်းစားထားရင်သာ အမေရိကန်က မိန်းကလေးလို စွန်းပေါ့နေတာမှ ကြိုက်တာ၊ တကယ့်လက်တွဲဖော်ကျရင် ပွင့်လင်းဖြောင်ကျတဲ့ မိန်းကလေးမျိုးယူမလား၊ အဲဒီကျတော့ မြန်မာပြည်က ယောကျ်ားက





မြန်မာပြည်စိတ်ဓာတ် ပြန်ဖြစ်သွားကော။ မိုင်းကောင်းကျောက်ဖိမှ လိုချင်တယ်လေ"

"wow... ကောင်းလှချည်လား၊ ဒီလောက်တောင် အကြီးကြီးတွေ ပြောနေမှတော့ နှင်က တော်တန်ရုံ ကြွေတယ်မှ မဟုတ်ဘော့တာ"

"တော်ပါပြီဟာ၊ ငါ အဲဒီလောက်ကြီးထိတော့ သိက္ခာအကျမခံဘူး၊ ကွယ်ရာမှာသာ ကြွေတယ်တွေ ပြိုလဲရတယ်တွေ ပြော်တာ။ တကယ်တမ်း သူသိသွားတော့ ငါ တော်တော် စိတ်လေသွားတာ။ မိန်းကလေးဘက်က ကြောင်တယ်ဆိုတာကြီးက ငါ့အတွက်တော့ ရေလည်ဖီးငုပ်တယ်။ အဆိုးဆုံးကတော့ သူ့အဒေါ်လည်းသိ သူ့အဒေါ် GYM က လူတွေလလည်းသိ၊ တကယ့်ကို တိုင်းသိပြည်သိအခြေအနေကြီးနဲ့ ဖြစ်နေတာကို ငါက ဘာဆက်လုပ်ရတော့မှာလဲ။ အကောင်းဆုံးကတော့ The End သာ စာတန်းထိုးလိုက်တော့"

ဒီနေရာမှာ အရမ်းတွေကို အရှက်တရားကြီးလေတဲ့ ဝတ်ဆံစိတ်ဓာတ်ကို တွေ့လိုက်ရသောအခါမှာ ကြွင်နာက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေးအတွက် တကယ်ပဲ ပျော်တာကော စိတ်မကောင်းတာပါ ဖြစ်ရလေသည်။ ဝတ်ဆံက သူ သဘောကျခဲ့တုန်းကလည်း ရေရေလည်လည် ကြွေပြခဲ့ကာ အခု သူ့ခံစားချက် လှုပ်သွားချိန်မှာလည်း တကယ်ပဲ တိခနဲ ဖြတ်ပစ်ဖို့အတွက် ဝန်မလေးသော အာဂသတ္တိရှင်ပဲ ဖြစ်သည်။

ဝတ်ဆံက သေချာ ဆုံးဖြတ်ပြီး ဖြစ်ဟန်တူကာ The End စာတန်းထိုးဖို့ ပြောနေချိန်မှာပဲ တိုက်ဆိုင်စွာ ဆိုင်ထဲဝင်လာလေသော ကိုကိုမောင်ကို လှမ်းတွေ့လျှင် အကြင်နာကသဘောတကျ ရယ်မောရင်းက အချက်ပေးရသည်။

"နေဦးဟ... The End က ထိုးလို့ရမသေးဘူး၊ ဟိုမှာလာနေပြီ"

"ဟင်... ငါမရှိဘူးသာ ပြောလိုက်"

"ဟဲ့... ဟဲ့... ဝတ်ဆံ"

ဝတ်ဆံက သွက်လက်စွာပင် ပြောလိုက်သည်နှင့် နောက်ထဲ တန်းပြေးဝင်သွားလျှင် ကြင်နာက သူငယ်ချင်းဘက်ကပဲ လိုက်ရမယ်ဆိုတာ သဘောပေါက်ကာ ဆိုင်ထဲရောက်လာလေသော ကိုကိုမောင့်ကို လိမ်ပေးရသည်။





"ဘယ်ကလာတာလဲ"

"အကြင်နာ သိပြီးလောက်မှာပါဗျာ၊ ကျွန်တော် ဝတ်ဆံနဲ့ တွေ့ပါရစေ"

ကိုကိုမောင့်ပုံ ကြည့်ရတာလည်း တကယ်ပဲ ခံစားကြေကွဲနေဟန် တူလေသည်။ ဝတ်ဆံကို အလေးအနက် ထားတယ်မှန်း သိသာနေသော မျက်ဝန်းတွေကို ခံစားပေးလို့ ရလေသည်။

"ဟို... ဝတ်ဆံက ဒီနေ့ စတူဒီယို မလာဘူး ကိုကိုမောင်"

"ဝတ်ဆံ ဒီမှာပဲရှိနေတာ ကျွန်တော် သိပါတယ်ဗျာ၊ သူ့ဖုန်းက စက်ပိတ်ထားတယ်ပဲ အော်နေတယ်၊ ဝတ်ဆံကို တွေ့ပြီး ကျွန်တော် စကားပြောချင်တယ်၊ အကြင်နာ ကူညီပေးပါလို့ တောင်းပန်ပါတယ်"

"ကျွန်မလည်း တကယ့်ကို ကူညီပေးချင်ပါတယ်၊ ဒါပေမဲ့ လောလောဆယ် ဝတ်ဆံက ဒီမှာ မရှိဘူး"

"ဝတ်ဆံကို ကျွန်တော် ဘယ်လို တွေ့ရမလဲ၊ ကျွန်တော်တို့နှစ်ယောက်ကြားထဲမှာ ပြောစရာ စကားတွေ ကျန်သေးတယ်၊ ကျွန်တော် သူ့ကို ပြောပြရမှ ဖြစ်မယ်၊ အကြင်နာ ကူညီပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တဲ့သူကလည်း ဖွတ်၊ မတွေ့ချင်တဲ့သူက လည်း ဖွတ်မို့ ကြင်နာက သူတို့နှစ်ယောက်ကြားထဲ တော်တော် နေရကျပ်လေသည်။ ဒါပေမဲ့ ချစ်သူငယ်ချင်း ဝတ်ဆံတစ်ယောက် ကိုတော့ တော်တန်ရုံ ချစ်ခဲ့သည့် သူမ နှလုံးသားအတွက် မရှဲ စေချင်ပေ။ အဲဒီအတွက် သူငယ်ချင်းက သူငယ်ချင်းကောင်းပီသ စွာ လုပ်ဆောင်ပေးဖို့အတွက် အထဲထဲကနေ ချောင်းနားထောင်နေ မှာ ဆိုသည့် ဝတ်ဆံ မကြားအောင် ခပ်ကျိတ်ကျိတ်အသံ ဖြင့် အကြံပေးရလေသည်။

"ရှင် တကယ် အဆင်ပြေချင်တယ် ဆိုရင်တော့ မိန်းပို့ က လူကြီးနှစ်ယောက်ဖြစ်တဲ့ ရှင့်အဒေါ်နဲ့ ဝတ်ဆံ အမေ အဲဒီတော့ သူတို့နှစ်ယောက် ဖြစ်သွားတဲ့ ပြဿနာက ရှင် ကြောင့် ဖြစ်တာမှလား။ အားလုံးကို ရှင်ဖြေရှင်းနိုင်ရင် တော့ ဝတ်ဆံနဲ့ ရှင့်ကိစ္စက အေးတို့ အဆင်ပြေသွားလိမ့် မယ်"

"ကျွန်တော် သဘောပေါက်ပါတယ်၊ အဲဒီနေ့ကလည်း တကယ့်ကို မထင်မှတ်ဘဲ ပြဿနာတွေ ဖြစ်သွားတာပါ။ တစ်ယောက်နဲ့ တစ်ယောက် စကားနိုင်လု ပြောရင်း





တက်သွားတဲ့ ပြဿနာပါ။ ကောင်းပါပြီ... ကျွန်တော် အကောင်းဆုံး ဖြေရှင်းနိုင်မှာပါ၊ ဝတ်ဆံကို ကျွန်တော် လာသွားတယ်လို့ ပြောပေးပါနော်"

"စိတ်ချပါ ကိုကိုကိုမောင်၊ ဝတ်ဆံကို ကြင်နာလည်း နား လည်အောင် ပြောပြပေးမှာပါ၊ လောလောဆယ်မှာ ဝတ်ဆံ ထက် အကြီးတွေက ပိုအရေးကြီးတယ်၊ အရေးကြီးတဲ့ အကြီးတွေ ပြဿနာကို အရင်ရှင်းလိုက်ပါဦး"

အကြင်နာ့စကားကို ကိုကိုမောင်က နားလည်လက်ခံ သွားပုံပေါက်ကာ ခေါင်းညိတ်ပြသည်။ ပြီးတော့လည်း သူလည်း အတော်လေး စိတ်ညစ်နေပုံပေါက်ကာ လေပူတစ်ချက် မှုတ်ထုတ် ရင်း အကြင်နာ့ကို နှုတ်ဆက်ကာ ထွက်သွားလေသည်။ သူပြန် သွားမှ ဝတ်ဆံက ခပ်လေးလေး ခြေလှမ်းတို့ဖြင့် ပြန်ထွက်လာ သျှင် အကြင်နာက ပခုံးချင်းတိုက်ရင်း မေးခွန်းပြန်ထုတ်ရလေ သည်။

"ဘယ်လိုလဲ... ကြားပြီးပြီမှလား ပြောတာတွေ"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"မစခင်က ဆုံးနှင့်သည်ဆိုတဲ့ ဓာတ်လမ်းကြီးတော့ ဖယ်… ပါနဲ့ ဝတ်ဆံရယ်၊ နင့်ဘက်ကလည်း အတည်ဖြစ်နေသ… သူ့ဘက်လည်း အတည်မှာကိုး။ နင်ရှောင်ဖို့ မလို… ဘူး ထင်တယ်"

"ငါ့အတွက်တော့ ဒီချိန်မှာ သူ့ကို မျက်နှာချင်းမဆိုင်ချင် သေးဘူး၊ ဒါကပဲ လောလောဆယ် ခံစားချက် ဖြစ်နေတယ်"

ဝတ်ဆံစိတ်တွေဟာ ဘယ်လောက်ထိ မိန်းမဆောင်… ပီသတယ်ဆိုတာ သိသာနေသော အရှက်ကြီးမှုကို အကြင်နာ… အပြစ်ပြောရအခက် ဖြစ်စွာ သဘောတကျဖြင့်သာ ဝတ်ဆံကို … ကြည့်နေမိသည်။ ဝတ်ဆံကတော့ ဒါကို ပြီးဆုံးသွားပြီဟု ထင် သည်။ အကြင်နာကတော့ အဲဒီလို မထင်။ ဒါဟာ အစမှစ… တော့မယ့် ဓာတ်လမ်းတစ်ခုအတွက် ပွဲဆူအောင် tempo ဖြင့်… လိုက်တယ်ဟု မြင်လေသည်။

✤ ✤ ✤





ဘဝမှာ…
ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်တယ်၊
ထင်နေချိန်မှာ
အရာရာက ကိုယ်နဲ့ယှဉ်ရင်
သာနေသလို ခံစားရပြီး
အလကားနေရင်း ဝမ်းနည်းနေလိမ့်မယ်။
အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်
အမြဲတမ်းတွေးထား ယုံကြည်ထားမှသာ
ငါ ဘာမဆို လုပ်နိုင်တယ်ဆိုတဲ့
ယုံကြည်မှုနဲ့ ဆက်လျှောက်မယ်။



✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

တင်တင်က မနက်ကတည်းက တိတ်တဆိတ် ဖုန်းပြောကာ အပြင်သွားတော့လည်း အလုပ်အကြောင်းဖြင့် စောစောစီးစီး ထွက်သွားလေသော ဦးမဟာကျော်ကို လက်ပူးလက်ကျပ်ဖြင့် အပိုင်ကွက် ဖမ်းနိုင်ဖို့ သူ ထွက်သွားတာနှင့် နောက်ကနေ အမီလိုက်လာခဲ့သည်။

ဒီတစ်ခါတော့ ဟိုတစ်ခါကလို လိုက်တုန်းကလို ဟိုဝင် ဒီထွက်မျိုး မဟုတ်တော့ပေ။ တန်းတန်းမတ်မတ်ကိုပင် မြန်မာ plaza ဘက်ကို ရောက်လာတာ ဖြစ်သည်။ Shopping Mall ထဲမှာမို့ တင်တင်က သိပ်ကပ်မလိုက်ဖြစ်ဘဲ ခပ်လှမ်းလှမ်းကနေပြီး အသာနောက်ယောက်ခံ လိုက်လာသည်။ သူ့အရွယ်ကြီးနဲ့ ဒီကို ဘာအကြောင်း ဘာကိစ္စရှိလို့ လာရတာလဲ။





တင်တင်က စိတ်မကျေနပ်စွာဖြင့် အနောက်ကနေ လိုက်လာနေတုန်းမှာ အခုချိန်ထိ အဖြေဘာလဲ မသိရသေးခင်မှာ နောက်ကနေ လှမ်းခေါ်သံကြောင့် ကြည့်မိလျှင် ကိုကိုမောင်ဖြစ်နေလေသည်။ တင်တင်က မမျှော်လင့်ဘဲ တွေ့လိုက်ရတာကြောင့် ဒီချာတိတ် တမင်လိုက်လာတာမှန်း သဘောပေါက်ရကာ တင်တင်က ဟောက်ထုတ်ရလေသည်။

"မင်း ဘာလာလုပ်တာလဲ"

"အန်တီ… ဒီကိစ္စရဲ့ အကြောင်းအရာက ဘာဆိုတာကို သိအောင် ကျွန်တော် အဖြေရှာပေးပါ့မယ်၊ အန်တီ့ကို ကျွန်တော် ကူညီပါ့မယ်"

"မင်းတို့မျိုးနဲ့ ငါ မပတ်သက်ဘူး၊ ငါ့ကိစ္စ ငါ့ဘာသာ လုပ်နိုင်တယ်"

"ဒေါ်လေးပြောတာ လွန်သွားတာတွေအတွက် ကျွန်တော် တောင်းပန်ပါတယ် အန်တီရယ်"

"မလိုပါဘူး… မင်း သွားလိုက်တော့၊ ငါ ဒါပဲပြောမယ်"

တင်တင်က ဘယ်ရောက်သွားမှန်း မသိတော့တာကြောင့် လှမ်းကြည့်ရင်းက အမီလိုက်ဖို့ပြင်လျှင် ကိုကိုမောင်က



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ဖွတ်ကို လိုက်တောင်းပန်သည်မို့ တင်တင်က မ
ကြားထဲ အရှက်ရတော့မှာမို့ ဒေါသထွက်တာကို ထိန်းရင်း
ကိုကိုမောင့်ဘက် ဝုန်းခနဲ လှည့်လိုက်ကာ…

“မင်း ဘာဖြစ်ချင်နေတာလဲ၊ ငါ့ကိုလာပြီး ဘာတွေ
ပြောနေတာလဲ၊ ဒါ ငါ့ကိစ္စ၊ မင်း ငါ့ကို ဘာမှ လာ
ကူညီပေးစရာ အကြောင်းမရှိတော့ဘူး၊ သွားလိုက်တော့”

“အန်တီရယ်… ကျွန်တော် တောင်းပန်ပါတယ်၊ ဝတ်ဆံ
ကျွန်တော်က…”

“တော်စမ်း… တော်စမ်း… ဘာကို ဝတ်ဆံလဲ။ ဒီမှာ
မင်း ငါ့သမီးနဲ့ ဘာမှပတ်သက်စရာ အကြောင်းမရှိဘူး
ကုန်ကုန်ပြောလိုက်မယ်၊ မင်း အရင်က ငါ့ကို ကူညီပေး
တာတွေအတွက် ကျေးဇူးတင်တယ်၊ အေး… ဒါပေမဲ့
မင်းအခေါ် နှုတ်ရှယ်နဲ့ ပြဿနာတက်ပြီးကတည်းက ငါတို့
ကင်းအောင်နေဖို့ ဆုံးဖြတ်ပြီးသား၊ ဒါကြောင့် မင်း လာ
ပြီး နှောင့်ယှက်ဖို့ မစဉ်းစားပါနဲ့။ ငါ့သမီးနဲ့လည်း ဘာမှ
ပတ်သက်စရာ အကြောင်းမရှိဘူး”





တင်တင်က ပြောသင့် ပြောထိုက်သည်မို့ အပြတ်
ပြောပစ်လိုက်လျှင် ကိုကိုမောင်က လက်သင့်မခံနိုင်စွာ ပြန်
ပြောလေသည်။

“ကျွန်တော့်ဘက်က အန်တီ့ကို စိတ်ရင်းအမှန်နဲ့ ကူညီခဲ့
တာ မြစ်သလို ဝတ်ဆံအပေါ်ထားတဲ့ ကျွန်တော့်စိတ်က
လည်း စိတ်ရင်းအမှန်ပါပဲ။ အဲဒီအတွက် အန်တီတို့အားလုံး
အဆင်ပြေအောင် ကျွန်တော် ကြိုးစားပါ့မယ်”

“ငါ စိတ်မဝင်စားဘူး၊ အရေးကြီးတာက မင်း ငါ့သမီးနဲ့
ပတ်သက်ဖို့ မကြိုးစားနဲ့”

တင်တင်က ပြောပြီးတာနှင့် ဆက်ထွက်လာခဲ့တော့
သည်။ ဦးမဟာကျော် တစ်ယောက် ဘယ်ရောက်သွားတယ်မှန်း
သဲ ရှာလို့ရှာ မတွေ့တော့တာမို့ တင်တင်က စိတ်ပိုတိုလာတာ
မို့ ဒေါသတွေထွက်ကာ အိမ်ပဲ ပြန်လာခဲ့ရတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



Relationship ဆိုတဲ့ အဓိပ္ပာယ်တစ်ခုဟာ
အရမ်းကို ရိုးစင်းပါတယ်။
သူ့မှာ ဖြစ်ပျက်မှု နှစ်ခုပဲရှိတယ်။
ပေါင်းစည်းမှု ဖြစ်ချင်ဖြစ်
ဒါမှမဟုတ်ရင်တော့
ဝေးကွာခြင်းပဲ ဖြစ်သွားလိမ့်မယ်။

❖ ❖ ❖





သူ့ရှေ့မှာ ထိုင်နေကာ လုံးဝကို အရေးမစိုက်ဘဲ လက်သည်းနီ ရုံဆိုးနေသော ဇနီးသည်ဖြစ်သူ တင်တင်ခန့်ကို သူက အကဲခတ်လို့ နေမိသည်။ သိပ်တော့ မဟုတ်သေး။ သူ့ မျက်လုံးထဲမှာ အရင်နဲ့ကို လုံးဝကွာခြားနေသော အရိပ်အယောင်တွေကို သတိထားမိနေခဲ့တာ ကြာခဲ့ပြီ။ အိမ်မှုကိစ္စပိုင်းဆိုင်ရာမှာ ဘာတစ်ခုမှ ဝင်မလုပ်တော့တာတွေ သူ့ကို အရေးမစိုက် ပြောဆိုပုံတွေကို မှတ်မှတ်ထင်ထင် ရှိသော်လည်း သူ ဘာမှမပြောဘဲ ထားပဲလေဆိုပြီး နားလည်ပေးကာ ဘာမှလဲ အဲဒီအပေါ် ပြဿနာမရှာခဲ့ပေ။

ဒီနေ့လယ်ကတော့ သူ့ကို အတွေးတွေ ပွားစရာများအောင် ဖန်တီးပေးလိုက်မှုကြောင့် သူ့မှာ စိတ်တွေရှုပ်ထွေးရကာ အဲလဲဆိုပြီး တွေးနေမိသည်။ နေ့လယ်က မြန်မာပလာဇာ

www.burmeseclassic.com



ကို သူက အလုပ်ကိစ္စတစ်ခုနှင့် လာရင်း သူ့မိတ်ဆွေနှင့် ဆိုင်ထဲ အထိုင်မှာ ဆိုင်ကနေ တင်တင်တို့ကို တွေ့လိုက်တာဖြစ်သည်။ တင်တင်နဲ့အတူ ကောင်လေးတစ်ယောက် ပါလာကာ အဲဒီကောင်လေးနှင့် တင်တင်တို့ ဆွဲလား ယမ်းလားဖြင့် ပြောဆိုငြင်းခုန်နေတာကို သူ့မျက်စိနှင့် တပ်အပ်မြင်ခဲ့တာပဲ ဖြစ်သည်။ ထို့အတွက် သူက ဖြစ်လာတဲ့ ဒေါသကို ပညာတတ်ဆန်စွာ လျှော့ချခဲ့သော် ဘာလဲ ? ဘယ်သူလဲ ? နှင့် သူ့မိန်းမ တင်တင် ဘာတွေပြောင်းလဲနေတာလဲ ဆိုတာကို သိဖို့ လိုအပ်လာပေသည်။ အိမ်မှာ သူ အကဲခတ်မိသလောက် တင်တင်ဟာ လှချင်ပချင်စိတ်တွေကသာ ပိုများနေသလို။ တစ်နေ့ တစ်နေ့ မျက်နှာတွေ ပေါင်းတင်နဲ့ mask ကပ်ရ၊ Spa သွားရဖြင့် လှပပြင်ဆင်ချင်မှုက သိသာစွာ ထွန်းထွက်နေတာကို သူက သတိထားမိလေသည်။

သူ အကဲခတ်မိသလောက် တင်တင်က အခုလို ပြင်ဆင်ချင်စိတ်တွေ များလာတာဟာ ဘယ်သူနဲ့ သက်ဆိုင်နေသလဲ။ မဟုတ်ပါဘူး။ တင်တင်ဟာ ဂုဏ်သိက္ခာရှိသော မိန်းမ တစ်ယောက် ဖြစ်သည်။ ဒါကို သူ အမြဲယုံကြည်သည်။ ဦးမဟာကျော်က အတွေးတွေများကာ ငြိမ်သက်နေသော်လည်း သူ့ငြိမ်





သက်မှုကို ဂရုစိုက်ဟန်မတူ။ ဘာပဲဖြစ်ဖြစ် စောင့်တော့ကြည့်ရမှာမို့ သူက နေ့တိုင်းကို အရင်လို သတိလက်လွှတ် မနေတော့ပေ။

ဒါပေမဲ့လည်း တင်တင်က အဲဒီလို အိမ်မှာ အနေများလာတာအတွက် ဂရုစိုက်မိဟန်လည်း မပြ။ တစ်နေ့ တစ်နေ့ အပြင်သွားလိုက် လည်ပတ်လိုက် ဖြစ်နေတာကတော့ တော်တော်လေးကို အခြေအနေဆိုးနေကာ သူပြောလည်း ဂရုမစိုက်ဟန်မို့ စိတ်ပိုတိုရသည်။

"မင်းကိုယ်မင်းတော့ အိမ်ထောင်သည် မိန်းမဆိုတာ သဘောပေါက်ထားဦးကွ။ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးမှ အလှတွေ စွတ်ပြင်ပြီး သူငယ်ပြန်ချင်မနေနဲ့"

"ရှင်လည်း ရှင်လုပ်ချင်တာ ရှင်လုပ်တာပဲ၊ ကျွန်မလည်း ကိုယ်လုပ်ချင်တာကို ကိုယ့်စိတ်နဲ့ကိုယ် လုပ်ချင်တာလုပ်မယ်၊ ရှင် ဘာမှဝေဖန်စရာ မလိုပါဘူး"

"ဟ... မင်းကွာ"

သူက ဒေါသဖြစ်စွာ ပြောဖို့ဟန်ပြင်ချိန်မှာ တင်တင်ဟာ သူ့ကို အရေးမစိုက်စွာဖြင့် သွားဖို့အတွက် ကားသော့ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လေသည်။ ပြီးရင်တော့ သူ့ကို အရွဲ့တိုက်ကာ ထွက်သွားလေတာကြောင့် ဒေါသဖြစ်ကာ ထောက်တစ်ချက် ခေါက်လိုက်မိသည်။

"မာမီ့ကို စိတ်မဆိုးပါနဲ့ ဒယ်ဒီရယ်"

သမီးက နောက်က ရောက်လာကာ သူ့ကိုဖျောင်းဖျနေတာကြောင့် သူက သက်ပြင်းချလိုက်ရင်း သမီးကိုပြောရလေသည်။

"သမီး မာမီ ဒီလို အချိုးတွေ ပြောင်းလဲနေတာ သမီး မသိဘူးလား"

"သိပါတယ်"

"ဟား... သိရင် တားရမှာလေ၊ ဘာလို့ သမီးကပါ လွှတ်ပေးနေရတာလဲ"

"မာမီက ဘာလုပ်နေလို့လဲ ဒယ်ဒီရဲ့၊ သူ လှအောင်ပအောင် ပြင်ဆင်တာ သမီးက ဘာသွားတားရမှာလဲ"

ဝတ်ဆံ စကားထဲမှာ အဓိပ္ပာယ်တွေ အများကြီးပါနေတာကြောင့် သူက အံ့အားသင့်သွားရလေသည်။ သမီးစကားက ဘာစကားလဲ။ ဘာကိုဆိုလိုချင်တာလဲ။





"သမီးက ဘာပြောချင်တာလဲ။ သမီးစကားတွေထဲမှာ ဒယ်ဒီ့ကို မကြည်လင်သလို ခံစားမိတယ်။ မင်းတို့သားအမိ ဘာဖြစ်နေကြတာလဲ"

"သမီးက ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ ဒယ်ဒီနဲ့ မာမီဆွေးနွေးသင့်တယ်လို့ ထင်တယ်၊ ဒယ်ဒီ့ကို သမီးယုံကြည်ပါတယ်"

"နေဦး... နေဦး၊ အခု သမီး ဒယ်ဒီ့ကို ပြောနေတာက ဒယ်ဒီအမှားတစ်ခုခု လုပ်နေတယ်လို့ ပြောနေတာလား၊ ဘာကိစ္စကို ပြောနေတာလဲ"

သူက နားမလည်နိုင်တော့စွာဖြင့် သမီးကို ကြည့်လိုက်မိသည်။ မဟုတ်သေးဘူး။ သူတို့မိသားစုမှာ တစ်စုံတစ်ခုခုတော့ လွဲနေပြီ။

"မာမီက ဒယ်ဒီ စက္ကူထရိုက်စွနဲ့ ပတ်သက်ပြီး....."

"တော်တော့ သမီး၊ အဲဒါ မင်းမာမီ အဓိပ္ပာယ်မရှိ ပြောနေတာပဲ၊ သမီး စဉ်းစားကြည့်ပါဦး၊ ဘာအပြစ်မှမရှိတဲ့ ဝန်ထမ်းတစ်ယောက်ကို ဒယ်ဒီ ဘယ်လိုအကြောင်းပြချက်နဲ့ ဘယ်လို အလုပ်ထုတ်ရမှာလဲ၊ သမီး စဉ်းစားကြည့်ပြီး"



www.burmeseclassic.com

www.burmeseclassic.com



"မာမီက အဲဒီကိစ္စကိုပဲ စိတ်ခုနေတာ ဒယ်ဒီ၊ ဒယ်ဒီ သေချာရှင်းပြမှ ဖြစ်မယ်၊ အဲဒီလိုမှပဲ ပြန်ပြီးပြေလည်မှာ။ မဟုတ်ရင် မာမီက ပိုအရွဲ့တိုက်လိမ့်မယ်"

သမီးရဲ့စကားကြောင့် သူ့ဒေါသက ပိုထွက်ရကာ တော်တော်လေးလည်း စိတ်ရှုပ်သွားရသည်။ အသက်ကြီးမှ အလှပြင်ချင်တာနဲ့ သူ့ကို သက်သက်မဲ့ ရမယ်ရှာတာ။

"ဟား... အဓိပ္ပာယ် မရှိလိုက်တာကွာ"

"မာမ့်ဘက်က ကြည့်ရင်လည်း မှန်တော့မှန်တယ် ဒယ်ဒီ၊ ဒယ်ဒီနဲ့ အဲဒီ မအေမိက ဘာတွေလဲ"

"သမီး... မင်း ဒယ်ဒီ့ကို ဘယ်လိုစကားတွေ လာပြောနေတာလဲ၊ သမီးတစ်ယောက်က အဖေကို ဒီလိုမေးခွန်းမျိုး မေးဖို့ မလိုဘူး၊ သမီးမာမီ သက်သက် ရမယ်ရှာတာ၊ ဒီကိစ္စထဲကို သမီး ဘာမှဝင်မပါနဲ့၊ ဒယ်ဒီပြောတာ ကြားတယ်နော်၊ လူကြီးတွေကိစ္စ လူကြီးတွေဘာအသာ ဖြေရှင်းမယ်"

"မာမ့်ကိုတော့ စိတ်ညစ်စရာတွေ မပေးပါနဲ့ ဒယ်ဒီရယ်"





ဦးမဟာကျော်က စိတ်ရှုပ်ထွေးစွာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ တင်တင်... တင်တင်... သမီးရှေ့မှာ သူ့ကို သက်သက် အထင်မှားအောင် လုပ်နေတာ။ ဒီကိစ္စကို တိုင်တွယ်ဖြေရှင်းဖို့ရာအတွက် လက်ဆုပ်လက်ကိုင်ပြမှ ရှင်းလို့ ရမှာပဲဖြစ်သည်။ ထို့အတွက်ကြောင့် သူတ တစ်ခုခုတော့ စီစဉ်ရ ပါလိမ့်မည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

"ဆရာ လက်ရည်တွေ အရှိန်တက်လာတယ်နော်၊ ဒီလက်နဲ့ဆို professiona တန်း ဖြစ်နေပြီ… ပြိုင်ပွဲဝင်သင့်တယ်"

အေမီက ချွေးသုတ်ပဝါ လှမ်းပေးကာ ကလူသလိုလို မြှူသလိုလို အသံဖြင့် ပြောနေသော စကားကြောင့် မလှမ်းမကမ်းနားကနေ ချောင်းနေသော တင်တင့်ရင်ကို ဒိုင်းခနဲ လာမှန်လေသည်။ ဒီနေ့က တင်းနစ်ကွင်းမှာ တင်းနစ်သွားကစားသော ဦးမဟာကျော်ဟာ သူ့ဘော်ဒါတွေနှင့်ချိန်း၍ တင်းနစ်ရိုက်တဲ့ကိစ္စမှာ အေမီ ပါလာတယ် ဆိုကတည်းက ဒေါ်သတွေ အလိပ်လိုက် အလိပ်လိုက် တက်လာကာ ဘယ်နည်းနဲ့မှ သည်းညည်းမခံနိုင်ဘဲ သွားပြီး အဲဒီနားမှာတင် ဝုန်းဒိုင်းကြဲလိုက်ချင်စိတ်ကို မနည်းကို ချုပ်တီးထားဆီးကာ မသွားရက်နိုင် မပြောရက်နိုင် ဖြစ်နေကာ





ဒီလောက် ကမြင်းကြောထတဲ့ လူကြီးကို အရှက်သိက္ခာကျသွားမယ်ဆိုပြီး ပြဿနာသွားမရှာရက်တဲ့ ကိုယ့်အဖြစ်ကိုယ်ပဲ အသည်းတွေ တယားယားဖြင့် ဒေါသဖြစ်ရလေသည်။

"ကိုမဟာတို့ကတော့ဗျာ … ဘယ်အချိန်ကြည့်ကြည့် လန်းနေတာပဲ၊ ဘယ်လိုလဲဗျ။ လုပ်ငန်းကိုင်ငန်းတွေကော အဆင်ပြေရဲ့လား"

"မဆိုးပါဘူးဗျာ၊ ဒီလိုပဲပေါ့၊ အရင်ကလိုတော့ မကောင်းတော့ဘူးဗျ၊ ဒါတောင် အေမီ ရှိနေလို့၊ အေမီက အားလုံးကို အဆင်ပြေအောင် ဈေးကွက် demand တက်အောင် သူပဲ အစစ စီစဉ်ပေးနေရတာလေ"

"ကိုမဟာ့ကိုတော့ အားကျတယ်ဗျာ၊ အေမီလို လူမျိုးကို ရထားတာ တကယ်ကံကောင်းတယ်၊ ဒီခေတ်မှာ ဒီလိုလူမျိုး ရှားသွားပြီလေ"

"ဟုတ်တယ်… ဒါကြောင့် အလုပ်ကိစ္စ တော်တော်များများ သူ့နဲ့ပဲ မျက်နှာလွှဲထားရတာ"

ပြောနေတဲ့ စကားတွေက အနှောင့်မလွှတ် အသွားမလွှတ်၊ အလုပ်ကိစ္စအကြောင်း ပြောနေတာဖြစ်ပေမယ့် အမိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု ထွက်စေသော စကားဖြစ်သည်။ ဘာလုပ်ရမလဲ။ မိန်းမတစ်ယောက်အတွက် ဒီလိုအခြေအနေဟာ တကယ့်ကို အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ကာလပဲဖြစ်မည်။ တင်တင်ဒီလို အနေအထားမျိုးမှာ ဝုန်းဒိုင်းပဲ ကြဲရမလား။ ဒါမှ မဟုတ်မျက်ရည်လည်ရွဲဖြင့် ထားမသွားပါနဲ့ပဲ တောင်းပန်ရမှာလား။

သေချာနေတဲ့ အနေအထားတစ်ခုဟာတော့ တင်တင်ဝုန်းဒိုင်းသွားကြဲချင်တယ် ဆိုရင်တောင် ကိုယ့်ယောကျ်ားရဲ့ဂုဏ်နှင့်သိက္ခာကို စောင့်ထိန်းရမည်။ ဒီအချိန်မှာ သွားသောင်းကျန်းရင် လုပ်ငန်းရှင် ဂုဏ်သရေရှိတွေကြားမှာ ဘယ်လောက်ထိသိက္ခာကျသွားလိမ့်မလဲ။ တင်တင်က မျက်ရည်တွေ ကျလာကာလူတွေမြင်မှာစိုးလို့ အဲဒီမျက်ရည်တွေကို သုတ်လိုက်သည်။ အရှုံးပေးလိုက်ရတော့မည်လား။ ဟိုအရင် တစ်ချိန်တုန်းကလို ချော့ရှင်မှုတွေဆိုတာ ဘယ်မှာလဲ။ ဒီအချိန်မှာ သမီးကို သွားပြောပြန်ရင်လည်း သမီးဟာ ဒယ်ဒီ့ကို မာမီ အထင်လွဲနေတယ်ဆိုပြီးပြောကာ သူ့အဖေရှေ့ကပဲ ရပ်တည်ဦးမည်။ တင်တင်က ရင်ထဲမှာ ခံစားနေရမှုတွေအတွက် ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့ချေ။





သေချာနေပြီဖြစ်သော တိကျမှုအတွက် ရင်ထဲမှာဆို့နင့်လို့ ကြေကွဲလာကာ ဇနီးသည်တစ်ယောက်ရဲ့ အသည်းကွဲခြင်းက စတင်လေသည်။

❖ ❖ ❖

ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ဒယ်ဒီနှင့် မာမီတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေး အခြေအနေဟာ အသံတိတ်သော မကျေနပ်မှုများ ဖြစ်နေတာကြောင့် တစ်ယောက်ကို တစ်ယောက် စကားလည်း သိပ်မပြောကြချေ။ ဟိုးအရင် တစ်ချိန်က ထမင်းဝိုင်းလေးဟာ အင်မတန်မှ စိုပြည်လှကာ မာမီ ဖွယ်ဖွယ်ရာရာ ချက်ထားသော ကောင်းမွန် အရသာရှိလှသော ဟင်းတွေဖြင့် အသံတွေ ဆူညံနေအောင် နောက်ပြောင်စားခဲ့ဖူးသော မိသားစုထမင်းဝိုင်းလေးကို ပြန်ပြီးတော့ တောင့်တလွမ်းဆွတ်မိလေသည်။ ဝတ်ဆံက ထမင်းဝိုင်းတစ်ဝိုင်းထဲမှာ သုံးယောက်အတူတူ ထိုင်ကာ ညနေစာ စားနေကြသော်လည်း အသံတွေက တိတ်ဆိတ်နေတာကြောင့် ဝတ်ဆံက ဘာလုပ်ပေးရကောင်းမလဲ မသိတော့ချေ။





ဒယ်ဒီနှင့် မာမီကို အရင်လို ပြန်ဖြစ်စေဖို့အတွက် ဘာလုပ်ပေးရ ကောင်းမလဲ။ ဝတ်ဆံက ဒယ်ဒီ ထမင်းပန်းကန်ထဲ ဟင်းထည့်ပေးရင်းက...

"ဒယ်ဒီ... ဒါလေး အရမ်းစားလို့ကောင်းတာပဲ၊ စားကြည့်ပါဦး၊ မာမီကလေ သိပ်ပြီးချစ်ဖို့ ကောင်းတာပဲ၊ ဟင်းတွေ ချက်ထားတာ စားလို့ ကောင်းလိုက်တာ"

ဝတ်ဆံကအဆင်ပြေသွားချင်စိတ်ဖြင့် အားရတရ တွေ စားပြကာ ဒယ်ဒီကိုပါ ဟင်းထည့်ပေး၍ မာမီ လက်စွမ်းပြထားပါကြောင်း ဇတ်လမ်းတွေ လုပ်ပေးချိန်မှာ မာမီ့ဆီက ခပ်ချချေအသံတစ်ခုက ထွက်လာသည်။

"ဟဲ့... ဒီဟင်းတွေက ငါချက်တာမှ မဟုတ်တာ၊ အဲဒါ မနူးချက်ထားတာ၊ ထမင်းဟင်းကို ငါက ဘာကိစ္စအပင်ပန်းခံပြီး ချက်ရမှာလဲ"

ဝေ့... သေပြီလေ။ မာမီရယ်... ချော့လဲ ချောလိုင်လိုက်တာမဟုတ်။ မာမီပုံစံကလည်း ဒယ်ဒီကို အပီတွေ တင်းနေကာ ဒယ်ဒီကလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်နေတာမို့ ဘယ်သို့မှ ချောလောဆယ် အခြေအနေမှာ ညှိလို့မရဘူးဆိုတာ

www.burmeseclassic.com



ပေါက်ပြီမို့ ဘာမှဆက်မပြောဘဲ ထမင်းသာ အသံတိတ်ဆက် ရတော့သည်။

အခြေအနေတွေဟာ သုံးယောက်တည်းနေပြီး စကား အင်မတန် တိတ်ကုန်သော အခြေအနေထိ ဖြစ်ကုန်ပြီမို့ တကယ် ဘာလုပ်ရမှန်း မသိအောင် စိတ်ဆင်းရဲရလေသည်။ ဝတ်ဆံ ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်လာလိုက်လျှင် ဖုန်းကမြည်လာတာ ဘယ်သူဆက်တာလဲ ကြည့်လိုက်လျှင် ကိုကိုမောင် ဖြစ်နေတာ ဝတ်ဆံက ဖုန်းကိုင်ရကောင်းလား မကောင်းလား စဉ်းစားလိုက် သည်။ စိတ်ထဲလည်း ညစ်နေတာမို့ ရောက်တတ်ရာရာ ပြောလိုက် လျှင် အာရုံများ ပြောင်းမလားဆိုပြီး ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ဝတ်ဆံ... ဝတ်ဆံ ဖုန်းကိုင်တယ်နော်၊ ကိုယ် ဝမ်းသာ လိုက်တာကွာ"

တစ်ဖက်က အသံက တကယ်ကြီး ကျေနပ်ပီတီ ဖြစ်နေသော အသံဖြစ်တာမို့ ဝတ်ဆံက အနည်းငယ်တော့ လိုက်သဖြင့် ပြောလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"





"ကိုယ်တောင်းပန်ပါတယ်၊ ဖြစ်ခဲ့တာတွေအတွက် ကိုယ့် ဒေါ်လေးကိုယ်စား တောင်းပန်ပါတယ်"

"ရပါတယ်... တောင်းပန်ဖို့ မလိုပါဘူး"

"ဝတ်ဆံ... ကိုယ်တို့ အခုဖြစ်သွားတဲ့ ကိစ္စကြောင့် ဝတ်ဆံနဲ့ ကိုယ့်ကြားက ဆက်ဆံရေးတွေ မစိမ်းသွားချင် ဘူး၊ ကိုယ့်ဒေါ်လေးနဲ့ ဝတ်ဆံမာမီတို့ ပြဿနာကိစ္စက အကန့်သတ်ယက်ထားလိုက်ကြပြီး ကိုယ်တို့နှစ်ယောက် အကြောင်းကိုပဲ ပြောရအောင်နော်"

အိုက်စ်......။

ဝတ်ဆံက ချောထားပါတယ်ဆိုမှ ဟယ်ခနဲ ဖြစ်သွား အောင် နှလုံးသားက ရှော့ခ်တစ်ချက်တော့ ဖြစ်သွားရသည်။ ဘယ်လိုလုပ်ရပါ့။ အမှန်တိုင်း ဝန်ခံရမယ် ဆိုရင်တော့ ဒီရက် ပိုင်းတွေမှာ ရှက်စိတ်ဖြင့် ကိုကိုမောင်ကို အတွေ့မခံဘဲ ရှောင် နေသော်လည်း စိတ်ထဲကတော့ သတိရနေသေးကာ မမေ့နိုင်ဖြစ် နေတာဖြစ်သည်။ မာမီနှင့် ဒယ်ဒီ့ကိစ္စတွေကလည်း ရှိနေသော ကြောင့် ဝတ်ဆံက ကိုယ့်နှလုံးသားကိစ္စကို တိတ်တဆိတ် ခေါက် သိမ်းထားလိုက်ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံ..."

ဝတ်ဆံဆီက ဘာမှ အသံထွက်မလာတာကြောင့် သူ့ဘက်က ဝတ်ဆံဟု ခေါ်ကာ အသံတိုးတိုးဖြင့်ခေါ်သည်။ အသံဟာ mood တစ်ခု ရှိနေကာ ဝတ်ဆံ အနားနားကပ်ခေါ် လိုက်သလို ခံစားရလေသည်။ ဝတ်ဆံဘက်က ဆိတ်ဆိတ်နေခြင်းဟာ ဝန့်ခံခြင်းအဖြစ် သူလည်း အထာနပ်ပုံပေါက်ကာ ဆက် ပြောလေသည်။

"မနက်ဖြန်ကျရင် ဝတ်ဆံနဲ့ ကိုယ် တွေ့ဝါရစေနော်၊ ညနေ သုံးနာရီလောက် မြန်မာပလာဇာက Mr.Jones Orphanage မှာ ကိုယ်စောင့်နေမယ်နော်။ ဝတ်ဆံ လာပါစေလို့ ကိုယ် ဆုတောင်းနေပါတယ်။ Good Night"

ပြောပြီးတာနှင့် သူက ဖုန်းချသွားသည်။ ရင်ထဲ အတွေးတွေဖြင့် ဒီညတော့ မအေးချမ်းနိုင်တော့ပေ။ ဘာလုပ်ရမလဲ။ သဘောကတော့ ကျမိတာ မှန်ပါတယ်။ ဒါပေမဲ့ သဘောကျတိုင်း ဒါဟာ ပိုင်ဆိုင်ဖို့မှ မဟုတ်တာလေ။

✤ ✤ ✤





ကိုကိုမောင် ချိန်းထားသော နေရာဆီသို့ သွားရမှာလား၊ မသွားရဘူးလား စသဖြင့် တစ်ညလုံးလည်း တွေးရင်း အိပ်ပျော်သွားသည်။ မနက် စတူဒီယို ရောက်တော့လည်း ဝတ်ဆံက အခုထိ ကွဲပြားစွာ ဆုံးဖြတ်လို့ မရသေးသော အတွေးတွေအတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ကြီး အကြင်နာနှင့် ဆက်ဆွေးနွေးလိုက်လျှင်တော့ အကြင်နာက ကောင်းတာတွေကို အမိုက်စား လမ်းညွှန်ပေးလေသည်။

"သိပ်ပြီး တွေးမနေစမ်းပါနဲ့ဟယ်၊ ခေါင်းစားပါတယ်၊ သူနဲ့ နင်က ဘာမှဖောက်လမ်းလည်း ရှိသေးတာ မဟုတ်ဘူး၊ တွေ့ချင်ရင် တွေ့လို့ရတယ်၊ ဒီကာလက စကားပြောကြည့် အကဲခတ်ကြည့် လုပ်လို့ရတဲ့ အချိန်ပါဟယ်၊ နင် အဲဒီအတွက် သိပ်ပြီး ခေါင်းစားမနေနဲ့၊ သွားသာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဒီကနေ မြန်မာပလာဇာ ဘယ်လောက်မှ ဝေးတာ လည်း မဟုတ်ဘူး၊ ပြန်လာရင် ငါ့အတွက် Mr.Jones' က kit kat cake နဲ့ Milk Pie လေး ဆွဲခဲ့လိုက်"

မြှောက်ပေးတဲ့သူကလည်း အရောက်ကို မြှောက်ပေးတာမို့ ဝတ်ဆံက ဟုတ်ပါတယ်လေလို့ လက်ခံလိုက်ကာ ချိန်းထားလေသော သုံးနာရီမှာ သူနှင့် သွားတွေ့လိုက်လေသည်။ ဝတ်ဆံက တမင်တကာလေး ချေလို့ကောင်းအောင် သုံးနာရီခွဲ ခါနီးမှ ဆိုင်ထဲဝင်သွားတာဖြစ်ကာ စိတ်ရှည်လက်ရှည်ဖြင့် ထိုင်စောင့်နေသော သူ့ကို အင်မတန်လှပသော Mr.Jones' ဆိုင်က ဝက်ဝံရုပ်လေးတွေကြားမှာ တွေ့လိုက်ရသောအခါ ဝက်ဝံလေးတွေကို ချစ်စိတ်နှင့်ရော၍ စိတ်တွေဟာ နူးညံ့လို့လာလေသလို ခံစားမိလေသည်။

မိန်းကလေးတွေရဲ့ နူးညံ့တတ်တဲ့စိတ်ကို အခြေခံထားတဲ့ ဒီဝက်ဝံရုပ်ကမ္ဘာဆိုင်လေးကို သူကလည်း ဒီသဘောကို ဆောင်ကျဉ်း၍ တမင်ချိန်းမှန်း ဝတ်ဆံက သဘောပေါက်ရလေသည်။ သူက ဒီနေ့မှ ဘေးနားက ဝက်ဝံလေးတွေနှင့်ဆင်တူ ရုပ်အညိုကို နက်ခ်တိုင်အနီရောင် လျှော့တိလျှော့ရဲ ဆွဲထား၍ ဘယ်





ကနေ ထွက်နေမှန်းမသိတဲ့ အရှိန်တွေဟာ အရမ်းကို sexy ဖြစ်နေသည်။ ဝတ်ဆံကတော့ မိန်းကလေးဖြစ်ပြီး သူ့လိုမျိုး sexy တာတွေ cute တာတွေ ဘာမှမရှိပေ။ ကင်မရာသမားတစ်ယောက်ရဲ့ ပုံစံနှင့် သွက်လက်ဖျက်ခြာမှုသာ ရှိလေသည်။

"ဝတ်ဆံ... အခုလို လာတာ ကိုယ် အရမ်းဝမ်းသာတာပဲ"

"အင်... ချိန်းထားတာထက်တော့ နောက်ကျသွားတယ်"

"ရပါတယ်၊ ဘယ် အချိန်ပဲဖြစ်ဖြစ် စောင့်မှာပေါ့ ဝတ်ဆံ..."

အိုက်စ်........ အမယ်လေး ကြွေပြီလေ။

သူက ရောက်ရောက်ချင်းမှာပဲ ဒီဆိုင်ရဲ့ အထူး theme တစ်ခု ဖြစ်လေတဲ့ ဝက်ဝံရုပ်လေးတွေကို ဝယ်လျှင် ကိုယ်က ဝက်ဝံလေးတွေရဲ့ မိဘဖြစ်သွားတဲ့ သဘောကိုဆောင်တဲ့ DI Card လေးနှင့် ဝက်ဝံရုပ်လေးကို နှင်းဆီတစ်ပွင့်နှင့် တွဲဖက်ပေးလေသော သူ့ရဲ့ romance ဆန်မှုကြောင့် ဝတ်ဆံက ထခုန်မိမတတ် ကြည်နူးပျော်ရွှင်ရလေသည်။ သို့ပေမဲ့ သိတယ်မလား။ ဝတ်ဆံခန့်လေ။ မျက်နှာပိုးကို ဖိထား ဖုံးကွယ်၍ မှင်သေသေရုပ်ဖြင့် သူပေးတာကို မယူသေးဘဲ မေးခွန်းအရင်ထုတ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာလဲ"

"ဝတ်ဆံအတွက်လေ၊ ဝတ်ဆံကို လက်ဆောင်ပေးတာ"

"ရပါတယ်"

"ကိုယ့်လက်ဆောင်ကို လက်မခံချင်ဘူး ဆိုရင်တောင် Teddy လေးကို သနားပြီး လက်ခံပေးပါနော်။ သူကော ကိုယ်ကောက ဝတ်ဆံဆီက အချစ်ကို မျှော်နေကြတဲ့ ဘဝတူတွေပါ"

ဟင်... ဘယ်လို... ဘယ်လို။ ဝတ်ဆံက ကြား လိုက်ရတဲ့ စကားဟာ ဟုတ်မှ ဟုတ်ရဲ့လား၊ နားကြားများ လွဲ လေသလား ထင်မိရအောင် ရိုက်ချလိုက်တဲ့ ရှော့ခ်က အပြင်းစား ရှော့ခ်ပဲဖြစ်သည်။ ဝတ်ဆံက တအံ့တသြဖြင့် ကြောင်နေစဉ်မှာပဲ သူက ဆက်လက် စကားစ ဆက်လေသည်။

"ဒေါ်လေးနဲ့ ဝတ်ဆံအမေ ပြဿနာတက်ကြတဲ့နေ့က ကိုယ် ဝတ်ဆံကို ချစ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာသိခဲ့တာ။ ဝတ်ဆံကို ကိုယ် တကယ် လေးလေး နက်နက် ပြောတာပါ။ ဒီစကားကို ဝတ်ဆံကို သေသေ ချာချာကြည့်ပြီး ပြောချင်လို့ကို ဒီနေ့ ချိန်းလိုက်တာ။ ကိုယ့်ကို စိတ်မဆိုးပါနဲ့ ဝတ်ဆံရယ်"





ခက်တော့နေချေပြီလေ။ ဝတ်ဆံက ကိုယ်ကသာ သူ့ကို သဘောတွေကျ ကြိုက်တယ်ဆိုတာသာ သိနေကာ သူ ကိုယ့်ကို ကြိုက်တာလား ဘာလားဆိုတာ ပြန်စဉ်းစားမှုမရှိခဲ့ဘဲ ချစ်နေခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ ဒီနေ့မှာ အခုလိုကြီး ရုတ်တရက် ကြားလိုက်ရသော စကားဟာ ဝတ်ဆံအတွက် မမျှော်လင့်ထား သလို ကြိုတင်ပြင်ဆင်ခြင်းလည်း မရှိခဲ့တာကြောင့် အတော်လေး အံ့အားသင့်ကာ ရင်တွေက နှလုံးရောဂါထနေတဲ့ သူတစ်ယောက် လို လှိုက်ခနဲ ဖြစ်လာကာ အစာအိမ်ထဲမှာ အစာမရှိတော့သလို ဟာတာနက်ကယင်ကြီး ဖြစ်လာလေသည်။ သူက... သူက ဝတ်ဆံကို ချစ်နေပါတယ်တဲ့။ အဲဒီစကားလုံးအတွက် ဝတ်ဆံဘက်က ဘယ် လိုတုံ့ပြန်ရမယ်ဆိုတာ တုန်လှုပ်နေ၍ ဝတ်ဆံက ဇာတ်ကားတွေ ထဲက ဆိုက်တင်အတိုင်းပဲ မျက်လွှာလေး အသာချထားလိုက်သည်။

ရင်ထဲက ဒုန်း... ဒုန်း ခုန်သံတွေဟာ Show ပွဲ တွေထဲက DJ Beat သံတွေအလား ခုန်ပေါက်ဒုန်းစိုင်းနှင်း၍ ဘင်ခရာတပ် ဆိုက်နေချေပြီ။

ကိုကိုမောင်က ဝတ်ဆံကို ငေးမောကြည့်နေရင်းက ခပ်တိုးတိုးလေးဖြင့် ဝတ်ဆံနာမည်ကို ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံ..."

သူ့နာမည်ခေါ်သံအတွက် ဝတ်ဆံက အသာလေးတော့ ပြန်ကြည့်လိုက်လေသည်။ အရင်တွေ့စကထက်တောင် ချောနေသော သူ့ကို ဝတ်ဆံက သိပ်တော့ ကြာကြာမကြည့်ရဲ လှစ္စာဖြင့် မျက်လွှာအသာ ပြန်ချလိုက်သည်။

"ဝတ်ဆံ... ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ"

ဝတ်ဆံက ဘာကို ပြန်ပြောရမှန်း မသိအောင် ရင်ထဲဝယ် ရှော့ခ်ဝင်နေတာကြောင့် နှလုံးခုန်သံဆီက ထွက်လာမယ့်စကားကို ကိုယ့်ဘာသာ အရင် ဘာသာပြန်ကြည့်မိလိုက်သည်။

✤ ✤ ✤





"ဒီနေရာလေးကတော့ မဆိုးဘူး။ လူငယ်တွေလည်း တော်တော်လာနေတယ်ဆိုတော့ ကျွန်တော်တို့ ဒီမှာပဲ စလိုက်တာ အဆင်ပြေမယ်၊ အခန်းကိစ္စတွေ ဘာညာကျတော့ ကိုလူမော် ကြိုက်ပြီဆိုရင် ကျွန်တော့်စက္ကာထရီ အေမီနဲ့ပဲ ဆက်ပြောလိုက်လေ။ သူနဲ့ အကုန် ကျွန်တော် လွှဲပေးထားတယ်"

"အိုခေပါဗျာ... ကျွန်တော့်ကို အခုလို ကိုဇပဟာနဲ့ လက်တွဲပြီး အလုပ်လုပ်ဖို့ အခွင့်အရေးပေးတာ တကယ်ကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့က မိတ်ဆွေတွေပဲဟာ။ လက်တွဲခေါ်ရမှာပေါ့။ ခင်ဗျား စိတ်ကြိုက်သာ စီစဉ်ပါ ကိုလူမော်။ ကျွန်တော် အားပေးတယ်။ ကဲ... ဟုတ်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကျွန်တော်တို့ သွားနှင့်လိုက်မယ်၊ နောက်မှ ဆုံမယ် ဟုတ်ပြီလား"

ဦးမဟာကျော်က နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။ သူ့မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်သူနှင့်အတူ အစုအသင်းဖွင့်ထားတဲ့ မြန်မာပလာဇာမှာ ဆိုင်တစ်ခုဖွင့်ဖို့အတွက် ဒီကို မနက်ကတည်းက ရောက်နေတာ ဖြစ်သည်။ အခုတော့ အလုပ်ကိစ္စတွေ ပြီးသွားပြီးနောက်မှာတော့ သူက အင်းလျားလမ်းဘက်က site ထဲကို သူ မသွားချင်တော့တာကြောင့် အေမီ့ကိုပဲ နှိုင်းရတော့သည်။

"အေမီ... ဒီကနေပြီး ကိုယ့်ကို အင်းလျားလမ်းက site ထဲ သွားပေးပါဦး။ အဲဒီက စာရင်းတွေနဲ့ အေမီဆီဝင်ထားတဲ့ list နဲ့ ပြန် check ပေးနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ အေမီ သွားလိုက်ပါမယ်"

"အေးကွာ... ကျေးဇူးပါပဲ၊ Lunch စားပြီးမှ အေမီ သွားလိုက်လေ၊ ဒီမှာပဲ တစ်ခုခု ဝင်စားကြတာပေါ့"

"ရပါတယ် ဆရာရဲ့၊ အေမီ... Site ထဲရောက်မှပဲ စားလိုက်ပါမယ်"





"အမယ်လေး အဲလို မလုပ်ပါနဲ့ အေမီရယ်၊ စားလိုက်ပါ၊ ဟြော်... သွားလို့က အဆင်ကော ပြေပါ့မလား၊ မင်း နေသိပ်မကောင်းဘူးဆိုလည်း မသွားချင် မသွားနဲ့တော့"

"ဆရာကလည်း အေမီက လန်းနေလေးပဲ ရှိပါသေးတယ်၊ ဘာမှ မဖြစ်ပါဘူး၊ အေမီ သွားနိုင်တယ်"

"အေးပါ... လာ... လာ... တစ်ခုခု ဝင်စားရအောင်၊ အေမီ ဘယ်မှာစားချင်လဲ"

သူနှင့် အေမီက ဘယ်ဆိုင်မှာ Lunch စားရင် ကောင်းမလဲ စဉ်းစားရင်း လျှောက်လာကြလျှင် ဆိုင်လေးတစ်ဆိုင်က အင်မတန် ချစ်စရာကောင်းသော ပြင်ဆင်မှုမို့ သူကသဘောတကျ ကြည့်မိလိုက်သည်။ ဝက်ဝံရုပ်လေးတွေနဲ့ ဖွင့်ထားသောဆိုင်လေးကို မြင်ရလျှင် စိတ်ကလည်း ကြည်လင်သွားရကာ အဲဒီဘက် သွားရင်ကောင်းမလား တွေးမိရင်း လှမ်းကြည့်လိုက်လျှင်တော့ သမီးကို သွားတွေ့လေသည်။

ဟင်... သမီး။ ဝတ်ဆံ...။ ဦးမဟာကျော်က သမီးကို မြင်လိုက်လျှင် အံ့ဩသွားမိသည်။ ဒီအချိန်က သူ့စတူဒီယိုမှာပဲ ရှိနေရမှာပေါ့။ မုန့်လာစားတာ ဖြစ်မယ်လေတွေးကာ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို သွားခေါ်မယ် အလုပ်မှာ ထပ်မံတွေ့လိုက်တဲ့ သူဟာ ကောင်လေးတစ်ယောက်။ သမီးနဲ့အတူ ထိုင်နေတဲ့ ကောင်လေးဟာ...။ စိတ်ထဲမှာ မြင်ဖူးနေသလား တွေးမိနေရင်း ကြည့်လိုက်စဉ်မှာပဲ သူ့ဦးနှောက်ရဲ့ အချက်ပေးသံက ချက်ချင်းမြည်လာကာ မှတ်မိလို့ သွားလေသည်။ ဒီပလာဇာမှာပဲ ဒီကောင်လေးကို သူတွေ့ခဲ့တာ တွေ့ခဲ့တာမှ...။

ဦးမဟာကျော်က သမီးဇောဖြင့် ဒေါသသွေးတို့က ပွက်ပွက်ဆူလာကာ ချက်ချင်းပဲ ဆိုင်ထဲလိုက်သွားလေလျှင် အေမီက နောက်ကနေ အတင်းပြေးလိုက်လာလေသည်။ ကျန်တာတွေကို သူ ဘာမှမမြင်၊ ဘာမှ မသိတော့။ သူ့သမီးရှိနေတဲ့ ဝိုင်းဆီကို ရောက်သွားကာ သမီးကို ခပ်မာမာ လေသံဖြင့် ခေါ်မိသွားသည်။

"သမီး..."

"ဟယ်... ဒယ်ဒီ"

သမီးက သူ့ကိုမြင်လျှင် အရမ်းကို အံ့အားသင့်နေဟန်ဖြင့် ဒယ်ဒီခေါ်ချိန်မှာပဲ သူဟာ သမီးကို အာရုံမရတော့ဘဲ တင်တင်နဲ့လည်း တစ်ခါတွေ့ဖူးခဲ့တဲ့ ကောင်ကို ဒေါသတကြီးဖြင့် မေးလိုက်လေသည်။





"ဟေ့ကောင်... မင်းက ငါ့သမီးနဲ့ ဘာကိစ္စ အတူရှိနေရတာလဲ"

"ဒယ်ဒီ... ဒါ သမီးသူငယ်ချင်းပါ"

"နင် ငါ့ကို ထပ်မပြောနဲ့။ လာ... ဒယ်ဒီနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့စမ်း"

"အန်ကယ်... ကျွန်တော်တို့က ရိုးရိုးသားသား ဒီမှာ မုန့်လာစားကြတာပါ"

"ဟေ့ကောင်... ငါ့ကို အပိုစာသားတွေ လာမပြောနေနဲ့။ မင်းလို ဝိုင်းလုံးကောင်မျိုးက ငါ့သမီးနဲ့ ပတ်သက်စရာ အကြောင်းကို မရှိဘူး"

သူက တင်တင်နှင့် တွဲမြင်ထားသော ဒေါသအရှိန် လည်း ရှိနေသေးရာ အဆုံးစွန်ပေါက်ကွဲကာ အဲဒီကောင်လေးကို ထိုးပစ်လိုက်လျှင် အခြေအနေဟာ ရုတ်ရုတ်သဲသဲတွေ ဖြစ်သွား၍ သမီးဖြစ်သူက ရှေ့ကနေ ကာဆီးကာ...

"ဟယ်... ဒယ်ဒီ... ဘယ်လို လုပ်လိုက်တာလဲ"

"ဆရာ... ဆရာ"

အနောက်က အေမီကပါ ဝင်လာကာ သူ့ကို လာ



www.burmeseclassic.com

www.burmeseclassic.com



တားလေလျှင် သူဟာ အဲဒါတွေလည်း ဂရုမစိုက်စွာဖြင့် သမီး
က ဒီလိုပိုင်းလုံးကောင်လက်ထဲ အပါမခံနိုင်တာကြောင့် သမီး
သူ့ဆီ လှမ်းဆွဲကာ ခေါ်ရသည်။

"လာ... နင် ငါနဲ့ အခု ပြန်လိုက်ခဲ့"

"ဒယ်ဒီ သမီးကို အရှက်လာခွဲနေတာလား၊ လူတွေအများ
ကြီး ကြည့်နေပြီ"

"လာ... နင် ပြန်လိုက်ခဲ့ဆို လိုက်ခဲ့၊ နင် ဒီကောင့်
အကြောင်း ဘယ်လောက်သိလို့လဲ၊ ဒီကောင်က ပိုင်းလုံး
ကောင်"

"ဟား... အန်ကယ်၊ အဲဒါကတော့ တော်တော်လွန်သွား
ပါပြီ။ ကျွန်တော့်ကို အဲလိုပြောရအောင် ကျွန်တော်
လုပ်နေလို့လဲ။ အန်ကယ် စကားပြောတာ ဆင်ခြင်ပေးပါ"

မလောက်လေး မလောက်စားကောင်က သူ့ကိုပြ
ပြီး ခံပက်နေတာကြောင့် ဒေါသက ပိုထွက်ရကာ ပြောဖို့
အတွက် မင်း ငါ့မိန်းမကို ကြာကူလီရိုက်နေတယ် ဆိုတဲ့ စကား
လုံးကို ပြောပစ်လိုက်ပြီး ထိုးပစ်လိုက်ချင်ပေမယ့် တကယ်တမ်း
သိက္ခာတရားကြောင့် ထွက်မလာဖြစ်ပေ။





"မင်း ကိုယ့်အကြောင်းကိုယ်သိ၊ သမီး... လိုက်ခဲ့"

"ဒယ်ဒီ... ဘာတွေ ပြောနေတာလဲ၊ ကိုကိုမောင်က ဒီလို
လူစားမျိုး မဟုတ်ပါဘူး"

"ဘာကို မဟုတ်တာလဲ၊ ငါ့ကို ကာသီးပြီး ပြောမနေနဲ့၊
ဒီကောင်က ငါ့ပါးစပ်ကတောင် ပြောမထွက်ဘူး၊တောက်...
ပိုင်းလုံးကောင်၊ မင်း ငါ့သမီးနဲ့ ပတ်သက်စရာအကြောင်း
မရှိဘူး"

"အန်ကယ်... ကျွန်တော် သည်းမခံနိုင်တော့ဘူးနော်၊
ဘာကို ပိုင်းလုံးလဲ"

ပွဲက ပိုဆူပွက်လာကာ ဒီကောင်က သူ့ကိုတောင်
ပြန်ခံသတ်မယ့် အရိုင်းအစိုင်း ပုံပေါက်နေတာမို့ သူက သူ့သား
အရွယ် ချာတိတ်တစ်ယောက်က သူ့ကို အဲလို ပြန်ပြောနေတာက
ဒေါသည်းပေါက်ရကာ သူက ထမ်ထိုးမယ် အပြင်မှာ အေမိကော
သမီးကပါ သူ့ကို အတင်းဆွဲကာ သမီးက သူ့ကိုတောင် ပြန်
ပြောလေသည်။

"ဒယ်ဒီ... သမီး တောင်းပန်ပါတယ်၊ ဒါ သမီးသူငယ်
ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကို လူကြားထဲ ပြန်ခံပြောနေတာလား။ ဒီကောင်က ပိုင်းလုံးကောင်၊ ငရှပ်... ပိုင်းနေတာမှ နင့် အမေဆီကနေ ချူစားနေတာ"

"ဘာဗျ... ခင်ဗျား"

"တောင်းပန်ပါတယ် ဒယ်ဒီရယ်၊ ဒီကိစ္စတွေက ဒီမှာ ရှင်းရမှာ မဟုတ်ဘူး၊ သူရှုပ်တာ မရှုပ်တာကို သမီး စိတ် မဝင်စားဘူး၊ ဒယ်ဒီကကော ဘာလို့ ဒီမိန်းမနဲ့ ရှုပ်ထွေး ပွေလီနေရတာလဲ"

"ဝတ်ဆံခန့်"

သမီးဟာ သူ့ကို လူပုံအလယ်မှာ ဒီလိုလေသံ ဒီလိုအကြည့်တွေဖြင့် ပြောတာကြောင့် ရင်ထဲမှာ ဆို့နင့်ကြေကွဲ သွားကာ ဆက်ပြောဖို့ အားယူနေရစဉ်မှာ အေမီက အခြေအနေ တွေကို နားလည်ကာ ဝင်ရှင်းပေးလေသည်။

"ညီမရယ်... ဒီလို မပြောပါနဲ့၊ ညီမ အထင်လွဲနေတာပါ၊ ဆရာက..."

"ရှင် ဝင်ပြောစရာ အကြောင်းမရှိဘူး မအေမီ။ ဒါ ကျွန်မ တို့ကိစ္စ၊ ရှင့်ခေါင်းထဲမှာ သိထားဖို့ တစ်ခုက သူများမိသား





အသိုက်ကို ဖျက်တဲ့မိန်းမဟာ တစ်နေ့တော့ ကောင်းတောင်း ဝဋ်ပြန်လည်မယ် ဆိုတာပဲ"

အေမီကို ပြောဆိုကာ ထွက်သွားလေသည်။ ဟား... ဘာတွေဖြစ်ကုန်တာလဲ။ သူ့မိသားစုဝင်တွေဟာ ဘာကြောင့် ဒီလောက်ထိ ရိုင်းစိုင်းတဲ့ အသုံးအနှုန်းတွေ သုံးနှုန်းပြောဆိုနေကြ တာလဲ။

"ဆရာ... အေမီ လိုက်ရှင်းပြလိုက်မယ်"

"နေပါစေ... အေမီ၊ ဒီကိစ္စက ငါ့မိသားစုကိစ္စပါ၊ မင်း ဝင်မပါပါနဲ့"

ဦးမဟာကျော်က လက်သီးကို တင်းတင်းဆုပ်ထား လိုက်မိသည်။ ဖြစ်မျက်သွားသော အဖြစ်အပျက်များဟာ တကယ် ဆိုရင် အံ့ဩထိတ်လန့်ဖွယ် ကောင်းလောက်အောင် သွေးဆူဖြစ် သွားကုန်တာပဲ ဖြစ်သည်။ မဖြစ်တော့ဘူး။ သူတို့မိသားစုကြားထဲမှာ အနှောင့်အရှက်တွေကို သူ ရှင်းထုတ်မှပဲ ဖြစ်တော့မယ်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံ... ဝတ်ဆံ..."

ကိုကိုမောင်က အနောက်ကနေ အမြန်ပြေးလိုက်လာ ဝတ်ဆံကို ခေါ်လေသျှင် ဝတ်ဆံက မျက်ရည်တွေကို သူမမြင် အောင် အမြန်သုတ်ကာ သူ့ကို ခပ်မာမာ မျက်လုံးတွေဖြင့်ကြည့် ၍...

"ဒါဟာ ကျွန်မတို့မိသားစု ဖြစ်နေတဲ့ ပြဿနာပဲ ကိုကို မောင်၊ ဒီကိစ္စထဲကို ရှင် ဆက်ဝင်မပါပါနဲ့တော့။ ခယ်မ က မာမီကို ရှင်နဲ့ဖွပ်စွဲနေတဲ့ ကိစ္စကို မာမီသာ သိသွားရင် ကျွန်မမာမီ သေသွားနိုင်တယ်။ ရှင် ကျွန်မတို့နဲ့ ဝေးဝေး နေပေးပါ။ ကျွန်မကိုကော မာမီကိုကော ဘာအကြောင်းနဲ့ မှ မဆက်သွယ်ပါနဲ့တော့၊ ကျွန်မ တောင်းပန်ပါတယ်"





ဝတ်ဆံဟာ သူ့ကို နာနာကျင်ကျင် ခံစားတာ ပြောရင်း မျက်ရည်တွေကျလာကာ ထွက်ပြေးသွားလေသည်။ ဝတ်ဆံရယ်...။ ဖြစ်ပျက်သွားသော အနေအထားတွေဟာ သူ သည်း ဘယ်ကနေ ဘယ်လို ရှင်းရမှန်းမသိအောင် ရှုပ်ထွေးကုန် တာ ဘာဆက်လုပ်ရမှန်း မသိတော့။

သူ့ရင်ထဲမှာလည်း ဒီချိန်မှာ ဝတ်ဆံအတွက် စိတ် ထိခိုက်မှုအပြင် သူ့ဘဝအတွက် အကြီးမားဆုံး အရှက်ကွဲမှုအဖြစ် ပိုင်းလုံးဆိုတဲ့ စကားလုံးကို ကျယ်ကျယ်လောင်လောင် စွပ်စွဲခံ လိုက်ရခြင်းအတွက် နာကျင်ရှက်စိတ်တွေက ယောကျ်ားတစ် ယောက် ဖြစ်ပါသော်ငြား သူ့ကို မျက်ရည်ကျစေသည်။

သူ့ဘက်က ကူညီခဲ့သော စေတနာတွေဟာ အရာ ထင်တဲ့အပြင် နောက်ဆုံးမှာ အစွပ်စွဲခံရလောက်အောင်ကို ကံ တရားဟာ အရှက်တကွဲ အကျိုးနည်းခဲ့ပါသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်ပေါ် ...

အမြဲတမ်း ကောင်းနေတဲ့သူကို

အမြဲသတိရချင်မှ ရလိမ့်မယ်။

ကိုယ့်အပေါ် ...

ဆိုးတဲ့သူ မကောင်းတဲ့ သူကိုကျတော့

ဘယ်တော့မှ မမေ့နိုင်ဘူး။

✤ ✤ ✤





(၁၉)

ဒီအချိန်ထိ တူတော်မောင်ဖြစ်သူ ကိုကိုမောင်တစ်ယောက် ပြန်မလာသေးတာကြောင့် နုရှယ်က စိတ်ပူစိုးရိမ်လာကာ ဖုန်းကို တောက်လျှောက် ခေါ်မိလေသည်။ ဖုန်းက လုံးဝမကိုင်တာကြောင့် ဘာလုပ်လို့ လုပ်ရမှန်းလဲ မသိတော့ပေ။ ဒီကလေးဟာ နောက်ကျမယ်ဆိုလည်း နောက်ကျမယ်ဆိုတဲ့အကြောင်း ဖုန်းဆက်ပြီး ပြောနေကျပါ။ အခု နေ့ကင်း GYM မှာ တစ်ချိန် လာ training ပေးသွားပြီး အပြင်သွားဦးမည်ဆိုကာ အခုထိ ပေါ်ကို မလာသေး။

နုရှယ်က ဘယ်များရောက်နေသလဲဆိုပြီး စိုးရိမ်စိတ်များနှင့်အတူ ဖုန်းကိုနောက်တစ်ခါ ထပ်ခေါ်ကြည့်လိုက်သည်။ မကောက်သေး။ အခုလည်း ဖုန်းမကိုင်ပြန်ဘူး ဆိုတော့ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပဲ ဖြစ်သည်။ ဘုရား... ဘုရား...။ ရန်တွေ ဘာတွေများ ဖြစ်နေကြသလား။

နုရွယ်က သားတစ်ယောက်လို ဖြစ်နေသည့် တူလေး အတွက် စိတ်တွေပူလာကာ နေမထိ ထိုင်မသာတွေ ဖြစ်လာရ သည်။ ဘယ်လိုမှလဲ ဖုန်းဆက်လို့ မရတော့ တော်တော်လေး စိတ်ပူလာ၏။ ကိုကို့ကို သူ့မိဘတွေ ဆုံးသွားတဲ့ အချိန်ကစလို့ ငယ်ငယ်ကတည်းက ဒီအချိန်ထိတိုင် ပိုးမွေးသလို မွေးလာခဲ့ရတာ။ နုရွယ်ဘက်ကလည်း ကိုကိုတစ်ယောက် လိုချင်တာ ဖြစ်ချင်တာ မှန်သမျှ အကုန်ဖြည့်ဆည်းပေးခဲ့တာမို့ အခုချိန်မှာ အဲဒီအလိုလိုက် ခဲ့မှုက ဘယ်လိုမှ ဆက်သွယ်မရသောအခါ ဘာများဖြစ်နေမလဲ ဆိုပြီး ရင်မောလို့ လာရလေသည်။

"ဒေါ်လေးရေ... ဒေါ်လေး... တံခါးဖွင့်ပါ"

အိမ်ရှေ့တံခါးဝကို တဒုန်းဒုန်းထုသံနှင့်အတူ အာ လေးလျှာလေး လေသံကိုကြားလျှင် နုရွယ်က အထိတ်တလန့်ဖြင့် တံခါးသွားဖွင့်လိုက်လျှင် လူမှန်းသူမှန်း မသိအောင် မူးလာလေ သော ကိုကို့ကို မြင်လိုက်ရလျှင် အတော်ပဲ အံ့သြသွားသည်။





"ဟယ်... သား၊ ဘယ်လိုဖြစ်ပြီး ဒီလောက်ထိ သောက် လာရတာလဲ၊ လာ... လာ"

နုရွယ်က ကိုကို့ကို တွဲပေးရင်း ခေါ်လာခဲ့လျှင် ကိုကိုဟာ တစ်ခါမှ အလွန်အကျွံ မသောက်ဘူးသော အရက်နဲ့ တွေဖြင့် မှုန်ထူနေကာ လူက ဒယီးဒယိုင်ဖြစ်နေရင်းက သူမကို လက်အုပ်လေးချီကာ တောင်းပန်လေသည်။

"ဟာ... ဒေါ်လေး... ကန်တော့... ကန်တော့။ သား အရက်လေး နည်းနည်းလေး သောက်လာတယ်"

"သားရယ်... တစ်ခါမှလည်း ဒီလောက်မသောက်ဖူးဘဲနဲ့ ဘာလို့ ဒီလောက်တောင် သောက်လာတာလဲ"

"ဒေါ်လေး... ဒေါ်လေး... သား... သား ... စိတ်တွေ ညစ်လို့ သောက်လာတာပါ၊ သားဘဝတော့ သွားပါပြီ ဒေါ်လေးရာ၊ သားဘဝတော့ ပျက်ပါပြီ၊ ကျွန်တော်ရှက် တယ် ဒေါ်လေး၊ ကျွန်တော် အရမ်းရှက်တယ်"

အာလေးလျှာလေးဖြင့် ဗလုံးဗထွေး ပြောနေတဲ့ စကားသံတွေကို ဘာမှန်းမသိစွာ မနည်းကို အာရုံစိုက်၍ လိုက် နားထောင်နေရတာပဲဖြစ်သည်။ ကိုကိုဟာ တစ်ခါမှ အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ထိလည်း အရက်တွေ မသောက်ဖူးပေ။ နောက်ပြီးတော့ သူ အခု ပြောနေတာတွေဟာ အရမ်းကို စိတ်ထိခိုက်ခံစား၍ ပြောနေတာ တွေ ဖြစ်တာမို့ နုရှယ်က ရင်တွေပူလာရကာ ကိုကို့ကို ပြန်ထွေ့ ထူရင်း အတင်းကို ပုတ်နှိုးမေးရတော့သည်။

"ကိုကို... သား... မင်း ဘာတွေ ပြောနေတာလဲ။ ဘာ ကို မင်းဘဝ ပျက်ရမှာလဲ၊ သား... ဘာတွေပြောနေတာလဲ။ ဒေါ်လေးကို သေချာပြောပြစမ်း၊ ဘာဖြစ်တာလဲ"

နုရှယ်က စိုးရိမ်စိတ်ပူမှုနှင့်အတူ အတင်းလှုပ်နှိုး မေးလျှင် ကိုကိုက စိတ်ဆင်းရဲနေသော ခေါင်းငိုက်စိုက်ပုံစံဖြင့် သူ ခံစားနေရတာတွေကို ရင်ဖွင့်ရှာလေသည်။

"ဝတ်ဆံ အဖေက သားကို သူ့မိန်းမနဲ့ ရှုပ်နေတယ်တဲ့၊ ပိုင်းလုံးကောင်တဲ့။ အဲလို မဟုတ်ရပါဘူး ဒေါ်လေးရယ်။ ကျွန်တော်က အန်တီတင်တင့်ကို အဆင်ပြေစေချင်လို့ ကူညီတာပါ။ သား ပိုင်းလုံး မဟုတ်ပါဘူး။ ကျွန်တော့်ကို အားလုံးရှေ့မှာ ပိုင်းလုံးဆိုပြီး ရက်ရက်စက်စက်ကို ပြော တယ်ဗျာ။ ကျွန်တော် အရမ်းခံစားရတယ်။ အဲဒါကြောင့် ဒီထဲက မခံနိုင်လွန်းလို့ မေ့သွားအောင် သားအရက်တွေ





သောက်လာတာ။ ဒေါ်လေး စဉ်းစားကြည့်စမ်းပါဦးဗျာ။ ကျွန်တော်က ချစ်လွန်းလို့ ရည်းစားစကား ပြောထားတဲ့ ကောင်မလေးရှေ့မှာ ကျွန်တော် ပိုင်းလုံးတဲ့။ ပြီးတော့... ပြီးတော့ ကျွန်တော် ချစ်စားနေတယ်ဆိုတာ ဝတ်ဆံရဲ့ အမေတဲ့။ ဟာ... ကျွန်တော် အရမ်းရှက်တယ် ဒေါ်လေး ရာ။ ကျွန်တော် အရမ်းရှက်တယ်။ ကျွန်တော့်ကို ဝတ်ဆံက သူနဲ့ မပတ်သက်နဲ့တော့တဲ့။ သူတို့မိသားစုနဲ့ လာမပတ် သက်ပါနဲ့တော့တဲ့။ ဝတ်ဆံက ကျွန်တော့်ကို အဖြေတောင် မပေးသွားဘူး။ ကျွန်တော် ခံစားရတယ် ဒေါ်လေးရာ၊ အဲဒါကြောင့် သောက်လိုက်တာ၊ ကန်တော့ပါ... ဒေါ်လေး ရာ၊ ကန်တော့... ကန်တော့"

ကိုကို တစ်ယောက်ဟာ သူ့ရင်ထဲမှာ ခံစားနေရရှာ သမျှကို မူးမူးနဲ့ ဗလုံးဗထွေးတွေ ပြောလို့ပြီးသွားလျှင် ဆိုဖာမှာ တင် အသံတိတ်ကာ အိပ်ပျော်လို့ သွားလေသည်။ သူ ငြိမ်းချမ်း သွားပေမယ့် နုနုရှယ်ကတော့ မငြိမ်းချမ်းနိုင်ပေ။

ကြည့်စမ်း... ဒါဟာ မိုက်ရိုင်းတာ။ စော်ကားတာ။ ငါ့တူလေးမျော အားလုံးကို ကောင်းစေချင် အဆင်ပြေစေချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ကူညီပေးခဲ့တာ။ ဒါကိုများ ဟိုအိုကြီးအိုမ တင်တင်ခန့်နဲ့ စွပ်စွဲကာ အရှက်ခွဲရတယ်လို့။ တောက်... ရာဇဝင်ရိုင်းလိုက်လေခြင်း။ နုနုရွယ်က အပြစ်ကင်းစင်စွာ အိပ်ပျော်သွားလေသော ကိုကို့ကို ကြည့်ကာ စိတ်မကောင်း ဖြစ်မိသွားသည်။

သူ့ခမျာ အခေါ်ဖြစ်သူ အိမ်ထောင်ရေး အဆင်မပြေခဲ့တာကြောင့် အိမ်ထောင်သုံး ဆက်ကွဲခဲ့ရတာတွေအတွက် ကိုယ်ချင်းစာစိတ်နဲ့ နုရွယ်တို့အရွယ် အမျိုးသမီးတွေ အိမ်ထောင်ရေး အဆင်မပြေဘူးဆို သူ တတ်နိုင်သမျှ ကူညီပြီးအဆင်ပြေအောင် အကြံဉာဏ်တွေ ပေးတတ်တဲ့ တူလေး။ GYM မှာဆိုလည်း နုရွယ်တို့နှင့် အရွယ်တူ အမျိုးသမီးကြီးတွေအတွက်ဆို အိမ်ထောင်ရေး လုပမှုရေးရာတွေအတွက် စေတနာသန့်သန့်နဲ့ အကူညီပေးတတ်တဲ့ ဒီတူလေးကို မဟာကျော်တို့က စဉ်းစားခြင်း၊ တွေးတောခြင်း မရှိပါဘဲ ရက်ရက်စက်စက် ပြောကာ သူ့မိန်းမ အိုကြီးအိုမ တင်တင်ခန့်နဲ့များ တိုကာ ပိုင်းလုံးဟု စွပ်စွဲလိုက်တာဟာ အသည်းနာစရာ ကောင်းလှလေခြင်း။

တွေ့ကြပြီပေါ့ကွာ။





လက်သည်းဆိတ်ရင် လက်ထိပ်နာတတ်သော နုနုရွယ်တို့ မျိုးအတွက် တူလေး ကိုကိုမောင်ကို ပိုင်းလုံးရယ်ဆိုပြီး လှုပ်အလယ် အရှက်ခွဲကာ သူ့တူလေးဘဝကို အညွန့်ကျိုးစိတ်ဓာတ် ပျက်ပြားအောင် ပြောလေတဲ့ အဲဒီမဟာကျော်နဲ့ တင်တင်ခန့် တွေ့ကြပြီပေါ့ကွာ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ မကြည်မလင် မျက်နှာထားတွေဖြင့် ထိုင်နေကြသော မိန်းမနှင့် သမီးကိုကြည့်ကာ စိတ်တော်တော် မောသွားသည်။ ဒီနေ့တော့ ကိစ္စတွေကို အပြီးရှင်းရမည်ဖြစ်သည်။

"သမီးနဲ့ တင်တင် ဒီနေ့ တို့တွေ သေချာစကားပြောရ လိမ့်မယ်။ မိသားစုလေးမှ သုံးယောက်ပဲ ရှိတယ်။ တစ် ယောက်ကို တစ်ယောက် မကျေလည်ကြဘူးဆိုရင် ဒီမိသားစု ဘယ်လိုနိုင်မြဲမလဲ။ ဘယ်လို ရှေ့ဆက်တည်ဆောက်ကြ မလဲ"

"အဲဒါတွေ အားလုံးဟာ ရှင့်ကြောင့် ဖြစ်ရတာပဲလေ"

"တင်တင်… မင်း ငါ့ကို သမီးရှေ့မှာ အရိုသေတန်ပျော့ စကား လာမပြောနဲ့။ ငါဟာ အိမ်ထောင်ဦးစီး။ ငါ့သမီး ရဲ့ အဖေ။ အခု မင်း မပြေလည်ဖြစ်နေတဲ့ သံသယဖြစ်





နေတဲ့ ကိစ္စကိုလည်း ငါရှင်းမယ်။ အေး… မင်းကိစ္စကို လည်း မင်း နိုင်လုံအောင် ရှင်းပြ"

သူက အပြတ်သွဲ့ ပြောလိုက်လျှင် တင်တင်က သူ့ ကို ခပ်ထန်ထန် မျက်နှာကြောဖြင့် ပြန်ကြည့်လိုက်ရင်း…

"ဘာကိုလဲ… ဘာကို နိုင်လုံအောင် ရှင်းပြရမှာလဲ၊ ကျွန်မမှာ ဘာကိစ္စမှ မရှိဘူး၊ လျှို့ဝှက်ချက်တွေ ရှိနေတာ က ရှင်၊ မိသားစု ရှင့်မှာ ရှိရဲ့သားနဲ့ နောက်တစ်စု ထပ် တည်ထောင်နေတာက ရှင်။ ဒီမှာ ဦးမဟာကျော်… ရှင့် ကို ကျွန်မ ဒီချိန်ထိ သည်းညည်းခံနေတာ အကြောင်း ကြောင်းသော ဂုဏ်သိက္ခာတွေကို ငဲ့နေလို့ပဲ။ အေး… ရှင့်ဘက်ကလည်း မိသားစုကို ပြန်ငဲ့ညှာပါတတ်တဲ့စိတ် ရှိ ပါစေ"

တင်တင့်စကားတွေဟာ ဆောင်က ကျော်လွန်လာ သော အဆိုးဘက် အခြေအနေကို ဦးတည်နေတာကြောင့် သူဟာ ဘယ်ကိုပဲ စိတ်ပျက်မိလို့ သွားလေသည်။ သူ့မိန်းမ တင်တင် က ဒီလိုမျိုး အချိုးအချိတ်တွေ ဖြစ်လာတာဟာ ဟိုကောင်နှင့် တ်လီဖွေ့က်ပြားနေလို့။ အမှန်တိုင်း ပြောရရင် သူ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း နာကျင်ပူလောင်နေရတာပဲဖြစ်သည်။ ဟိုးအရင်တုန်းက လို ပျော်ရွှင်မှု စိတ်ချမ်းသာမှုတွေ ဆိုတာလည်း နတ္ထိ။ ဘာ တာမှ မရှိတော့ကာ တစ်နေ့ တစ်နေ့ ပညာတတ်ဆန်သော နည်း သုံး၍ပဲ ပေါက်ကွဲဒေါသဖြစ်မယ့် တိုက်ခိုက် စကားလုံးတွေ ရှောင်နေကြတာဖြစ်သည်။

တင်တင်ရဲ့ အဓိပ္ပာယ်မရှိသော သံသယတွေ သူ့ကို တကယ်ပဲ စိတ်ဖိစီးမှုများစေသည်။ မှတ်မှတ်ရရ သူ ကြားမှာ ဖြစ်ခဲ့တဲ့ ကိစ္စဟာ သူ အဲဒီနေ့က သွေးတွေတိုးနေ စက်ကြောတွေ တက်တဲ့နေ့ကနေ စတင်တာပဲ ဖြစ်သည်။ တင် က ထမင်းချိုင့် လာပို့ရင်း အေမီ နှိပ်ပေးနေတာကို မြင်သွား သဖြင့် သူ့ကို အလုပ်ထုတ်ခိုင်းနေတာကို အေမီက ဝန် ကောင်းတစ်ယောက်မို့ သူ လက်မလွှတ်နိုင်ကာ အလုပ်မထုတ် ခဲ့။ အဲဒါကနေ အခုလို မခေါ်နိုင် မပြောနိုင်တွေဖြစ်ကာ နော ဆုံး သမီးနှင့် ရှုယ်တူလောက်ရှိတဲ့ ကောင်လေးနဲ့ ယောက်ျား လား အခြေအနေတစ်ခုမှာ ရှိနေတာဟာ တော်တော့်ကို အ တန်ကာ သူ့ခေါင်းကို တကယ်ပဲ ဆွဲပေးနေသလို ခံစားရ သည်။





အခုလည်း ပြောလိုက်တဲ့ စကားလုံးဟာ တကယ် ကိုပဲ စိတ်တိုစရာမို့လို့ သူဟာ တောက်တစ်ချက် ဖိခေါက်လိုက် တာ...

"မင်း ငါ့ကို အဲဒီစကား မပြောနဲ့ တင်တင်ရဲ့။ မင်း အလကားနေရင်း သဝန်ကြောင်နေတာကို ငါ ဘယ်လိုမှ သည်းခံပေးလို့ မရတော့ဘူး။ မင်းက ငါ့ကို အစေးကို တွန်းလွှတ်နေတာ"

"တော်ပါတော့ ဒယ်ဒီရယ်၊ ဒယ်ဒီက မာမီ့ကို ဆွေးနွေး နေတာ မဟုတ်ဘူး၊ ပြဿနာရှာနေတာ"

"စတ်ဆဲ"

သမီးဟာ သူ့ကို မနေ့က မကျေနပ် စိတ်အခံဖြင့် သူ့အမေတက် လိုက်ကာပြောနေတာကြောင့် သူ့ရင်ထဲမှာ ဆို့နင့် သွားလေသည်။ ဘာတွေ ဖြစ်ကုန်တာလဲကွာ။ သူ ဒီလောက် သရှာတည်ဆောက်ခဲ့တဲ့ မိသားစုတစလေးဟာ ဘာကြောင့်များ လောက်ထိ ပြောင်းဆန်ကုန်ရတာလဲ။

"သမီး... ဒယ်ဒီကို ဘာလို့ ဒီစကားလုံးတွေ သုံးနေရတာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ခံစားချက်တွေကို သမီး နားလည်သွားလို့ ဒယ်ဒီ၊ ဒယ်ဒီက ကိုယ့်အပြစ်ကို ကိုယ်ဖုံးချင်နေတာ တစ်ခုတည်းနဲ့ မာမီကို ပြဿနာရှာနေတာ။ မာမီကိစ္စကို သမီးရှင်းပြ မယ်။ မာမီနဲ့ ကိုကိုမောင့် ပတ်သက်မှုက ရိုးရိုးလေးပဲ။ ဒယ်ဒီ အဲဒါကိုတော့ မစွပ်စွဲလိုက်ပါနဲ့။ သမီး အာမခံတယ် ဒယ်ဒီ၊ ဒယ်ဒီ့ကို ချစ်တဲ့စိတ်နဲ့ ဒယ်ဒီ့ကို မာမီ ပြန်ရအောင် သူ့စိတ်ထဲမှာ ထင်တာကို သူလုပ်တယ်။ မာမီ ဒီဇိုင်းတွေ ပြောင်တယ်။ GYM ဆော့တယ်။ အဲဒီအတွက် သူ့မှာ အပေါင်းအသင်းတွေဆိုတာ ရှိလာတယ်။ ကိုကိုမောင်က လည်း ဒီသဘောပဲ။ မာမီ ပြောင်းလဲချင်တာတွေအတွက် ကို သူ ကူညီပေးတာ။ မာမီက ဒယ်ဒီ့ကိုပဲ အာရုံစိုက် တာ။ မာမီ အပြင်ထွက်နေတာကလည်း ဒယ်ဒီ့ကို မြန်မြန် ချင်လို့ပဲ။ ဒယ်ဒီ့လိုမျိုး အပြင်ထွက်နေတာက တခြားတစ် ယောက်အတွက် မဟုတ်ဘူး"

"ဝတ်ဆံခန့်"

မျက်လုံးတွေ ပြာထွက်သွားလောက်အောင် ထိခိုက် ခံစားရသော ဒေါ်သဟာ သမီးကို ရိုက်ပစ်ရန်အတွက် လက်တောင်





မြှောက်မိကာ သူ့သတိက ပြန်ထိန်းနိုင်လိုက်ကာ သူ့လက်ကို ပြန် ရုပ်သိမ်းလိုက်စဉ်မှာ တင်တင်က သူ့ကို စတင်ရန်တွေ့တော့တာ ဖြစ်သည်။

"ရှင့်ကို ကျွန်မတို့ ဘယ်လိုမှ သည်းညည်းမခံနိုင်တော့ဘူး။ ဒီလို အဆင့်အတန်းမရှိတဲ့ မယားငယ်မအတွက် ကိုယ့် သမီးကိုတောင် ပြန်ရိုက်တော့မယ့် ရှင်က အဖေကောဖြစ် ထိုက်ရဲ့လား၊ ရှင် လုပ်နေတဲ့ အပြစ်တွေကို ကျွန်မကို ရှင့်စိတ်နဲ့နှိုင်းပြီး စွပ်စွဲချင်နေတာလား"

"ဟား... မင်းတို့ကွာ၊ ဘာ မယားငယ်လဲ၊ ငါ့မှာ ဘာမှ မရှိဘူး၊ မင်း သူများကို စွပ်စွဲမနေနဲ့၊ ငါနဲ့ အေမီ ဘာမှ မပတ်သက်ဘူး"

"ဩော်... ဩော်... မပတ်သက်ဘူး။ နောက်တစ်အိုး တစ်အိမ်ထူထောင်ပြီး သားသမီးတွေနဲ့ ဘဝသစ်ထပ်ဆောက် ချင်နေတာက မပတ်သက်ဘူး ဟုတ်လား"

တင်တင် ပြောတဲ့ စကားကို သူ ဘာပြောလိုက်မှန်း နားမလည်ချေ။ ဘာကို ဆိုလိုချင်နေတာလဲ။

"သားသမီး... ဘာလဲ"

"တီ... တီ... တီ... တီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကနေ ဆူညံသွားအောင်ကို တီးလေသော ကားဟွန်းတီးသံဟာ နားတစ်ခုလုံးကို ပူလောင်သွားကာ စကား စက ပြတ်လို့သွားလေသည်။ တင်တင်တို့က ဘယ်သူလဲဆိုပြီး ထွက်ကြည့်လျှင် သူပါ နောက်ကနေ လိုက်လာခဲ့ရတော့သည်။

"ဟဲ့... တင်တင်ခန့်၊ နင့်မှာ သတ္တိရှိတယ်ဆိုရင် အခု ချက်ချင်း ခြံတံခါး ဖွင့်လိုက်စမ်း"

ခြံရှေ့မှာ ဟွန်းတီးနေသော ကားဟာ တင်တင် ထွက်သွားလျှင် စိန်ခေါ်သံဖြင့် တံခါးဖွင့်ခိုင်းထားတာကြောင့် သူက ဘယ်သူလဲ လှမ်းကြည့်လိုက်သည်။ သူ ဘယ်သူမှန်းမသိ သေးခင်မှာ တင်တင်က ဒေါသပုန်တွေထကာ ပါးစပ်ကပြောရင်း ခြံတံခါး သွားဖွင့်လေသည်။

"တောက်... တွေ့ကြသေးတာပေါ့၊ သူများခြံရှေ့လာပြီး တော့ ရိုင်းစိုင်းလိုက်တာ"

ဘာတွေ ဖြစ်ပြန်ပြီလဲကွာ။ သူတို့မိသားစုမှာ ဘာ တွေ ဖြိုဟ်ဆိုးဝင်နေသလဲ မသိပေ။ သူတို့မိသားစုချင်းတောင် ဖြေရှင်းလို့ မပြီးသေးခင် အပြင်က ဘယ်ကလွင့်လာတဲ့ မီးစမှန်း မသိ တစ်စက ထပ်လောင်ပြန်လေသည်။

✤ ✤ ✤





သူ့ခေါင်းထဲမှာ ဘယ်ပေါင်တူကြီးတစ်ခု ဖိချထား သလို လေးလံနေကာ တဆစ်ဆစ်နဲ့ ကိုက်ခဲနေသည်မို့ သူက အိပ်ရာက နိုးသော်လည်း ချက်ချင်း မထနိုင်သေးပေ။ မျက်လုံး တွေ မှိတ်ထားသည်မို့ သူက ညက သူ့သူငယ်ချင်းတွေနှင့် စိတ် ညစ်ညစ်ဖြင့် အမှောက်ကို သောက်လာတာကို ပြန်သတိရမိလေ သည်။ အိမ်ကိုတောင် သူ့သူငယ်ချင်းတွေ ပြန်လိုက်ပို့ပေးလို့ ရောက်လာတာဖြစ်သည်။ ပြီးတော့ သူ မူးမူးနှင့် ဒေါ်လေးကို စကားတွေ ပြောသည်။

မျက်လုံးမှိတ်ထားရင်း အာရုံထဲမှာ အနေးပြကွက် တစ်ခုကို ပြန်မြင်ယောင်လာကာ ဒေါ်လေးကို သူ အရှက်ကွဲလာ တဲ့ အကြောင်းတွေ ဦးမဟာကျော် သူ့ကို ဘယ်လိုပြောတယ်ဆို တဲ့အကြောင်းတွေ ပြောမိတာကို ချက်ချင်း သတိရလာကာ အိပ် ရာမှ ချက်ချင်းထထိုင်သည်။ ဒေါ်လေး......။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်က ဒေါ်လေးစိတ်ကို သိနေကာ ဒေါ်လေး ပြုံးနာသွားရှာမှာ ကြောက်တာကြောင့် သူ့စကားရတွကို ပြန်လည်ပြင်ဖို့အတွက် ဒေါ်လေးကို အသည်းအသန် လှမ်းခေါ်ရလေသည်။

"ဒေါ်လေးရေ... ဒေါ်လေး... ဒေါ်လေးရေ"

"အာစိ... ဒေါ်လေး မရှိဘူး၊ မနက်က ဒေါ်နဲ့ အေနဲ့ ထွက်သွားတာပဲ၊ အာစိအတွက် ကျွန်တော် ကော်ဖီကြမ်း သံပရာသီးညှစ်လေး လုပ်ပေးထားတယ်"

"အဲဒီ ကော်ဖီကိစ္စက နောက်ထားဦး၊ မင်းကို ဒေါ်လေး ဘယ်သွားမယ် ပြောသွားလဲ"

"မသိဘူးလေ၊ ကျွန်တော် အိပ်ရာကနိုးတော့ ဒေါ်လေးက သွားဖို့တောင် အဆင်သင့် ပြင်သွားပြီး ထွက်တော့မှာ။ ကျွန်တော်က ဘယ်သွားမလဲ မေးတော့တောင် လှာမရှည် နဲ့ဆိုပြီး ဟောက်နေသေးတယ်"

ဒီလောက်ဆိုရင်တော့ သူ့အခြေအနေကို သဘော ပေါက်လေသည်။ ဒေါ်လေး မနက်ကို အပြင်သွားစရာ ဘာကိစ္စမှ မရှိပေ။ အဲဒါကို ဒေါ်ကြီးမောကြီးဖြင့် ထွက်သွားတယ် ဆိုတာ





တည်းက ဒါဟာ မနေ့က သူပြောခဲ့တဲ့ ကိစ္စတွေနဲ့ အသေအချာကြီးကို ပတ်သက်နေတယ်ဆိုတာ သဘောပေါက်ရလေသည်။

"ဟား... ကျိုင်တော့ တက်တော့မှာပဲ၊ အာနီး... ငါ့ကို ကားသော့ မြန်မြန်ပေးစမ်း"

"ဟုတ်ကဲ့... ဟုတ်ကဲ့ သောစီ။ မနက်က ဘေးအိမ်ကို အိမ်ပြောင်းလာတဲ့ကားက အာစိ ကားရှေ့ ပိတ်ရပ်ထားတော့ ထွက်သွားပြီလားတော့ မပြောတတ်ဘူး"

"ပေး... ပေး... ကားသော့။ ငါ အပြင်သွားလိုက်ဦးမယ်။ အဲဒီကားတွေကလည်း ပိတ်ရပ်ထားတာ တော်တော်ဆိုးတယ်"

သူက တံခါးဖွင့်ကာ အထွက်တွင် အိမ်ထဲကနေ အာနီးက လှမ်းအော်လေသည်။

"အာစိ... ကားမရှိတော့ဘူး၊ ထွက်လို့ရပြီ"

"အေး... အေး... တံခါးပိတ်ထားဦး ဟေ့ကောင်"

ကိုကိုမောင်က အလျင်အမြန်ပဲ အိမ်ရှေ့တံခါးကို ဖွင့်ကာ ထွက်လာလျှင် တစ်ဖက်ဘေးအခန်းက. စုံတွဲတစ်တွဲက လည်း ထွက်လာလေသည်။ သူက ဘာရယ်မဟုတ် ကြည့်မိလိုက်လျှင်းဟင်ခနဲ ဖြစ်သွားကာ အံ့အားသင့်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ခင်ဗျား... ခင်ဗျားက တော်တော်ရှုပ်တဲ့ မိန်းမပဲ"

သူက ဒေါသတကြီးဖြင့် ဝတ်ဆံတို့ မိသားစုဘဝကို ဒုက္ခပေးနေသော အေမီဆိုသည့် ရက္ခထရိုက် မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ သူဟာ အံ့အားသင့်သွားသည်။ ပြီးတော့ အခန်းထဲကနေ စုံတွဲထွက်လာကြကာ ဘဲကြီးက အဲဒီအမျိုးသမီးကို ပခုံးဖက်ထားသည်။ ဒီမှာလည်းတစ်ယောက်။ ဝတ်ဆံအမေနဲ့လည်း။ သူက ဒီလောက် ဖေယားကပ်ကာ ဒုက္ခပေးသော အမျိုးသမီးကို ဒေါကန်ကန်ဖြင့် ပြောလိုက်လျှင် အေမီက အလျှင်အမြန် ပြန်လည်ဖြေရှင်းလေသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒါက ငါ့ယောကျ်ားဟဲ့"

"ဗျာ..."

သူက သိပ်နားမရှင်းစွာဖြင့် ကြည့်လိုက်မိသည်။ ယောကျ်ား။ ဒါဆို ဦးမဟာကျော်က စပွန်ဆာ။ သူက အေမီကို နားမလည်နိုင်စွာ ကြောင်ကြည့်နေလိုက်လျှင် အေမီ ဆိုသော အမျိုးသမီးက သူ့ကို ဒေါကန်နေသော အကြည့်တွေဖြင့် ကြည့်ကာ တစ်ဖက်က ဒေါကန်နေသော သူ့အမျိုးသား ဆိုသူကိုလည်း ထိန်းလိုက်ရင်းက သူ့ကို ရှင်းချက်ပြန်ထုတ်လေသည်။





"မင်းတို့တွေ ဘာတွေ အထင်မှားနေကြတာလဲတော့ ငါ မသိဘူး။ ဆရာဦးမဟာကျော်က အစ်မရဲ့ အလုပ်ရှင်။ ဒါပဲလေ။ မင်းတို့ ဘာတွေပြောနေမှန်းလဲ ငါ မသိဘူး။ ဒါ ငါ့အမျိုးသား ကိုရဲဝေ။ နိုင်ငံခြားမှာ သင်္ဘောတက်နေတာ၊ မနေ့ကမှ ပြန်ရောက်လာတာ"

"ဟာ... ခဏ... ခဏ... အဲဒါကို ဦးမဟာကျော် သိသလား"

"သိတယ်လေ"

"ဟား... အဲဒါဆိုရင်တော့ ရှုပ်ကုန်ပြီ အစ်မ။ အန်ကယ် ဦးမဟာကျော် သိပေမယ့် အစ်မမှာ အိမ်ထောင်ရှိတာ အန်ကယ့်ဇနီး သိပုံပေါ်မယ် မထင်ဘူး။ ဒါကြောင့် ဒီ ပြဿနာ ဖြစ်တာ"

"ဟုတ်တယ်... အစ်မတို့က အခုမှ တရားဝင် လက်ထပ်မှာ"

ပြဿနာရဲ့အဖြေဟာ သူ သိသလိုတော့ ရှိသွားချေပြီ။ သေချာအောင် သူက မအေမီကို နောက်တစ်ခု ထပ်မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခု အန်ကယ်တို့ဆီ သွားမလို့။ ဟို... အစ်မ အားနာပါတယ်၊ အားလုံး အဆင်ပြေဖို့အတွက် ကျွန်တော် မေးရတာပါနော်၊ အစ်ကိုလည်း စိတ်မရှိပါနဲ့ ခင်ဗျာ"

"မေးပါ......"

"အစ်မ... အစ်မ ကိုယ်ဝန်က..."

သူက ဆက်မပြောရဲတော့တာကြောင့် စကားကို ခဏတန့်လိုက်လျှင် မအေမီရဲ့ ဘဲကြီးက သူ့ကို WWE စမက်ဒေါင်းပွဲထဲက ဖိုက်တာကြီးတွေလို စိုက်ကြည့်သည်။ အိုခေ... ဒီလောက်ဆို အားလုံး အေးချမ်းပြေလည်ဖို့အတွက် အဖြေရှိသွားပြီ။

အချစ်တွေလွန်ရင် နားလည်မှုတွေ တလွဲတွေဖြစ်ကာ သတ်ကုန်ကြတယ် ဆိုတဲ့စကားက သိပ်မှန်ပြီလေ။

✣ ✣ ✣





(၂၀)

ဒီဘက်က ရန်ပွဲဟာလည်း အကြီးကြီးနှင့်မှ အကျယ်ကျယ်ကို ဖြစ်နေကာ ဒေါ်နုနုရွယ်ဟာ သူ့တူကို ဒီလိုစကားမျိုး သုံးကာ သိက္ခာကျ စွပ်စွဲရလေမလားဟု သောင်းကျန်တာကြောင့် အစက်ကလေးမှ အကြောရယ် မခံလေသော ဒေါ်တင်တင်ခန့်နှင့်က ပြဿနာ တက်တော့တာပဲဖြစ်သည်။

"ဟဲ့... ဒီမှာ... နင့်ကို ငါတို့ဘက်က တောင်းပန်ပြီးပြီ။ ကိုကိုမောင်က ငါမွေး ငါ့သားအရွယ်ကို ဒီလိုမျိုး ငါက လည်း သမုတ်ခံရလို့ နာတယ်ဟဲ့၊ အေး... ငါတို့ဘက်က နင့်ကို တောင်းပန်ပြီးပြီ၊ နင် ပြန်လိုက်တော့ ဒီကိစ္စကို ဒီမှာနေရာမှာပဲ ရပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… အမယ်လေး အံ့ဩပါရဲ့ တင်တင်ခန့်ရယ်၊ နင်က နစ်နာသေးတယ်။ ဒီမှာ ငါ့တူအတွက် နင်တို့ကို ကျေကိုမကျေဘူး။ ဒါတွေ အားလုံး ဖြစ်ရတာ နင် အိုကြီးအိုမနဲ့ လူချင်လှပါချည်ရဲ့ဆိုပြီး ဖြစ်နေလို့ နင့်ယောကျ်ားက ငါ့တူနဲ့ နင့်ကို သမုတ်တာ။ နင့်ကြောင့် ဖြစ်ရတာ"

"ဟဲ့… ဘာကို အိုကြီးအိုမလဲ။ နင့်ပါးစပ်ကို ပိတ်ပြီး လာရာလမ်းကြောင်းအတိုင်း ပြန်လိုက်တော့၊ ငါ ဒါပဲပြောမယ်"

"နင်ကများ… ငါ့ကို"

"ကဲ… တော်ကြပါတော့။ နုနုရှယ်… ငါ တောင်းပန်တယ်၊ နင် ပြန်လိုက်ပါတော့၊ ငါတို့အိမ်တွင်းရေးကို နင် ပြဿနာလည်း ဝင်မရှာနဲ့၊ နောက်လည်း လာမပတ်သက်နဲ့တော့ဟ။ အခု ငါက နင့်တူ ကိုကိုမောင်ကို ပြောလိုက်မိတယ်၊ အဲဒီအတွက် ဆောရီး၊ ငါ တောင်းပန်တယ်။ အေး… ပြီးရင်တော့ နင့်တူကို ငါတို့မိသားစုနဲ့ ကင်းအောင်နေနိုင်ပါ။ ဘာမှ ပတ်သက်စရာ အကြောင်းလည်း မရှိတော့ဘူး။ သူမြှောက်ပေး အခါတော်ပေးကောင်းလို့ ငါ့သမီးနဲ့ ငါ





လည်း ပြဿနာတွေ ဖြစ်ရတယ်။ နင်တို့တွေ မြှောက်ပေးလို့ ငါ့မိန်းမ သံသယမျက်လုံးတွေက ပိုပြီးကြီးထွားလာရတာ။ အဲဒီတော့ ငါကထပ်တောင်းပန်တယ်၊ နင်တို့ သွားလိုက်တော့"

မိန်းမနှစ်ယောက် တစ်ယောက်တစ်ခွန်း အချေအတင် များနေတဲ့ စကားဝိုင်းထဲ သူ ဝင်ပါမှကို ရတော့မည့်အနေအထားမို့ ဦးမဟာကျော်က အပြိုင်ဆိုင်ကို ပြောလိုက်မှ ပိုဆိုးသွားတော့ကာ နုရှယ်ဟာ ဟိုးအရင် ကျောင်းတုန်းကလိုပဲ ထိုးနဲဆို အသံက စီခနဲ ထွက်လာတော့တာဖြစ်သည်

"အမယ်လေး… အမယ်လေး… အံ့ဩစရာ ကောင်းလိုက်တာ၊ မဟာကျော်… နင်က ငါ့ကို ကက်ကက်တွေလန်နေတယ်၊ နင် မှတ်ထား။ ငါတို့က ကိုယ့်ဘာသာကိုယ် ချေချမ်းမိုးနေတာ။ နင့်မိန်းမက ငါတို့တူအရီးနဲ့ လာပတ်သက်တာဟဲ့"

တစ်ယောက်နဲ့ တစ်ယောက် အခြေအတင်တွေ ဖြစ်နေကြချိန်မှာ ခြံထဲကို နောက်ထပ်ကားတစ်စီးက ထပ်ရောက်လာတာမို့ သူတို့က ဘယ်သူလဲ လှမ်းကြည့်လိုက်လျှင် ကားပေါ်

www.burmeseclassic.com



ကနေ ဆင်းလာသူတွေက ကိုကိုမောင် ဖြစ်သည်။ ကိုကိုမောင်နှင့်အတူ ပါလာတဲတစ်ယောက်က ဘယ်သူပါလိမ့် ကြည့်မိလျှင် အေမီ ဖြစ်လို့နေတာမို့ သူ့ဂှာ တအံ့တသြ ဖြစ်နေစဉ်မှာ ဒီမှာတောင် ပြဿနာတစ်ခု ရှင်းမပြီးသေး နောက်ထပ်အရှုပ်တစ်ခု ထပ်ရောက်လာသောကြောင့် ကိစ္စတွေအားလုံး ပြုံကျလာကာ ကျိုင်တွေ အကြီးကြီး တက်ကုန်တော့မှာမို့ ဝတ်ဆံက ဒယ်ဒီနှင့် မာမီ ထွက်မလာခင် အမြန်ထွက်ကာ ကိုကိုမောင့်ကို တားရလေသည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ။ သူ့ကို ဘာကိစ္စ ဒီကို ခေါ်လာရတာလဲ။ ကျွန်မတို့ အခုချိန်မှာ ခေါင်းတွေရှုပ်ထွေးလောက်အောင် ပြဿနာတွေ တက်နေတယ်။ ကျေးဇူးပြုပြီး ရှင့်အခေါ်ရှင် ခေါ်ပြီးပြန်ပါတော့"

"ကိုယ် အခုလာတာ ဝတ်ဆံတို့ မိသားစုကြားထဲက သံသယတွေကို ရှင်းထုတ်ပေးဖို့ပါ။ ကိုယ့်ကို ယုံပါ ဝတ်ဆံရယ်။ မအေမီ... လာ"

သူက အေမီကိုပါ ခေါ်လာကာ အိမ်ထဲရောက်လာလျှင် မာမီက အထိတ်တလန့်ဖြင့် ခေါ်သတကြီး တုံ့ပြန်သည်။





"မင်း... မင်း.... ဒီကို ဘာလာလုပ်တာလဲ"

"ခဏလေးပါဗျာ၊ ဒေါ်လေး... အန်တီ... အန်ကယ်... ကျွန်တော်ပဲ အန်တီတို့ အိမ်တွင်းရေးကို ကူညီဖြေရှင်းပေးပါရစေ"

ဝတ်ဆံက ပိုမို ရှုပ်ထွေးကုန်မှာ ကြောက်ကာ ထိတ်လန့်နေရသည်။ မမျှော်လင့်ဘဲ ပြုံကွဲရတော့မည့် အနေအထားမျိုးထိတောင် ဖြစ်ကုန်ကြပြီမို့ ဝတ်ဆံလည်း စိတ်ထဲမှာ အရမ်းကို ကြေကွဲဝမ်းနည်းနေရသည်။ ကိုကိုမောင်က အခု အေမီကိုပါ ခေါ်လာတာကြောင့် ဘာတွေများ ပြဿနာထက်မယ် ဆိုတာ မတွေးရဲပေ။

"အန်တီ... မအေမီက ကျွန်တော်တို့ ဘေးအခန်းကို ပြောင်းလာပါတယ်၊ ကျွန်တော် ဒီကိစ္စတွေ သိသိချင်းလိုက်လာခဲ့တာပါ။ အန်တီ အထင်မှားနေတဲ့ကိစ္စတွေကို မအေမီက ရှင်းပြပါလိမ့်မယ်၊ အစ်မ..."

ဘာတွေမှန်း နားမလည်တော့တာကြောင့် ဝတ်ဆံက ရှင်းချက်ထုတ်နေတဲ့ ကိုကိုမောင့်ကိုသာ ငေးကြည့်နေလိုက်တော့သည်။ ဒယ်ဒီစက္ကထရီ ဆိုသော အမျိုးသမီးသည် အခုကျတော့လည်း မျက်နှာငယ်လေးဖြင့် ရှင်းချက်ထုတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒီကိစ္စတွေက မတော်တဆ လွဲမှားသွား
ချင်းပါ။ ဆရာကတော် သိထားတဲ့ ကျွန်မ ကိုယ်ဝန်
တာ ကျွန်မနဲ့ မကြာခင် လက်ထပ်တော့မယ့် ကိုရဲဝေ
ရတာပါ။ ကိုရဲဝေက သင်္ဘောတက်နေတာ ပြန်မလာသေး
တာကြောင့် ဆရာကပဲ ကျွန်မကို ကူညီစောင့်ရှောက်
နေတာပါ။ ဆရာနဲ့ဆရာကတော်မိသားစုက အမေ့အတွက်
ကျေးဇူးရှင်တွေပါ။ ဆရာကတော် အထင်မလွဲစေချင်
ဘူး။ ဆရာက သူ့ဇနီးနဲ့ သမီးပုံကို ရုံးခန်းထဲမှာ အမြဲ
တင်ထားပြီး လာတဲ့ဧည့်သည်တွေတောင် ကြွားတတ်
တဲ့ သူတစ်ယောက်ပါ။ အမေ့ကြောင့် ဆရာတို့မိသားစု
ပြဿနာ အရှုပ်အရှင်း ဖြစ်နေတာကို အမေ တကယ်
စိတ်မကောင်းပါဘူး။ မောင်လေးကိုကိုမောင် ပြောပြ
ကိစ္စအစအဆုံးဟာ အမေ့ကြောင့် ဖြစ်နေရတယ်ဆို
သဘောပေါက်ခဲ့ပြီး အခုမှ လာရှင်းပြရတာပါ။ အခု
အမေ့အမျိုးသား ကိုရဲဝေ ပြန်ရောက်လာပြီမို့လို့ မကြာ
မှာ မင်္ဂလာဆောင်ခံပွဲ ကျင်းပတော့မှာပါ"





လုံးဝကို ထင်မှတ်မထားသော ဖြေရှင်းချက်မို့ ဝတ်ဆံ
ာ အံ့အားသင့်မိကာ မာမီကတော့ အထူးအဆန်း အံ့ဩမှုနဲ့
အတူ ဒယ်ဒီကို လှမ်းကြည့်သည်။

"အဖြစ်အပျက် အမှန်က နဂိုကတည်းက ဒီတိုင်းပဲ
တင်တင်၊ တကယ်ဆို အစကတည်းက မင်း သံသယဖြစ်
ပြီး စိတ်ထဲ မရှင်းဘူးဆိုရင် ကိုယ့်ကို ပွင့်ပွင့်လင်းလင်း
မေးခဲ့သင့်တယ်"

"ဟုတ်ပါတယ်… အဓိက,ကတော့ သံသယက ဒုက္ခဖြစ်
စေတာပါ။ တစ်လက်စတည်း ကျွန်တော့်ကိုပါ ရှင်းပြခွင့်
ပြုပါ အန်ကယ်။ ကျွန်တော်က အဲဒီလိုမျိုး အိမ်ထောင်ရေး
နဲ့ ပတ်သက်ပြီး စိတ်ခံစားချက်ရှိတဲ့ အမျိုးသမီးတွေကို
ကျွန်တော် တကယ်ပဲ ကိုယ်ချင်းစာမိသလို စိတ်မကောင်း
လည်း ဖြစ်မိတယ်။ ဒါကြောင့် အန်တီတင်တင်ခန့်နဲ့တွေ့
တဲ့အခါမှာ သူဖြစ်ချင်တာတွေ အန်တီ ဒီဇိုင်းပြောင်းဖို့
လိုအပ်တာလေးတွေကို ကျွန်တော် အကြံပေးမိပါတယ်။
ကျွန်တော့်အနေနဲ့ ကိုယ့်အမေအရွယ် အဒေါ်အရွယ်မို့
စိတ်ရောကိုယ်ပါ ကူညီချင်တာကလွဲပြီး ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာစိတ်မှ မရှိပါဘူး။ ဒါကို ကျွန်တော် အသက်နဲ့ရင်းပြီး အာမခံနိုင်ပါတယ်"

ဖာတ်လမ်းက တကယ်ကိုပဲ ရှင်းသွားပြီဖြစ်သည်။ ထူးဆန်းစွာပင် ရှင်းချက်ထုတ်နေသော ကိုကိုမောင့်ကို ကြည့်နေ တာ အရမ်းကို တည်ငြိမ်ရင့်ကျက်ဟန် ဖြစ်နေတာမို့ ဝတ်ဆံ တကယ်ကိုပဲ သဘောတကျ ဖြစ်မိလေသည်။ သူ့ရဲ့တည်ကြည် ပြည့်စုံလှသော အဖြေစကားအတွက် အားလုံးရဲ့စိတ်ထဲမှာ ရှင်း သွားပြီဖြစ်ကာ ဒယ်ဒီက နားလည်သွားသော အပြုံးတစ်ခုဖြင့်

"အေးကွာ... တကယ်တော့ စဉ်းစားကြည့်ရင် တို့မိသား ပြဿနာဟာ ဘေးပတ်ဝန်းကျင်အတွက် ဘာမှ မဟုတ် နဲ့ကို ထိခိုက်မှု ဖြစ်သွားခဲ့တာ။ အဓိက,ကတော့ သံသယ ပဲ။ တင်တင်... အခုချိန်မှာ ကိုယ့်ကို မကျေနပ်တာ ရှိလဲ။ ပြောပါ။ ငါ့ဘဝမှာ ငါ့မိသားစုကသာ အဓိက"

"အခုတော့ အားလုံး စိတ်ရှင်းသွားပါပြီ။ အခုလို ရှင်း ပေးတဲ့ အမေ့ကို ကျေးဇူးအများကြီး တင်ပါတယ်။ မော ကိုကို အန်တီ့ကို ကူညီပေးတာ တကယ် ကျေးဇူးတင် တယ်"





"ရပါတယ် အန်တီ။ ကျွန်တော် အန်တီတို့မိသားစုကို ပျော်ပျော်ရွှင်ရွှင်လေးပဲ မြင်ချင်တာ ကျွန်တော့်ဆန္ဒပါ။ ဒေါ်လေး... သွားရအောင်လေ"

သွားရအောင်လေ ဆိုသော စကားအဆုံးမှာ ဝတ်ဆံ ရင်ထဲ နွမ်းလျမောပန်းသွားသလို ခံစားရလေသည်။ သူက တကယ်ပဲ ဝတ်ဆံတို့မိသားစု မပြိုကွဲဖို့ရာအတွက် စေတနာအစစ် အမှန်ဖြင့် ရှင်းပြသွားတာပဲ ဖြစ်သည်။ တူမောဖြင့် ကက်ကက် ...န်အောင် လာပြဿနာရှာလေသော သူ့ဒေါ်လေးက သိပ်ကျေနပ် ...န်တော့ မပြုပေမယ့် သူ့တူစကား နားထောင်ကာ သွားတော့ ...ယ့်ဟန် ပြင်တော့တာကြောင့် မာမီက ခပ်သွက်သွက်လေး ...မ်းခေါ်လေသည်။

"နေ့ရှယ်........"

မာမီက အားလုံး အဆင်ပြေ ချောမွေ့သွားသော ...နေအထားအတွက် သူ့သူငယ်ချင်းကို ခေါ်ကာ တောင်းပန် ...ား စတင်ဆို၏။

"ငါ တောင်းပန်ပါတယ် သူငယ်ချင်း၊ ငါ့ကို အခုလို လှပ သွားအောင် ကူညီပေးခဲ့တဲ့ နင်တို့ တူဝရီးနှစ်ယောက်ကို

www.burmeseclassic.com



ဒီလိုတွေ ပြောမိတာ ငါ တကယ် စိတ်မကောင်းပါဘူး ဟာ၊ ငါ့ကို ခွင့်လွှတ်ပေးပါနော်"

"ငါတို့က သူငယ်ချင်းတွေပါ။ ငါ နားလည်ပါတယ်။ နင်သာ ဆန္ဒရှိမယ်ဆိုရင် နင် အမြဲတမ်း လုပနေဖို့အတွက် ငါ့ GYM ခန်းက ကြိုဆိုနေပါတယ်"

ဝတ်ဆံက မာမိနှင့် အန်တီနုရှယ်တို့ ပြန်လည် အဆင်ပြေသွားခြင်းအတွက် အရမ်းကိုပဲ ကြည်နူးဝမ်းသာရလေသည်။ အားလုံး အဆင်ပြေသွားသော ကောင်းမြတ်သော အချိန်တစ်မှ ရောက်သွားပြီ။ ဝတ်ဆံက အဲဒီအချိန်အခါလေးအတွက် ပီတိဖြစ်ရစွာ မာမိနှင့် အန်တီနုရှယ်တို့ရဲ့ လေးဆယ်ကျော် ငါးဆယ်နီး အလှတွေကို အားကျစွာ ကြည့်နေရသည်။ တကယ့်ကို ရင့်ကျက်သော အရာရာကို နားလည်တတ်သော အသက်အရွယ်တွေရဲ့ နားလည်မှုနှင့် ချစ်ခြင်းမေတ္တာ တရားကို လိုက်လို့မမီချေ။

ဝတ်ဆံ ကြည်နူးစွာ ကြည့်မိချိန်က ကိုကိုမောင်က ဝတ်ဆံကို သဘောတကျ ငေးကြည့်တာကို မှတ်မှတ်ထင်ထင် ရှိရလေသည်။

✤ ✤ ✤





မာမိတို့ လူကြီးတွေကိစ္စ အဆင်ပြေသွားကာ အရှင်လို ပျော်ရွှင်သော မိသားစုဘဝလေးကို ပြန်လည်ပိုင်ဆိုင် ရရှိချိန်မှာ အပျော်ဆုံးလူကတော့ ဝတ်ဆံပဲ ဖြစ်သည်။ အိမ်တွင်းရေး အဆင်ပြေသော မိသားစုတစ်စုအတွက် စိတ်ချမ်းသာမှု ရှိနေသော အခါ အရာရာမှာ အဆင်ပြေကာ နေထိုင်မှုက ပျော်ရွှင်အေးချမ်းမှုတွေ ဖြစ်စေသည်။ ထို့အတူ အားလုံး အေးချမ်းမှုတွေဖြစ်နေချိန်မှာ မအေးချမ်းနိုင်သေးသော တစ်ယောက်သော သူအတွက် ပျော်ရွှင်အေးချမ်းမှု အားလုံးရသွားအောင် ဒယ်ဒီနှင့် မာမိုဆီက ခွင့်ပြုမိန့်တောင်းပြီးသည်နှင့် တစ်ပြိုင်နက် သူပျော်ရွှင်စေဖို့ရာ သူ ဝတ်ဆံကို ရည်းစားစကား ပြောခဲ့လေသော Mr. Jones' Orphanage ဆိုင်မှာ ချိန်းလိုက်သည်။

www.burmeseclassic.com



သူရောက်လာလျှင် သူကလည်း ~~ဒါမှာ ဘာသဘော~~ ဆိုတာကို သိသည့်ဟန် တူလေသည်။ ဝတ်ဆံကို နူးညံ့စွာပြုံးပြရင်း...

"အားလုံး အဆင်ပြေရဲ့လား ဝတ်ဆံ"

"အင်း... ပြေတယ်၊ ကျေးဇူးတင်စကား ပြောချင်လို့ ဒီကို ချိန်းလိုက်တာ"

"ကိုယ့်ကို တကူးတက ကျေးဇူးတင်ဖို့ မလိုပါဘူး ဝတ်ဆံရယ်။ ကိုယ် ဝတ်ဆံတို့ မိသားစုလေးအတွက် အနည်းငယ် ကူညီခွင့်ရတာလေးကိုပဲ ကိုယ်က ပီတိဖြစ်နေတာ"

အဲဒါ တမင်အိုက်တင်တွေ လုပ်နေကာ အိုဗာကင်းမှန်း ဝတ်ဆံ သိတာပေါ့။ ဝတ်ဆံက သူ့အိုဗာတင်းမှန်း သိနေတာကြောင့် တမင်တကာကို ကလိပေးလိုက်သည်။

"ဒယ်ဒီတို့ မာမီတို့ကလည်း ကျေးဇူးတင်နေကြတာ။ အဲဒါကြောင့် ဝတ်ဆံပွဲကျရင် အစ်ကိုတို့ကို VVIP အဖြစ်ကို ဖိတ်ရမှာ"

"ဝတ်ဆံပွဲ... ဘာ... ဘာပွဲလဲဟင်"





ကျေနပ်ပြီ။ သူ့ပုံစံမှာ တကယ်ကြီးကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားဟန်မို့ ဝတ်ဆံက သဘောတကျဖြစ်ရကာ ရယ်လိုက်လျှင်တော့ သူက ဝတ်ဆံကိုကြည့်ကာ...

"ဘာလဲ... ကိုယ့်ကို စနေတာလား။ မနောက်ပါနဲ့ကွာ။ အရင်လို ကျီစားဒဏ် မခံနိုင်တော့ဘူး။ ဝတ်ဆံ... အခု ကိုယ် ဝတ်ဆံကို စကားတစ်ခွန်း ပြောချင်နေတယ်။ အဲဒါ ကိုယ် ဟိုတစ်ခါလို အထိုးခံရနိုင်လားဟင်"

သူ့မေးခွန်းက တကယ်ပဲ ဝတ်ဆံအတွက် ရင်ခုန်စရာ အမှတ်တရကို ပြန်လည်ပေးကာ စိတ်လှုပ်ရှားမှုကို ဖြစ်စေသည်။ သူက ဘာပဲဖြစ်ဖြစ် ဝတ်ဆံရဲ့ crush ဖြစ်သည်။ ဒီချိန်မှာ သူလည်း ဝတ်ဆံကို ချစ်နေတယ်ဆိုတာ အထူးတလည် ရှင်းပြနေစရာ မလိုအောင် ဝတ်ဆံတို့မိသားစုအပေါ်ထားတဲ့ သူ့စေတနာကို မြင်ခဲ့ရပြီး ဖြစ်သည်။ အရမ်းကို နှလုံးသားချင်းနီးကပ်နေသော အနေအထားအတွက် ဝတ်ဆံက သူ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်ရင်းက...

"ဝတ်ဆံဘက်မှာတော့ ဘာမှ အရှုပ်ရှင်း မရှိတော့ဘူးလေ"

"ကိုယ့်ဘက်မှာလည်း ဘာမှမရှိပါဘူး၊ အဲဒါဆို ပြောလို့ရပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ဦး"

"ဘာဖြစ်လို့လဲ"

"တချို့စကားလုံးတွေက ပြောဖို့မလိုဘူး။ အလိုလို နားလည်တယ်"

ဝတ်ဆံကို ကြွေလေသော အကြည့်တို့ဖြင့် ဝမ်းသာပျော်ရွှင်စွာ ကြည့်ကာ သူက အရမ်းကို စိတ်လှုပ်ရှားနေသော ပျော်ရွှင်မှုတို့နှင့်အတူ စားပွဲပေါ်တင်ထားသော ဝတ်ဆံရဲ့လက်ချောင်းလေးတွေကို ခပ်ဖွဖွ လာထိတွေ့လေသည်။

"ကိုယ်ကော အဲလို နားလည်လို့ ရလားဟင်"

ဝတ်ဆံက အင်းဆိုတဲ့ အဖြေအတွက် အပြုံးတစ်ခုသာ ပေးလိုက်သည်။ သူက ဝတ်ဆံအတွက် crush ဖြစ်သည်။ အဲဒီလိုပဲ အမြဲတမ်းပဲ သူ့ကို နှစ်သက်နေမယ်လို့ ယုံကြည်စွာဖြင့် ရိုးရှင်းစွာ လက်ခံလိုက်လေသည်။ မာမီတို့နှင့်လည်း အဆင်ပြေနေသောသူ ဖြစ်တာကြောင့် ဝတ်ဆံရဲ့အနာဂတ်ဟာ အထူးပြောဖို့ လိုမယ် မထင်ပါ။

✣ ✣ ✣







တစ်ယောက်ယောက်မှာ
အားနည်းချက်ရှိမယ်။
တစ်ယောက်ယောက်မှာ
အားသာချက်ရှိမယ်။
အားနည်းရင် လက်တွဲပြီး
အားသာရင်
အတူတူ ချီးကျူးပျော်ရွှင်နိုင်တာဆိုလို့
မိသားစုသာ ရှိလိမ့်မယ်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

"ဟေ့... အမကြီးရေ... မပြီးသေးဘူးလားဟေ့"

"လာပြီ... လာပြီ.... ဒီမှာ ထမင်းချိုင့်တွေ ထည့်နေလို့၊ သမီးရေ... အအေးဘူးတွေ ကားပေါ်တင်ပြီးပြီလား"

"မာမီသမီး သွားတင်ရင် ကြာနေဦးမယ်၊ အဲဒါကြောင့် သားကိုယ်တိုင် တင်ထားပါတယ်"

"အမယ်လေး လိမ္မာလိုက်တာ၊ တော်တယ်... တော်တယ်"

အထက်ဖော်ပြပါ မိသားစု စိတ်ချမ်းမြေ့ဖွယ် picnic ထွက်ဖို့အတွက် စီစဉ်ကာ ပြောနေ ဆိုနေသံများက ဝတ်ဆံတို့ အိမ်က အသံတွေပဲဖြစ်သည်။ အခုတော့လည်း ရင်ဘတ်ထဲက အပူလုံးတွေ သံသယတွေ ရှင်းထုတ်ပြီးသွားသောအခါ အရာရာတိုင်းဟာ သာသာယာယာ ဖြစ်လျက် ပျော်ရွှင်ဖွယ်ရာ ကောင်း





လွန်းလှပေသည်။ တစ်ယောက်ကိုတစ်ယောက် စိတ်ထဲ သံသယ ရှိရင် မကျေလည်တာရှိရင် ရင်ထဲမမြိုထားဘဲ ချက်ချင်းဖွင့်မေးကြဖို့ စည်းတစ်ခု ထားထားကာ ရှေ့ဆက်၍ ပျော်စရာ အခြေအနေတွေသာ ဖန်တီးကြတော့မည် ဖြစ်သည်။

ဒီနေ့ကတော့ အားလုံးအနားရတဲ့ ရုပါဆန်းဒေးဖြစ်တာမို့ မိသားစုစုံညီ ပျော်ပွဲစားထွက်ခဲ့ကြတာပဲဖြစ်၏။ တစ်နေကုန် စားလိုက်ကြ၊ ရှေးဟောင်းနှောင်းဖြစ် အကြောင်းတွေ ပြောရင်း ရယ်မောနေကြတဲ့ လူကြီးတွေကတစ်တွဲ၊ ဝတ်ဆံတို့က တစ်တွဲဖြင့် ပျော်စရာကြီးပဲ ဖြစ်သည်။ ဝတ်ဆံတို့ကလည်း မကြာခင်မှာ လက်ထပ်တော့မှာ ဖြစ်တာကြောင့် ကိုယ့်အလှည့်ကျရင် ကိုယ်တည်ဆောက်မယ့် အိမ်ထောင်ရေးအတွက် မာမီနှင့် ဒယ်ဒီတို့ စံနမူနာ ယူထားသည်။ ပြီးတော့ ဝတ်ဆံ အသက်ကြီးလာတဲ့ တစ်နေ့ကျရင် ဝတ်ဆံက မာမီ့လိုပဲ လန်းအောင်နေကာ အချစ်တွေကို ဆက်လက်ထိန်းသိမ်းထားမည်။

အခုဆို မာမီက ကိုကိုနှင့်ဆုံကာ ပြောင်းလဲပြင်ဆင်မှုများကြောင့် အရင်တုန်းကနှင့် မတူခြားနားစွာ ပိုနုပိုလှကာ လန်းဆန်းနေတုန်းပဲ ဖြစ်သည်။ အဲဒီလို ပြောင်းလဲခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးရလဒ်က ဘာလဲဆိုတော့ အများနဲ့ ရင်ဘောင်တန်းနိုင်ကာ မိန်းမတစ်ယောက်ဆိုတာ ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီးသွားတာနှင့် ခင်ပွန်းသည်အတွက် သားသမီးအတွက် ဖြည့်ဆည်းပေးဆပ်ရင်း မီးဖိုခန်းထဲက အဖိုးတန်ရတနာအဖြစ် အချိန်တွေ မကုန်ဆုံးစေဘဲ ခေတ်မီမီနှင့် လန်းဆန်းကာ အိမ်အတွက် တန်ဖိုးတင့်သော ရတနာအဖြစ် ရပ်တည်နေနိုင်တာဟာ ဒီဘက်ခေတ်နှင့် အကိုက်ညီဆုံးပဲ ဖြစ်၏။

"ဘာတွေ တွေးနေတာလဲ ဝတ်ဆံရဲ့"

ဝတ်ဆံ ပခုံးကို ခပ်ဖွဖွဖက်ကာ မေးလေသော ကို့အသံကြားမှ ဝတ်ဆံက အတွေးတွေကနေ ပြန်လည်နိုးကြားလာကာ မေးလေသော မေးခွန်းအတွက် ပြန်ဖြေပေးလိုက်လေသည်။

"မာမီ့အကြောင်း တွေးနေတာလေ"

"အမယ်... မာမီ့အကြောင်း၊ သမီးက ဘာတွေများ တွေးနေတာတုံး"

မာမီက ဝတ်ဆံဖြေသော အဖြေကို ကြားတာကြောင့် ဘာတွေ တွေးနေလဲ၊ လှမ်းမေးလျှင် ဝတ်ဆံက ပျော်ရွှင်နေသော မိသားစု ဘဝလေးအတွက် ကြည်နူးစရာကောင်းသော အဖြေကို အားလုံး ကြားအောင် ပြောလိုက်လေသည်။





"ဩော်... မာမီတို့လို မိခင်အရွယ် အမျိုးသမီးကြီးတွေ လှပြီဆိုရင် အငယ်လေးတွေ ဘယ်လိုမှ လိုက်မမီဘူးဆိုတာ တွေးနေတာပါ။ အကြီးတွေဆိုတာ လှပမှုမှာကော၊ ရင့်ကျက်မှုကော နောက်ပြီးတော့ မိသားစုတစ်စုအတွက် အရေးအကြီးဆုံးဖြစ်တဲ့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာတွေကို ပေးနိုင်တယ်။ အဲဒါကြောင့် အိမ်ထောင်ရှင် အမျိုးသမီးကြီးတွေက အရမ်းလေးစားဖို့ ကောင်းတဲ့အကြောင်းတွေးနေတာ"

"အမယ်လေး... ငါ့သမီးကတော့ သူ့မာမီကို ကတ်မြှောက်နေပြန်ပါပြီဟော့။ သမီးပြောမှပဲ ဒယ်ဒီမိန်းမ အဘွားကြီးရဲ့တန်ဖိုးကို သဘောပေါက်တော့တယ်"

"အမယ်... ဘာကို အဘွားကြီးလဲ၊ အဆင်ကိုလည်း ကြည့်ကြည့်လိုက်ပါဦး"

"ဟား ဟား... ဟုတ်ပါတယ်ဗျာ၊ လှဆဲ လှမြဲပါပဲ"

အားလုံး ပျော်ရွှင်သဘောကျစွာ ရယ်မောကြကာ ဘဝကြီးက နေထိုင်တယ်ဆို တကယ်ပဲ ကြည်နူးကျေနပ်ဖွယ်ကောင်းလေသည်။ အသက်အရွယ်ဆိုတာမျိုးက အချိန်တိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးကာ ကြီးလာတာမို့ ကိုယ် အသက်ကြီးလာတဲ့ အချိန်ကာလတိုင်းအတွက် ပျော်ရွှင်စရာ၊ စိတ်ချမ်းသာစရာတွေကို ကိုယ်ကိုယ်တိုင်ပဲ ပျော်ရွှင်တတ်စေဖို့ ဖန်တီးဖို့သာ အဓိကပဲဖြစ်တယ်ဆိုတာ ကောင်းကောင်း သဘောပေါက်တတ်လာခဲ့ပြီး နောက်တွင်တော့ အားလုံးဟာ ပျော်ရွှင်ဖွယ်ရာ နေ့ရက်များအဖြစ် ဆက်လက် ဖန်တီးသွားဖို့ပဲ ရှိတော့သည်။

ကျေးဇူးတင်စွာဖြင့်



မယ်မင်းဘုံ

30.4.2916. (THU)

12;08 AM

www.burmeseclassic.com